# ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ(၃) အမှတ်(၄) ဒီဇင်ဘာ ၂၀၂၀








"၇-၇-၆၂ ကို မမေ့ကြနဲ့"



၇-၇-၆၃
ရင်ပြင်နီစခန်း
အရေးတော်ပုံကျောက်တိုင် အလေးပြုပွဲ



၇-၇-၆၂ ကျောင်းသားများ ဆန္ဒပြနေစဉ်



သမဂ္ဂအဆောက်အအုံ



# ဗမာပြည် ငြိမ်းချမ်းရေး နီးပြီလား

**မောင်မိုးဦး**

ဗမာပြည်မှာ ဒီမိုကရေစီရေးကိစ္စကိုပြောရင် တန်းတူရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကိစ္စ၊ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကိစ္စဟာ တွဲဆက်ပါလာပါတယ်။ ဒီကိစ္စ ၃ ခုဟာ တပေါင်းတည်းဖြစ်သလို တခုချင်းကိစ္စတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် တခုချင်းကိစ္စကို ကိုင်တွယ်တာနဲ့တပြိုင်တည်းမှာ တပေါင်းတည်း အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရပါမယ်။ ဒါမှ တပေါင်းတည်းအခြေအနေကိစ္စကို ကိုင်တွယ်တဲ့အခါမှာ တခုချင်းကိစ္စတွေနဲ့ သဟာဇာတဖြစ်ပြီး အောင်မြင်ချောမောတဲ့ အခြေအနေကို ရရှိမှာဖြစ်ပါတယ်။

ဗမာပြည်ပြည်တွင်းစစ်ဟာ ရှည်ကြာခဲ့သလောက် ပြည်တွင်းစစ်ရပ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကြိုးပမ်းမှု၊ လိုလားတောင့်တမှုဟာလည်း ရှည်ကြာခဲ့ပြီးဖြစ်ပါတယ်။ ပြည်တွင်းစစ်စတင်ဖြစ်ပွားတာနဲ့ တချိန်တည်းမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူမနာကိုယ်မနာ ငြိမ်းချမ်းရေးကို လုပ်ဖို့တောင်းဆို ကမ်းလှမ်းခဲ့တယ်။ ဆရာကြီးဆိုလိုတာက နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲကြပြီး တန်းတူရည်တူ ညှိနှိုင်းဆွေးနွေးကာ ပြဿနာအရပ်ရပ်ကို ဒီမိုကရေစီနည်းကျကျ ဖြေရှင်းကြဖို့ဖြစ်ပါတယ်။ အဲဒီလို (ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး) ဆိုတဲ့ နိုင်ငံရေးပြဿနာတခုချင်းကို အဆင်ပြေအောင် ကိုင်တွယ်ပြီး တပေါင်းတည်းဖြေရှင်းနိုင်တဲ့ အခြေအနေဖြစ်အောင် ဖန်တီးကြမယ်ဆိုရင် ဗမာပြည်ငြိမ်းချမ်းပြီး ဒီမိုကရေစီ ထွန်းကားတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ စည်းလုံးညီညွတ်တဲ့နိုင်ငံ ဖြစ်တာကြာလောက်ပါပြီ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာကိုယ်မနာ ငြိမ်းချမ်းရေးမူကို တော်လှန်ရေး လက်နက်ကိုင်အင်အားစုတွေက လက်ခံကြတယ်။ အာဏာရအစိုးရ အဆက်ဆက်က ငြင်းပယ်တယ်။ ငြင်းပယ်တဲ့ တကယ့်အကြောင်းရင်းက နယ်ချဲ့သြဇာကို မလွန်ဆန်နိုင်တာ အာဏာလက်မလွှတ်နိုင်တာ ဖြစ်ပါတယ်။ ဒါနဲ့ပဲ ဗမာပြည်ပြည်တွင်းစစ်ဟာ ဒီလောက် ရေရှည်လာတာဖြစ်တယ်။ အမျိုးသားပြိုကွဲမှုဟာ နက်ရှိုင်းသည်ထက် နက်ရှိုင်းသွားတယ်။ စစ်အာဏာရှင်စ

နှစ် ထွန်းကားပြီး ဗမာပြည်ဟာ အဆင်းရဲအမွဲတေဆုံးနိုင်ငံ၊ အမျိုးသားဂုဏ်သိက္ခာ ကျဆင်းနေတဲ့နိုင်ငံ၊ ကျရှုံးနိုင်ငံဖြစ်မယ့်အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့နိုင်ငံ ဖြစ်နေပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာကိုယ်မနာ ငြိမ်းချမ်းရေးမူကို အုပ်စိုးသူဖဆပလအစိုးရက ငြင်းပယ်ပြီးနောက်မှာ တော်လှန်ရေးအင်အားစုတွေကို သောင်းကျန်းသူတွေ ရောင်စုံသူပုန်တွေ ဆိုပြီးသတ်မှတ်တယ်။ ကိုလိုနီခေတ်မတရားသင်းဥပဒေတွေနဲ့ မတရားသင်းတွေအဖြစ် ကြေညာတယ်။ အပြုတ်ချေမှုန်းပစ်ရေးပေါ်လစီ ချမှတ်ကျင့်သုံးတယ်။ လက်နက်ချရင် (အညှံ့ခံရင်၊ အလင်းဝင်ရင်၊ လက်နက်နဲ့ဒီမိုကရေစီလဲရင်၊ ဥပဒေဘောင်ထဲဝင်ရင်၊ ပြည်သူ့စစ် Boarder guard လုပ်ရင်... ) လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုတဲ့ ပေါ်လစီချမှတ်တယ်။ နယ်ချဲ့နိုင်ငံကြီးတွေအလိုကျ ကွန်မြူနစ်ဆန့်ကျင်ရေး အစွမ်းကုန်လုပ်တယ်။

တော်လှန်ရေးအင်အားစုတွေဘက်ကလည်း လိုလိုလားလားနဲ့ လက်နက်ချသူရှိသလို မတတ်သာဘဲ လက်နက်ချသူတွေ ပေါ်ပေါက်လာတယ်။

ဒီလိုနဲ့ ပြည်တွင်းစစ်တလျှောက် လက်နက်ကိုင်အဖွဲ့အစည်းတချို့ ပျောက်သွားလိုက် နောက်တော့ ပြန်ပေါ်လာလိုက်နဲ့ ဖြစ်နေတယ်။ အဲဒါဟာ ကနေ့အထိဖြစ်နေတယ်။ အုပ်စိုးသူဘက်ကလည်း ကွဲလိုက်ပြဲလိုက်ဖြစ်ပြီးနောက် စစ်အုပ်စုဖွဲ့တည်လာကာ ဝန်ကြီးချုပ်ဦးနုရဲ့ ပထစအစိုးရကို ဗိုလ်နေဝင်းစစ်အုပ်စုက ဖြုတ်ချအာဏာသိမ်းခဲ့တယ်။ စစ်အာဏာရှင်စနစ်ကို ထူထောင်တယ်။ စစ်ဗျူရိုကရေစီယန္တရား ကြီးထွားလာတယ်။ စစ်အုပ်စုမင်းဆက်တိုင်းဟာ ပြည်တွင်းစစ်ကို အပြုတ်ချေမှုန်းရေးပေါ်လစီပဲ ဆက်လက်ကျင့်သုံးပြီး ဖက်ဆစ်နဲ့ကိုလိုနီနယ်ချဲ့သမား ကျင့်သုံးခဲ့တဲ့ ပြည်သူဆန့်ကျင်ရေး ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင်တာကနေ့အထိပဲ။

၁၉၆၃ ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အုပ်စုက ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ ဖြစ်တယ်ဆိုရုံလောက်ပဲလုပ်ပြီး တဖက်သတ် ဖျက်သိမ်းပစ်ခဲ့တယ်။ ဆရာမသေခင် ငြိမ်းချမ်းရေးရတာ တွေ့သွားချင်တယ်ဆိုတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်း တိုင်းပြည်အခြေအနေတော့ ရှေ့မှာပိုဆိုးတော့မှာပဲလို့ ညည်းညူရှာတယ်။ တကယ်လည်း တိုင်းပြည်အခြေအနေဟာ ဆိုးဆိုးရွားရွား ဆုတ်ယုတ်ကျဆင်းသွားတယ်။

စစ်အုပ်စုအစဉ်အဆက်ဟာ နိုင်ငံတော်အာဏာနဲ့ တိုင်းပြည်ဘဏ္ဍာကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ပြီး စစ်ဗျူရိုကရေစီ ယန္တရားကြီးနဲ့ တိုင်းပြည်အုပ်ချုပ်ခဲ့တာ ကနေ့အထိပဲ။ စစ်အုပ်စုက စစ်အာဏာသိမ်းမှုကို တရားဝင်ဖို့အတွက် မဆလပါတီထောင်တယ်၊ ၇၄ အခြေခံဥပဒေ ဖွတ်ရေးဆွဲအတည်ပြုပြီး မဆလပါတီ၊ ကောင်စီ၊လွှတ်တော်၊ အစိုးရ ထူထောင်တယ်။ တိုင်းပြည်မှာ နိုင်ငံရေးစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှာ ဆုတ်ယုတ် ပျက်ပြားလာတယ်။ မှောင်ခိုဈေးကွက်နဲ့စစ်ဗျူရိုကရေစီလူတန်းစား ကြီးထွားလာတယ်။ တပါတီစစ်အာဏာအောက်မှာ ၆၂ ခု ၇ ဇူလိုင်မှစလို့- ၆၇ဆန်ပြဿနာ၊ ၆၉၊ ၇၀၊ ၇၄-၇၅-၇၆ လူထုတိုက်ပွဲများ အလယ် - ၁၉၈၈ ခုနှစ်ရောက်တဲ့အခါ ရှစ်လေးလုံးလူထုအုံကြွမှု ဒီမိုကရေစီအရေးတော်ပုံကြီး ပေါက်ကွဲတော့တာပဲ။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကို စစ်အုပ်စုက အကြမ်းဖက်နှိမ်နင်းပြီးနောက် မဆလပါတီကို ဘေးချိတ်လိုက်ကာ နဝတ-နအဖစစ်အစိုးရကို ပုံဖော်တယ်။ နဝတ-နအဖစစ်အစိုးရက လက်နက်ကိုင်တပ်ဖွဲ့အချို့နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီး ငြိမ်းချမ်းရေးနဲ့ဒေသဖွံ့ဖြိုးရေး လုပ်တယ်လို့ ဆိုတယ်။ စစ်အုပ်စုရဲ့ ရည်ရွယ်ချက်က လက်နက်ကိုင်တပ်ဖွဲ့တချို့နဲ့ အပစ်အခတ်ရပ်စဲထားပြီး ဦးတည်ရန်သူလက်နက်ကိုင်အဖွဲ့အစည်းကို အပြုတ်ရှင်းပစ်ဖို့ပါပဲ။ လက်တွေ့မှာ အပစ်အခတ်ရပ်စဲတဲ့ အဖွဲ့အစည်းတွေနဲ့ ဘာနိုင်ငံရေးစကားမှ အပြောမခံဘဲ ဥပဒေပ/တရားမဝင် စီးပွားရေးလုပ်ငန်းတွေထဲ နှံနှစ်အောင်လုပ်ပြီး အချင်းချင်းသွေးကွဲအောင် ဖန်တီးလိုက်တာဖြစ်တယ်။ ဦးတည်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တယ်။

မှောင်ခိုဈေးကွက်ကြီးဖြစ်တဲ့၊ နည်းလမ်းတကျမဟုတ်တဲ့ Informal စီးပွားရေးများဟာ ပြောင်ပေါ်လာသလို စစ်အုပ်စုနဲ့အမြီးစားဖက်ခေါင်းစားဖက် စီးပွားရေးသမား(ခရိုနီ)တွေလည်း သောင်းကျန်းလာတော့တယ်။ ဗမာပြည်ဟာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ (LDC) ဘဝက မလွတ်ကျွတ်နိုင်ဖြစ်သွားတယ်။

ဗမာပြည်ဟာ မငြိမ်းချမ်းပါ။ နဝတ-နအဖအစိုးရလက်ထက်မှာ ပြည်ပနိုင်ငံတွေထွက် အလုပ်ကြမ်းမျိုးစုံ လုပ်ရတဲ့လူတွေ၊ အိမ်နီးချင်းနိုင်ငံတွေရှိ ဒုက္ခသည်စခန်းတွေမှာ ခိုလှုံရသူတွေ၊ ပြည်တွင်းမှာပဲ စစ်ဘေးဒုက္ခသည်တွေ ဖြစ်သွားတဲ့သူတွေ၊ ပြည်တွင်းမှာပဲ မိသားစုလိုက် နေရပ်စွန့်ခွာ ကြုံရာကျပန်းအလုပ်လုပ်ရသူတွေ၊ ကလေးအလုပ်သမားတွေ စသည်ဖြင့် အမြောက်အမြား ထွက်ပေါ်လာတယ်။ လူမှောင်ခိုကူးတဲ့ ဒုစရိုက်မှုတွေလည်း ကြီးထွားလာတယ်။

၂၀၀၈ အခြေခံဥပဒေ အတည်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာတော့ (ဗိုလ်ချုပ်ကြီးတဖြစ်လဲ) ဦးသိန်းစိန်ကြံ့ဖွံ့အစိုးရ တက်လာတယ်။ ၂၀၀၈ အခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ်ကို ထိန်းသိမ်းကာကွယ်ထားတဲ့ ဥပဒေဖြစ်တော့ သူ့ကိုယ်သူ ဒီမိုကရေစီအစိုးရလို့ မပြောရဲပါဘူး။ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို (အမျိုးသားနိုင်ငံရေးမှာ တပ်မတော်ရဲ့ ဦးဆောင်မှုအောက်က) ဖော်ဆောင်မယ်လို့ပဲ ပြောပါတယ်။ အရင်စစ်အစိုးရတွေလိုပဲ လက်နက်ကိုင်အင်အားစုတချို့နဲ့ အပစ်အခတ်ရပ်စဲပြီး လက်နက်ကိုင်အဖွဲ့အချို့ကို ဦးတည်တိုက်တဲ့ပေါ်လစီပဲ ခန့်ခွဲပါ တယ်။ လက်နက်ကိုင်အဖွဲ့အချို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ပြီး NCA စာချုပ်ချုပ်တဲ့အထိ ဖြစ်လာပါတယ်။ ဒါပေမဲ့ ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကာချုပ်မူ(၆)ချက်ကြောင့် အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အချို့ လက်မှတ် ထိုးဖို့ငြင်းဆိုပါတယ်။ တချို့အပစ်ရပ်လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လက်နက်ကိုင်တိုက်ပွဲ ပြန်ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ ငြိမ်းချမ်းရေး လုပ်တယ်ဆိုတဲ့ ရည်ရွယ်ချက်က လက်နက်ကိုင်အဖွဲ့အစည်းတွေ တနည်းနည်းနဲ့ လုံးပါးပါးပြီး ပျက်စီးသွားဖို့ ချေမှုန်းပစ်ဖို့နဲ့ စစ်အာဏာရှင်စနစ် တည်မြဲဖို့ပဲဖြစ်တယ်ဆိုတာ ရှင်းပါတယ်။

၂၀၁၅ ရွေးကောက်ပွဲအပြီးမှာတော့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့ ဒီချုပ်အစိုးရ တက်လာပါတယ်။ ၂၀၀၈ အခြေခံဥပဒေအရ တက်လာတဲ့အစိုးရဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဒီမိုကရေစီအစိုးရလို့ မကြေညာရဲပါဘူး။ ဒီမိုကရေစီအတွက် အပြောင်းအလဲလုပ်ပါမယ်လို့ ပြောပါတယ်။ ငြိမ်းချမ်းရေးကိစ္စမှာ သမ္မတဦး(ဗိုလ်) သိန်းစိန်အစိုးရ လုပ်ခဲ့တဲ့ အဆက်ကိုပဲ ကိုင်တွယ်လိုက်တယ်။ ကာချုပ်မူ(၆) ချက်အရ လှုပ်ရှားရတယ်။ ၂၁ ရာစုပင်လုံညီလာခံဆိုတာတွေ ဆက်ကျင်းပဖို့တောင် မနည်းတာစူနေရပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ချိုသာယဉ်ကျေး ပညာပေး စကားလုံးတွေနဲ့ ရုပ်ပြကောင်းအောင် မနည်းကြိုးစားပမ်းစား ကျင်းပနေရပါတယ်။ ငြိမ်းချမ်းရေးအတွက် လွန်ထိုးလှုပ်ရှားနေရတဲ့လူတွေလည်း မအားရ၊ မနားရပါ။ အဆင့်ဆင့်လည်း လုံးပန်းကြပါတယ်။ အခုတော့ ငြိမ်းချမ်းရေး လုပ်ငန်းကို ၂၀၂၀ ရွေးကောက်ပွဲအပြီး နောက်တက်လာတဲ့အစိုးရလက်ကို လွှဲလိုက်တဲ့သဘောတောင် ပြောနေပါပြီ။

ဒီချုပ်အစိုးရဟာ စစ်အုပ်စုရဲ့ ပြည်တွင်းစစ်အပေါ် ထားတဲ့သဘောထားကိုမလွန်ဆန်နိုင်ပါဘူး။ ဒါကြောင့် မတရားအသင်းဥပဒေတွေလည်း မဖျက်သိမ်းနိုင်ခဲ့ပါ။ တပြည်လုံး ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲပြီး အားလုံးပါဝင်တဲ့ စေ့စပ်ဆွေးနွေးပွဲမျိုးလည်း မလုပ်နိုင်ခဲ့ပါ။ တဦးကိုတဦး မယုံမကြည်နဲ့ သတိကြီးကြီးထားတဲ့ သဘောတူညီချက်မျိုးကို အင်အားစုအချို့နဲ့ လက်မှတ်ထိုးတာပဲ လုပ်ဆောင်နိုင်ပါတယ်။ ပိုဆိုးတာက တော်လှန်ရေးလက်နက်ကိုင်အဖွဲ့ အစည်းအချို့ကို အကြမ်းဖက်အဖွဲ့အစည်းလို့ သတ်မှတ်လိုက်တာ မတရားသင်းအဖြစ်ကြေညာတာဟာ အပြုတ်တိုက်ဖို့ လုံးပန်းတာပါပဲ။ ဒါက နိုင်ငံရေးအဖွဲ့အစည်းတရပ်ကို ချိုးနှိမ်ပစ်ချင်တာဖြစ်တယ်။

ဗမာပြည်မှာ ထူးခြားချက်က အုပ်စိုးသူအစိုးရအဆက်ဆက်ဟာ လက်နက်မကိုင်တဲ့ နိုင်ငံရေးအဖွဲ့အစည်းကို မလေးစားတာနဲ့ လက်နက်ကိုင်တဲ့ နိုင်ငံရေးအဖွဲ့အစည်းကို ရွံ့ကြောက်ကြီး ဖြစ်နေတာပါပဲ။ အစိုးရအာဏာကို ချုပ်ကိုင်ထားသူတွေအနေနဲ့ တိုင်းရင်းသားနိုင်ငံရေးအင်အားစုအသီးသီးမှာ သဘာဝကျတဲ့လိုအင်ဆန္ဒတွေ၊ တင်ပြတောင်းဆိုတာတွေ ရှိနေပါလားလို့ နားလည်လက်ခံကာ ပြေလည်စွာဖြေရှင်းလိုစိတ်နဲ့ တန်းတူရည်တူသဘောထားနဲ့ မဆွေးနွေးနိုင်မချင်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဘယ်တော့မှ အောင်မြင်ပြီးမြောက်မှာမဟုတ်ပါကြောင်း။ ။

# ရှေ့က အစိုးရတွေလိုပဲ
# ငြိမ်းချမ်းရေးလုပ်ရာမှာ
# ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းနေတဲ့
# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



ရဲဘော်ငွေလှိုင်း

ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းတယ်ဆိုတာ ဗမာအသုံးအနှုန်းအရ ပြောရမယ်ဆိုရင်တော့ ပြောင်လိမ်တယ်လို့ပဲ ပြောရပါလိမ့်မယ်။

(၄) ကြိမ်မြောက် ပင်လုံအစည်းအဝေးမှာ ငြိမ်းချမ်းရေးမရတာဟာ ဆွေးနွေးဘက် လူမျိုးစုလက်နက်ကိုင်အင်အားစုတွေက မရိုးသားလို့ဆိုပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အတိတ်က ဆွေးနွေးပွဲပျက်ခဲ့တာကို ကိုးကားပြီး ဗိုလ်မင်းအောင်လှိုင်က ဒီစကားလုံးသုံးပြီး တိုက်ခိုက်ပြောဆိုခဲ့ပါတယ်။

ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ်လာခဲ့တဲ့ ခရီးစဉ်တလျှောက်၊ဗမာပြည်ကွန်မြူနစ်ပါတီနဲ့စဖြစ်ခဲ့တဲ့ပြည်တွင်းစစ်နဲ့ (သမိုင်းမှာ ပြုလုပ်ပြီးခဲ့တဲ့) ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ခဲ့တာတွေကိုကြည့်ရင် အဆုံးအဖြတ်ကျတဲ့ ကိစ္စတိုင်း

မှာ အုပ်စိုးသူအာဏာရ ဖဆပလ၊ မဆလ၊ နဝတ၊ နအဖနဲ့ ဒီနေ့ စစ်အာဏာရှင်လက်အောက်က အရပ်သားအစိုးရခေတ်အထိ အစိုးရတိုင်းဟာ မဟုတ်မမှန်ပြောဆိုရပ်တည်ခဲ့တာချည်းပဲဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။ ကြည့်ပါ။

ဖဆပလခေတ် ၁၉၄၈ က တကယ်မရှိခဲ့တဲ့ ဂိုရှယ်စစ်တမ်းဆိုတာကို ဖန်တီးပြီး ပုန်ကန်ဖို့လုပ်နေပြီလို့ပြောင်လိမ်စွပ်စွဲကာ ဗမာပြည်ကွန်မြူနစ်ပါတီကို အကြမ်းဖက်တိုက်ခိုက်ချေမှုန်းပြီး ပြည်တွင်းစစ်မီးကို မွေးခဲ့တယ်။ တိုင်းရင်းသားများက ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ပြည်ထောင်စုပုံစံဖြစ်ဖို့ ကြိုးစားကြတာကို ၁၉၆၂ မှာ ဗိုလ်နေဝင်းက တိုင်းပြည် ပြိုကွဲအောင်လုပ်နေပြီလို့ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြောကာ အာဏာသိမ်းခဲ့တယ်။

၁၉၆၃ မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲခေါ်ပြီး နိုင်ငံရေးပြဿနာများ ဆွေးနွေးဖြေရှင်းတာမလုပ်ဘဲ ပါတီနဲ့ တပ်အားလုံး အစိုးရက ဆုံးဖြတ်သတ်မှတ်ပေးထားတဲ့နေရာမှာ စုထားပြီး သူတို့သဘောမတူဘဲ ဂွင်(ခွင်) ထဲက မထွက်ရ၊ ပါတီက စည်းရုံးရေး၊ ဘဏ္ဍာရေး ကောက်ခံမှုများ မလုပ်ရလို့ တောင်းဆိုခဲ့တယ်။ ဒါဟာ ငြိမ်းချမ်းရေးဆွေးနွေးရေးလို့ဆိုပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ဝိုင်းဝန်းချေမှုန်းဖို့ ကြိုးစားမှု၊ အကျင့်ယုတ်မှုပဲ မဟုတ်ပါလား။

၁၉၈၀-၈၁ မှာ ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူလူထုအကျိုးကို ထောက်ထားပြီး ပြည်တွင်းစစ်ကို ရပ်စဲကာ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန် တင်ပြခဲ့ပြီး မိမိတို့ရဲ့ ပါတီ၊ တပ်၊ ဒေသများနဲ့ ပတ်သက်တဲ့ နစ်ဖက်လက်ခံနိုင်မယ့် စဉ်းစားထားချက်များကို တင်ပြခဲ့ပေမယ့် ဆွေးနွေးပွဲပြီးအောင် မပြုလုပ်ဘဲ မဆလအစိုးရက တဖက်သတ် ဖျက်ပစ်ခဲ့တယ်။ ဒါကကော ငြိမ်းချမ်းရေးလိုလားတယ်ဆိုတဲ့ မျက်နှာဖုံးစွပ်ပြီး အတုအယောင်လုပ်ပြတဲ့ ပြောင်လိမ်ညာမှုတရပ်ပဲ မဟုတ်ပါလား။

၁၉၈၉ မှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ လူမျိုးစုတပ်တွေ ပုန်ကန်ခွဲထွက်တော့ အာဏာရ နဝတအစိုးရက ချက်ချင်း အပစ်အခတ်ရပ်စဲရေးလုပ်ပါတယ်၊ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းတာ မလုပ်ဘဲ ငြိမ်းချမ်းရေးစကားတွေ ပြောပြီး စီးပွားရေးလုပ်ခွင့်တွေပေးကာ ဒေသဖွံ့ဖြိုးရေးတွေ လုပ်ခိုင်းခဲ့တယ်။ ဖဆပလအစိုးရခေတ်ကလို စီးပွားရေးလုပ်ခွင့်တွေနဲ့ မက်လုံးပေးသိမ်းသွင်းပြီး လက်နက်ချလာအောင် လုပ်နေတယ်လို့ ပါတီက မြင်ပါတယ်။ ဒါကြောင့် တနပ်စား ငြိမ်းချမ်းရေးမလုပ်ဘဲ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ အဆင့်ဆင့် ဆွေးနွေးဖြေရှင်းပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ဖို့ တင်ပြခဲ့ပါတယ်။ နဝတရော နအဖ အစိုးရရော မလုပ်ပါဘူး။ နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်အဖြစ်သာ အသွင်ပြောင်းခိုင်းတာကိုပဲ ငြိမ်းချမ်းရေးတည်ဆောက်နေပါတယ်- ဆိုပြီး ပြောင်လိမ်ပါတယ်။ အရပ်သားအစိုးရပေါ်လာမှ နိုင်ငံရေးအရ ဆွေးနွေးပါဆိုပြီး လျစ်လျူရှုပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံဥပဒေ အတည်ပြုပြီးနောက် (၂၀၁၀ မှာ) ဦးသိန်းစိန်အရပ်သားအစိုးရတက်လာတော့ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA ) ဆွေးနွေးပွဲတွေ စလုပ်ပါတယ်။ (၂၀၁၂) မှာ ထာဝရငြိမ်းချမ်းရေးအတွက် ဆိုပြီး အဆင့်(၃) ဆင့် ချမှတ်အကောင်အထည်ဖော်ဖို့ ဦးသိန်းစိန် မိန့်ခွန်းခြွေပါတယ်။ NCA ဆွေးနွေးပွဲတွေ လုပ်နေတဲ့ကာလ ၂၀၁၃ နိုဝင်ဘာလထဲမှာ၊ မြစ်ကြီးနားဆွေးနွေးပွဲမှာ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီး ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း က ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်ရဲ့ သဘောထားဆိုတဲ့ အချက် (၆) ချက်ကို ထုတ်ပြန်ပါတယ်။ အခု အားလုံးက ကာချုပ်မူ(၆) ချက်လို့ ပြောဆိုကြတဲ့ မူများပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရဖို့ ဖြေရှင်းရမယ့် နိုင်ငံရေး ပြဿနာဖြစ်တဲ့ ဒီမိုကရေစီရေး၊အမျိုးသားတန်းတူရေးများ နဲ့ဘယ်လောက်ဝေးတယ်ဆိုတာတွေ့နိုင်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးရရန် ဆွေးနွေးဖို့လို့ ပြောကြပေမယ့် တကယ်ဆွေးနွေးတဲ့အခါမှာ ငါတို့လိုချင်တာ ဒီပုံစံပဲလို့ ဆိုတဲ့သဘောနဲ့ ကာချုပ်မူ(၆) ချက် တင်ခဲ့တာပဲ မဟုတ်ပါလား။ ဒီနေ့အထိ ဒီမူ (၆) ချက်နဲ့ ထိန်းထားဆဲဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ငြိမ်းချမ်းရေးစကားပြောပြီး ငါတို့လုပ်ချင်ရာ လုပ်တယ်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ပြောင်လိမ်လည်မှုပဲ မဟုတ်ပါလား။ ဒါကြောင့် ကာချုပ်မူ(၆)ချက်နဲ့ထိန်းချုပ်ခံရမှုအောက်က ရရှိမယ့် သဘောတူညီချက်ဆိုတာတွေဟာ အပေါ်ယံသာမန်အချက်များသာဖြစ်ပြီး၊ တကယ့်ပြဿနာကို မဖြေရှင်းနိုင်ပါဘူး။ ဗိုလ်မင်း

အောင်လှိုင်ဟာ ဒီလို ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတိုင်းမှာ သူတို့ စစ်အုပ်စုကိုယ်တိုင် ဆိတ်ခေါင်းချိတ်ပြီး ခွေးသား ရောင်းတာကို ပြောင်လိမ်ဖုံးကွယ်ပြီး ဗကပရဲ့ ၅၅ လမ်းစဉ်ကိုပါ လက်ညှိုးထိုး အပြစ်ရှာ ရန်လုပ်လာပါသေးတယ်။ ဒု တိယမြန်မာနိုင်ငံတော်ဆိုတာ တောင်ငူခေတ်မှန်း အင်းဝခေတ်မှန်းတောင် မသိတဲ့ ဗိုလ်မင်းအောင်လှိုင်ဟာ ဗကပရဲ့ ၅၅ လမ်းစဉ် ဆိုတာကိုလည်း ရေရေလည်လည် မသိဘဲ ရမ်းသန်းပြောဆိုတယ်ဆိုတာ သေချာပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်ရှိကာလမှာကျင့်သုံးနေတဲ့လမ်းစဉ်က ဗမာပြည်မှာ ပြည်သူလူထုတရပ်လုံး စည်းလုံးညီညွတ်ပြီး ချမ်းသာကြွယ်ဝစေမယ့် လူမှုစနစ်တရပ် ထူထောင်ရန်အတွက် (အလုပ်သမားကိုအခြေခံ လယ်သ မားနဲ့ခိုင်မြဲတဲ့မဟာမိတ်ဖွဲ့၊ ဓနရှင်ပေါက်စကိုစည်းရုံး၊ အမျိုးသားဓနရှင်ကိုကြားထား - စစ်ဥစစ်ကိုဦးတည်တိုက်) ဆိုတဲ့ လူတန်းစားပေါ်လစီ ကျင့်သုံးပြီး ပြည်သူ့ဒီမိုကရေစီအစိုးရတရပ် ထူထောင်ရေးပဲ ဖြစ်ပါတယ်။ ဒီလမ်းစဉ်ဟာ ပါတီစ တင် ထူထောင်ကတည်းက ဒီနေ့အထိ အပြောင်းအလဲမရှိပါဘူး။ အခြေအနေ အပြောင်းအလဲ အမျိုးမျိုးကြောင့် လမ်း စဉ်အကောင်အထည်ဖော်ရာမှာ လက်ဝဲ/လက်ယာ တိမ်းစောင်းခဲ့တာတွေ ပါတီရဲ့သမိုင်းတလျှောက်မှာ အတော်အ တန် ရှိခဲ့ပါတယ်။ အဲဒီအထဲက တိမ်းစောင်းသွားတာ၊ မှားယွင်းသွားတာ၊အခြေအနေနဲ့ မကိုက်ညီတော့တာ---စတဲ့ ပြန် ပြင်ဖို့လိုအပ်တာတွေကို လိုအပ်မှန်း သိတဲ့အချိန်မှာ ပြန်ပြင်ပြီး ဒီလမ်းစဉ်ဒီလမ်းကြောင်းအတိုင်းပဲ ဆက်လျှောက်ခဲ့ တာ ဒီနေ့အထိပဲ ဖြစ်ပါတယ်။ လက်တွေ့အခြေအနေအရ လူတန်းစား(၄) ရပ်ကို စုစည်းပြီး ဘုံရန်သူကို ဦးတည်တိုက် နိုင်ဖို့(နည်းပရိယာယ် လမ်းစဉ်အရ) ပါတီစုံဒီမိုကရေစီကို ကြားခံအဆင့်အဖြစ် တင်ပြထားသော်လည်း အရင်းခံအား ဖြင့် ပြည်သူ့ဒီမိုကရေစီလမ်းကြောင်းပဲ ဖြစ်ပါတယ်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဆင်နွှဲအောင်မြင်ပြီးနောက် ဥပဒေတွင်းမှာ တရားဝင်ရပ်တည်လာခဲ့တဲ့ ဗမာ ပြည် ကွန်မြူနစ်ပါတီဟာ မိမိတို့လမ်းစဉ်အရ လူတန်းစား(၄) ရပ်အကျိုးကို ဦးတည်ဆောင်ရွက်ပါတယ်။ အဲဒီကာလ မှာ အာဏာရနေတဲ့ ဖဆပလ အစိုးရရဲ့ နယ်ချဲ့ကိုမှီခို - ပဒေသရာဇ်စနစ်ထိန်းသိမ်း- ဗျူရိုကရက်အရင်းရှင်စနစ်ကြီး ထွားအောင်ပြုမှု (ရန်သူကြီး၃ဦး)ကြောင့် ဆင်းရဲမွဲတေ ချွတ်ခြုံကျနေရတဲ့ အလုပ်သမား၊ လယ်သမားနဲ့ အဖိနှိပ်ခံ ပြည် သူလူထုများရဲ့ အကျိုးစီးပွားကို ရပ်ခံကာကွယ်ပြီး ဥပဒေတွင်း တိုက်ပွဲဝင်ခဲ့တာပဲ ဖြစ်ပါတယ်။

လက်ရှိကာလကတော့ စစ်ဗျူရိုကရက်အရင်းရှင်လူတန်းစားနဲ့ခရိုနီများကို ဦးတည်တိုက်ပွဲဆင်ပြီး လူတန်း စား (၄) ရပ်အကျိုး ရပ်တည်တဲ့ ပြည်သူ့ဒီမိုကရေစီ အစိုးရတရပ် ထူထောင်နိုင်အောင် ကြိုးပမ်းအားထုတ်နေတဲ့ကာလ ဖြစ်ပါတယ်။

၂၄- ၈- ၂၀၂၀

# နာဂစ်နဲ့ ကိုဗစ်-၁၉



စောအယ်ထူး

ဗမာပြည်မှာ ပြည်သူလူထုတရပ်လုံး တမျိုးသားလုံးအကျိုးကိုဦးထိပ်ထားပြီးရေးဆွဲခဲ့တဲ့ အခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ်က ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေပဲဖြစ်တယ်။ အဲ့ဒီတုန်းက လူမျိုးစုံပြည်သူလူထုတရပ်လုံး၊တမျိုးသားလုံးဟာ လွတ်လပ်ရေးကိုပဲ အာရုံစိုက်သလို နိုင်ငံရေးအင်အားစုအားလုံးဟာလည်း လွတ်လပ်ရေးအတွက် ဦးတည်လုံးပန်းကြတာပဲဖြစ်တယ်။ လွတ်လပ်တဲ့အမျိုးသားတရပ်ရဲ့အကျိုးအတွက်ရေးဆွဲတဲ့ အခြေခံဥပဒေဖြစ်တော့ ပြည်သူလူထုတရပ်လုံး အကျိုးရှိတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ အခြေခံဥပဒေမှာ ထပ်မံဖြည့်စွက်ပြင်ဆင်ချင်တဲ့ကိစ္စတွေ အနည်းအပါးရှိတာကလွဲပြီး အခြေခံဥပဒေအကျပ်အတည်းမရှိခဲ့ပါ။

ဒါကြောင့် အဲ့ဒီအခြေခံဥပဒေအရ ရွေးကောက်ပွဲတွေဟာလည်း အကျပ်အတည်းမရှိပါ။ နိုင်ငံရေးအင်အားစုတွေ ရွေးကောက်ပွဲမှာ မသမာမှုတွေလုပ်ကြပေမယ့် ရွေးကောက်ပွဲဟာ ပြည်သူလူထုအတွက် အကျပ်အတည်း မဖြစ်စေခဲ့ပါ။ ပြည်သူလူထုကကြိုက်တဲ့အင်အားစုကို မဲပေးနိုင်သလို မဲမပေးဘဲလည်း နေနိုင်ပါတယ်။

၁၉၇၄ အခြေခံဥပဒေဟာစစ်အုပ်စုကအာဏာသိမ်းတာကို တရားဝင်စေဖို့ ရေးဆွဲတဲ့အခြေခံဥပဒေဖြစ်တယ်။ ဟန်ပြလူထုဆန္ဒခံယူပွဲတွေလုပ်ပြီး အခြေခံဥပဒေကို ရေးဆွဲခဲ့တာဖြစ်တယ်။ လူထုက မကြိုက်လည်း အဲဒီ ဥပဒေကို အတည်ပြုတာပဲ။ အဲ့ဒီတုန်းက ဥပဒေတွင်း နိုင်ငံရေးအင်အားစုအားလုံးကို ဖျက်သိမ်းထားတာဖြစ်တယ်။ မီဒီယာဆိုတာတွေဟာလည်း အားလုံးလိုလို "ပြည်သူပိုင်"တွေ ဖြစ်ပါတယ်။ မဆလတပါတီတည်း တရားဝင် တည်ရှိစေတဲ့ အခြေခံဥပဒေ ဖြစ်တယ်။ စစ်အာဏာရှင်စနစ် တည်မြဲအခြေခိုင်စေဖို့နဲ့ ပြည်သူလူထုကြီး ဒုက္ခဆင်းရဲ ရောက်စေမယ့် အခြေခံဥပဒေဖြစ်တယ်။ အဲဒီအခြေခံဥပဒေအရ ရွေးကောက်ပွဲလုပ်တဲ့အခါ လူထုက မဆလပါတီကို ထောက်ခံမဲပေးရင် ပေး၊ မပေးရင်ကန့်ကွက်မဲ ပေးရတယ်။ လူထုက ကန့်ကွက်သည်ဖြစ်စေ၊ ထောက်ခံသည်ဖြစ်စေ မဆလတပါတီအာဏာရှင်စနစ်ပဲ အနိုင်ရတော့ လူထုကြီးမှာ မဆလပါတီရော၊ ရွေးကောက်ပွဲတွေအပေါ်မှာပါ ဘာမျှော်လင့်ချက်မှ မထားတော့တာတွေဖြစ်လာပါတယ်။ လူထုဟာ ကျဉ်းကျပ်မှုကို ခံစားလာရပါတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးမှာ လူထုကြီးက လူထုနည်းနဲ့ လူထုသဘောထားကို အဖြေပေးလိုက်တော့တာပဲ။ မဆလပါတီလည်းပျက်၊ ၇၄ အခြေခံဥပဒေလည်း ပျက်တာပါပဲ။

၁၉၈၈ ခုနှစ် စက်တင်ဘာလမှာ စစ်အုပ်စုက ဗိုလ်စောမောင်ကို အာဏာသိမ်းစေပြီး လူထုကြီးကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်နှိမ်နင်းတယ်။ ပြီးတော့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတဲ့ကတိနဲ့ လူထုကိုချွေးသိပ်ပြီး နဝတစစ်အစိုးရက စစ်အာဏာရှင်စနစ်တည်မြဲအောင် ကြိုးပမ်းပါတယ်။ နိုင်ငံရေးပါတီတွေ ဖွဲ့တယ်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကျင်းပတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ နိုင်ငံရေးအင်အားစုတွေကို ဆက်ပြီးချိုးနှိမ်ပါတယ်။

နဝတ၊ နအဖစစ်အစိုးရဟာ အနှစ် ၂၀ လောက်အချိန်ယူပြီး စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်တည်မြဲစေမယ့် ၂၀၀၈ အခြေခံဥပဒေကိုရေးဆွဲပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ပြည်သူလူထု ဒုက္ခရောက်နေတဲ့အချိန်မှာ ပြည်သူလူထုကို ဒုက္ခပင်လယ်ဝေစေမယ့် ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုလိုက်တယ်။ ဒါကြောင့် ဒီအခြေခံဥပဒေကို နာဂစ်အခြေခံဥပဒေလို့လည်း ပြောကြတယ်။ ဒီအခြေခံဥပဒေဟာ စရေးဆွဲကတည်းက လူမျိုးစုံပြည်သူလူထုက မထောက်ခံပါ။ လူမျိုးစုံပြည်သူလူထုကို ကိုယ်စားပြုတဲ့နိုင်ငံရေးအင်အားစုအသီးသီးကလည်း ကန့်ကွက်ကြပါတယ်။ ဒါကြောင့်လည်း ၂၀၀၈ အခြေခံဥပဒေဟာ စောစွာကတည်းက အကျပ်အတည်းဖြစ်နေတာ ကနေ့အထိပါပဲ။ နိုင်ငံရေးအင်အားစုတွေမှာလည်း ၂၀၀၈ အခြေခံဥပဒေအရပြုလုပ်တဲ့ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး အကျပ်အတည်း ဖြစ်လာတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာကြံ့/ဖွံ့အပါအဝင် နိုင်ငံရေးပါတီပေါင်း ၂၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကြံ့ဖွံ့အနိုင်ရတယ်။ ကြံ့ဖွံ့ပါတီအစိုးရဟာ စစ်အစိုးရကို အရပ်ဝတ်လဲထားတဲ့ ရွေးကောက်ပွဲနဲ့တက်လာတဲ့ အစိုးရ ဖြစ်သွားတယ်။ ရွေးကောက်ပွဲနဲ့တက်လာတဲ့ သမ္မတဦး(ဗိုလ်) သိန်းစိန်အစိုးရဟာ စစ်ဗျူရိုကရေစီယန္တရားကြီးကို မောင်းနှင်ပြီး စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုကို ကာကွယ်ထိန်းသိမ်းလိုက်တယ်။ အဆင့်ဆင့်လွှတ်တော်တွေဟာလည်း အရပ်ဝတ်လဲထားတဲ့ စစ်အစိုးရ၊ စစ်ဗျူရိုရေစီယန္တရားနဲ့ စစ်အာဏာရှင်စနစ်ကို ထိန်းကျောင်းရတဲ့ လွှတ်တော်တွေ ဖြစ်ကုန်တယ်။ တရားရေးဌာနတွေဟာလည်း မတရားတဲ့ဥပဒေတွေအရ စီရင်ဆုံးဖြတ်တာတွေ ဖြစ်ကုန်တယ်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ဒီချုပ်ဝင်ဖို့ဆုံးဖြတ်လိုက်တဲ့အခါမှာ ဒီချုပ်အပါအဝင် နိုင်ငံရေးအင်အားစုတွေထဲမှာ မတည်မငြိမ်ဖြစ်မှုဟာ ပိုပြီးပြင်းထန်သွားတယ်။ အကျပ်အတည်းတွေ တိုးပွားလာပါတယ်။ ကြားဖြတ် ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ဒီချုပ်အမတ်တွေ လွှတ်တော်ထဲမှာ သစ္စာဆိုရေး၊ မဆိုရေး အကျပ်တွေ့ပါတယ်။ ဒီချုပ် အလျှော့ပေးလိုက်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်က ၂၀၀၈ အခြေခံဥပဒေပြင်မယ်၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မယ်ဆိုပြီး ပြောင်းလဲချိန်တန်ပြီဆိုတဲ့ကြွေးကြော်သံနဲ့ မဲအပြတ်အသတ် အနိုင်ရလိုက်တယ်။ အစိုးရဖွဲ့ နိုင်ခဲ့တယ်။ ဒီမှာတင် ဒီချုပ်အစိုးရဟာ ဘေးကျပ်နံကျပ် အကြီးအကျယ်တွေ့တော့တာပဲ။ မဲဆန္ဒရှင် အများစုကြီးက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရဖြစ်ပေမယ့် စစ်ဗျူရိုကရေစီယန္တရားကြီးကို မောင်းနှင်ရပြီး စစ်အာဏာရှင်စနစ်ကို ကာကွယ်ထိန်းသိမ်းရတဲ့အစိုးရပဲ ဖြစ်နေလို့ပါပဲ။ ဒီမိုကရေစီထွန်းကားအောင် ဘယ်အချက်ကစပြီး လုပ်နေပါပြီဆိုတာကို အစီစဉ်တကျ ဘာတခုမှ မလုပ်နိုင်ဘဲ ရှိနေခဲ့တယ်။ အရင်အစိုးရက လုပ်ထားခဲ့တဲ့ အရှုပ်တွေကို ရှင်းနေရပါတယ်ဆိုတာနဲ့ပဲ ၂၀၂၀ ရွေးကောက်ပွဲအချိန်ကို ရောက်လာပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အရင်သမ္မတ ဦး(ဗိုလ်) သိန်းစိန်အစိုးရ လုပ်ထားတဲ့အဆက်ကို ကိုင်ပြီး ၂၁ ရာစုပင်လုံဆိုတာကို လုပ်နိုင်ပါတယ်။ သဘောတူညီချက်တွေ ဘာတွေ ရတယ်။ ဘယ်နှစ်ချက်ရှိတယ်ဆိုတာပြောပြီး ကာချုပ်မူ (၆) ချက်ကို မကျော်နိုင်တော့ အလုပ်အားလုံး အကောင်အထည်ဖော်ဖို့ ကျပ်တည်းနေချိန်မှာ ရွေးကောက်ပွဲချိန် ရောက်လာပြီဖြစ်တယ်။ တောင်သူလယ်သမားတွေရဲ့ မြေယာကိစ္စတွေလည်း ပွက်လောရိုက်နေတယ်။ စီးပွားရေးမှာလည်း ခရိုနီတွေသောင်းကျန်းလို့ ကောင်းတုန်း၊ ဦးပိုင်လီမိတက်က အားကောင်းနေတုန်း၊ ပြည်သူလူထုကြီးမှာ ခရုဆန်ကျွတ်ဖြစ်နေတယ်။ ဒီလိုအချိန်မှာ ကိုဗစ်-၁၉ ကလည်း ကပ်ဆိုးကြီးတခုဖြစ်ပေါ်လာနေတယ်။

၂၀၂၀ ရွေးကောက်ပွဲဟာ ပြည်သူလူထုကြီးကို အကျပ်တွေ့စေတဲ့ရွေးကောက်ပွဲဖြစ်တယ်။ ပြည်သူလူထုကြီးဟာ ၁၉၉၀ ပြည့်နှစ်မှာလည်း ဒီချုပ်ကို အပြတ်အသတ်မဲပေးခဲ့တယ်။ ဒါပေမဲ့ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ခွင့်မရဘူး။ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်ကိုအပြတ်အသတ် မဲပေးအနိုင်ရစေခဲ့တယ်။ ဒါပေမဲ့ ၂၀၀၈ အခြေခံဥပဒေအောက်မှာ လူထုကြီးရဲ့ဆန္ဒနဲ့မျှော်လင့်ချက်တွေ အကောင်အထည်ပေါ်မလာခဲ့ဘူး။ ဒီအတွက်လူထုကြီးဟာ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးရေး၊ မပေးရေးဆိုတဲ့ အကျပ်အတည်း ဆိုက်လာပါတယ်။ ဒီအကျပ်အတည်းကို ပိုဆိုးစေတာကိုဗစ် ၁၉ ပါပဲ။ ကိုဗစ် ၁၉ ကြောင့် လူတွေသွားလာလှုပ်ရှားရတာ ကျပ်တည်းတာကတကြောင်း၊ ရွေးကောက်ပွဲမှာ မျှော်လင့်စရာက ခပ်ရှားရှားဖြစ်နေတာကတကြောင်းကြောင့် လူထုကြီးမှာ နေ့ဖို့ညစာကလွဲပြီး ဘာမှ စိတ်ဝင်စားတဲ့ပုံမပေါ်တော့ပါ။

ကနေ့ဗမာပြည်မှာ နိုင်ငံရေးအရ အရေးအကြီးဆုံးဖြေရှင်းရမှာ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးပဲ ဖြစ်တယ်။ လစ်ဘရယ်ဝါဒ လိမ်ညာမှုလှိုင်းအကြောင်းကို အတွေ့အကြုံအရ သိရှိသွားကြတဲ့ လူထုကြီးဟာ ၂၀၂၀ ကိုဗစ်ရွေးကောက်ပွဲကို ၁၉၉၀၊ ၂၀၁၅ ခေတ်ကလို စိတ်မဝင်စားတော့ပါဘူး။ တော်လှန်တဲ့လူထုကြီးဖြစ်ပါတယ်။ ကိုဗစ်ကပ်က သဘာဝကပ်ဘေးဖြစ်ပြီး ၂၀၂၀ရွေးကောက်ပွဲနဲ့ ခြေဥအကျပ်အတည်းက လူလုပ်အကျပ်အတည်း ဖြစ်ပါတယ်။ ကိုဗစ်လွန် စီးပွားရေး နိုင်ငံရေး လူမှုရေး ပုံပန်း (Paradigm) ဟာ ကမ္ဘာနဲ့ချီ ပြောင်းလဲပါလိမ့်မယ်။

သမိုင်းမှာ သဘာဝကပ်ဘေးမျိုးစုံကို သဘာဝသိပ္ပံပညာ ထွန်းကားတိုးတက်လာတာနဲ့အမျှ ကျော်လွှားနိုင်ခဲ့သလို၊ လူလုပ်ကပ်ဘေးများဖြစ်တဲ့ နိုင်ငံရေး-စီးပွားရေး ကပ်များကို လူမှုသိပ္ပံပညာဖြစ်တဲ့ နိုင်ငံရေးတိုက်ပွဲများဖြင့် ကျော်လွှားကြပါလိမ့်မယ်။

ဒီလောက်ရှည်ကြာတဲ့ ပြည်တွင်းစစ်ကြီးမှာ ပြည်သူလူထုကြီးဟာ အုပ်စိုးသူအဆက်ဆက်ကို နည်းမျိုးစုံနဲ့ဆန့်ကျင်ပြီး တော်လှန်ရေးအဖွဲ့အစည်းတွေကို နည်းမျိုးစုံနဲ့ကူညီခဲ့ကြတယ်။ အသက်အိုးအိမ်စွန့်ကြတယ်။ ၈ လေးလုံးလို လူထုအုံကြွမှုတွေလည်း ပေါက်ကွဲတယ်။ လူထုကြီးမှာ ကျပ်တည်းလွန်းမကကျပ်တည်းရင် ပေါက်ကွဲပါတယ်။ တော်လှန်သောသဘောတရားတရပ်က လူထုကြီးကိုချုပ်ကိုင်မိတဲ့အခါ ကြီးမားတဲ့ ရုပ်ဝတ္ထုအင်အားအဖြစ် ပြောင်းလဲသွားပါတယ်။

စောအယ်ထူး

## အချိန်ရောက်လို့သာ
## လုပ်ရတဲ့ရွေးကောက်ပွဲနဲ့

# ပြည်သူတွေရဲ့ တုံ့ပြန်မှု




ရဲဘော်အောင်ထက်

ရွေးကောက်ပွဲနီးလာတယ်ဆိုတာနဲ့ ဒါနဲ့ပတ်သက်တဲ့သဘောထားတွေအမျိုးမျိုး၊ တုံ့ပြန်မှုတွေ အမျိုးမျိုး ပေါ်လာကြပါတယ်။ ဗမာပြည်ကရွေးကောက်ပွဲလို အာဏာရသူတွေအချင်းချင်း လူလဲ၊ နေရာပြောင်းဖို့အတွက် မျက်လှည့်ပြတဲ့ ရွေးကောက်ပွဲလိုဟာကျတော့ တုံ့ပြန်မှုတွေဟာ ပိုလို့တောင်များပါတယ်။ ဗမာပြည် ပြည်သူလူထုဆိုတာက မဟုတ်မခံ၊ သန်းခေါင်ထက်ညဉ့်မနက်၊ မိုးကိုတက်ပြီး ဒူးနဲ့တိုက်မယ်-စတဲ့ကြွေးကြော်သံတွေနဲ့ လူလုပ်ကြသူတွေ ဖြစ်တော့ မျက်လှည့်ပွဲကို အသာလေးထိုင်ကြည့်၊ လက်ခုပ်တီးတာမျိုး မလုပ်ပါဘူး။ နည်းမျိုးပေါင်းစုံနဲ့ ဆန့်ကျင်ကြတော့တာပါပဲ။ အနည်းဆုံးအိမ်တွင်းကထမင်း ဝိုင်းမှာ၊ လက်ဖက်ရည်ဆိုင်မှာ "ဒါမျိုးတွေနဲ့ ဒို့ကိုတော့လာမလုပ်နဲ့" ဆိုတာမျိုးတွေ ပြောဖြစ်ကြမှာပါ။ ဒီလိုပြောကြရာကနေ "ဒါဖြင့်ငါတို့ဘာလုပ်ကြမလဲ" ဆိုတဲ့မေးခွန်းမျိုး၊ အတွေးမျိုးတွေ ပေါ်လာမှာပါ။၂၀၀၈ ခြေဥအောက် ရွေးကောက်ပွဲဝင်ပြီး ဝင်ပြင်လမ်းကြောင်း၊ ရင်ကြားစေ့ရေးလမ်းကြောင်း လိုက်နေတာတွေကို လက်မခံလိုတော့ဘဲ ၂၀၀၈ ခြေဥဆန့်ကျင် တိုက်ဖျက်ရေးလမ်းကြောင်းကို ပြတ်ပြတ်သားသား လျှောက်လှမ်းဖို့

ပိုင်းဖြတ်လာကြတဲ့ အင်အားစုတွေလည်း ရှိနေပါတယ်။ နီးဗုတ်ဟာ ဒီလိုကနေပေါ်ထွက်လာတဲ့ လှုပ်ရှားမှုတခုလို့ မြင်ပါတယ်။စစ်အာဏာရှင်တွေရဲ့ မတရားလုည့်စားမှုကို ဆန့်ကျင်တားဆီးဖို့ နည်းလမ်းတခု ဖော်ထုတ်တာလို့ ယူဆပါတယ်။ ဓမ္မတာပဲ၊ ဒီရွေးကောက်ပွဲလှည့်ကွက်ကို ဖန်တီးတဲ့ စစ်အုပ်စုအသိုင်းအဝိုင်းနဲ့ အဲဒီလမ်းမှာ အကြွင်းအကျန်ကောက်စားနေတဲ့သူတွေဟာ ဒီနိုးဗုတ်လှုပ်ရှားမှုကို ဆန့်ကျင်တဲ့လုပ်ရပ်တွေကို ဉာဏ်နီဉာဏ်နက် ရှိသမျှ ညှစ်ထုတ်ဖန်တီးကြပါတော့တယ်။ နိုးဗုတ်လုပ်ကြသူတွေဟာ မဲပေးမယ့်သူတွေ လျော့နည်းအောင် လုပ်နေကြတာဆိုပြီး မဲနိုင်ဖို့ကြိုးစားနေသူတွေက ဒီလှုပ်ရှားမှုအပေါ် ဒေါသဖြစ်လာကြပါတယ်။ ဒီလိုလုပ်ရာမှာ သူတို့ဟာ အတွေ့အကြုံရှိထားကြသူတွေဖြစ်တဲ့အတိုင်း သာမန်ရိုးသား သူတွေကိုပါသူတို့ဘက်ပါအောင်ဆွဲခေါ်ကြတာလည်း ရှိနေပါတယ်။ ဒီလို နီးဗုတ်-ဂိုးဗုတ်ရယ်လို့ အပြိုင်ဖြစ်နေတဲ့ ဖြစ်စဉ်ထဲမှာ ဒီအချက်လည်း အကြောင်းတခုအနေနဲ့ ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီ ၂၀၀၈ အောက်က ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးလှုပ်ရှားကြတာဟာ ဒီနှစ်ဖွဲ့တည်းလို့ဆိုရင် မှားပါလိမ့်မယ်။

တခြားလူတွေလည်း အသွင်သဏ္ဍာန် အမျိုးမျိုးနဲ့ လှုပ်ရှားနေကြမှာပါ။ ဒီလိုအခါမှာ နီးဗုတ်နဲ့ဂိုးဗုတ်ရယ်လို့ နှစ်မျိုးတည်း ထိပ်တိုက် တိုက်နေကြလို့ လူထုတွေအာရုံပြားကုန်ရင် စစ်အုပ်စုနဲ့ အာဏာရအသိုင်းအဝိုင်းက ကြိတ်ဝမ်းသာနေကြပါလိမ့်မယ်။ နှစ်ပေါင်း ၆၀ ကျော်၊ ၇၀နီးပါး အာဏာယူထားခဲ့ကြတဲ့ စစ်အာဏာရှင်တွေရဲ့ နည်းပရိယာယ်တွေထဲမှာ ပြည်သူလူထုချင်း ရန်တိုက်ပေးတာလည်း ပါတယ်ဆိုတာကို မမေ့သင့်ပါဘူး။ တဖက်မှာကျတော့လည်း ဒီရွေးကောက်ပွဲမှာ ဘယ်သူနိုင်နိုင်၊ ဘယ်လိုညွန့်ပေါင်း အစိုးရပဲ ပေါ်လာလာ၊ ၂၀၀၈ စစ်ခြေဉပဲ အောင်ပွဲခံမှာ ဖြစ်ကြောင်း။ ဒီအတွက် စစ်အုပ်စုပဲ အကျိုးအရှိဆုံး ဖြစ်ပါလိမ့်မယ်။ သူတို့စိတ်ကြိုက် တသွေမတိမ်း နာခံတဲ့ လက်ရင်း အစိုးရမျိုး လူယုံအစိုးရမျိုး သူတို့ ပိုလိုချင်တာလည်း ထင်ရှားပါတယ်။ ဒါအတွက် ညစ်နည်းပေါင်းစုံနဲ့ ကြိုးပမ်း လုပ်ဆောင်လာနိုင်တာကိုလည်း သတိပြုသင့်ပါတယ်။

အဓိကအကျဆုံးက ပြည်သူလူထုကို တတ်နိုင်သမျှအများဆုံး အရေအတွက်ရအောင် စည်းရုံးပြီး စစ်အာဏာရှင်စနစ်နဲ့ စစ်ခရိုနီစီးပွားရေးအဆောက်အအုံကြီးကို ဖြိုချဖို့အတွက် ဦးတည်လှုပ်ရှားကြဖို့ဖြစ်ပါတယ်။ တချိန်တည်းမှာ ဒီရွေးကောက်ပွဲအပေါ် ဆန့်ကျင်မှုတွေကိုအသုံးချပြီး လူထုကိုနည်းမျိုးပေါင်းစုံနဲ့ဖိနှိပ်တာ၊ သူတို့လိုချင်တဲ့ ရလဒ် မထွက်ရင် ရွေးကောက်ပွဲမှာ မသမာမှုလုပ်တာ၊ အကြောင်းရှာပြီး နောက်အစိုးရကို ပြဿနာရှာတာ နောက်ဆုံး အာဏာသိမ်းဖို့အထိ မင်းမဲ့စရိုက်မျိုးစုံကို လုပ်ကြံဖန်တီးတာအထိ လုပ်လာနိုင်တယ် ဆိုတာကိုလည်း ကြိုတွေး၊ ကြိုပြင်ထားကြရပါမယ်။

၂၀၀၈ ဖျက်သိမ်းရေးဟာ လတ်တလောရည်မှန်းချက်ဖြစ်တယ်။ အဓိကတိုက်ပွဲသဏ္ဍာန်ဟာ လူထုတိုက်ပွဲဖြစ်ပြီး လွှတ်တော်တွင်းတိုက်ပွဲဟာ အရန်ဖြစ်တယ်။ လွှတ်တော်ပလူထုတိုက်ပွဲကို အထောက်အကူပြုချင်လို့ ၂၀၀၈ ဖျက်သိမ်းရေးရပ်တည်ချက်နဲ့ နီးဗိုဒ်လုပ်တာဖြစ်တယ်။ ဒါပေမဲ့ ရွေးကောက်ပွဲသပိတ်မှောက်တာတော့ မဟုတ်ဘူး။

၂၀၀၈ ဖျက်သိမ်းရေး (လူထုတိုက်ပွဲကိုဝန်းရံဖို့) အတွက် ဂိုးဗုဒ်ကိုနားလည်ပေမယ့်- ခေါင်းလျှိုဝင်သွားတဲ့ ဂိုးဗုဒ်ကိုတော့ နီးဗုဒ်က ဆန့်ကျင်တဲ့သဘော တွေ့ရပါတယ်။

ရွေးကောက်ပွဲနည်းလမ်းနဲ့ ၂၀၀၈အခြေခံဥပဒေအောက်မှာ ဆက်သွားနေကြလို့ကတော့ တိုင်းပြည်နွံထဲက မတက်နိုင်ဘူးဆိုတာကို ပြည်သူတွေသဘောပေါက်လက်ခံအောင် ဟောပြောလှုပ်ရှားကြဖို့ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲ ဆန့်ကျင်ရေးလှုပ်ရှားမှု/ တိုက်ပွဲဟာ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ၂၀၀၈ ခြေဉဖျက်သိမ်းရေးတို့အတွက် တခုတည်းသောနဲ့ နောက်ဆုံးတိုက်ပွဲမဟုတ်ပါဘူး။ လက်ရှိဗမာပြည်ရဲ့ အခြေအနေအရဆိုရင် ဒီထက်ကြီးမားတဲ့၊ အရေးပါတဲ့ လူထုတိုက်ပွဲတွေ လှိုင်းလုံးကြီးတွေလိုကြွတက် လာမယ့်အချိန်ဟာမဝေးတော့ပါဘူး။ အဲဒီအတွက် ပြည်သူလူထုကြီး စည်းလုံးညီညွတ်မှုရှိရေးဟာ အဓိကအကျဆုံးနဲ့ အခုက စလုပ်ရမယ့်အလုပ်ဖြစ်ပါတယ်။

---


ရဲဘော်အောင်ထက်

# တက္ကသိုလ်ရာပြည့် ရောက်တော့မယ်။
# (ကိုယ်တွေ့ သမိုင်းဖြစ်ရပ်မှန်)

**ခင်မောင်ဝင်း**

ကျွန်တော်က အင်္ဂလိပ်ကိုလိုနီကျွန်ဘဝမှာ မွေးဖွားခဲ့ရသူပါ။ ဓမ္မတာအတိုင်း ကိုလိုနီပညာရေးစနစ်အောက်မှာ ကြီးပြင်းခဲ့ရတယ်။ တက္ကသိုလ်ရောက်တော့လည်း ပါလီမန်စနစ်က စစ်အာဏာရှင်စနစ်အကူး အပြောင်းကာလဆိုတော့ ငြိမ်းချမ်းစွာပညာသင်ကြားရေးကို မရရှိခဲ့ပါဘူး။ ပြေးရင်းလွှားရင်း တံတိုင်းကျော်ရင်း ကျည်ဆန်တွေကြားမှာ တက္ကသိုလ်ပညာ သင်ခဲ့ရပါတယ်။

မြန်မာ့ခေတ်သစ်သမိုင်းရဲ့ အကြီးဆုံး နိုင်ငံရေးလှုပ်ရှားမှုဟာ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေရဲ့ ပထမကောလိပ်သပိတ်တိုက်ပွဲ။ ဒါဟာ ကိုလိုနီခေတ် ပထမဆုံးပညာရေးတိုက်ပွဲပဲ။ ကျောင်းသားအခွင့်အရေးတိုက်ပွဲပဲ။ ပထမဆုံး အမြင့်ဆုံးအမျိုးသားရေးတိုက်ပွဲနဲ့ ပထမဆုံး ဒီမိုကရေစီရေး တိုက်ပွဲလည်းဖြစ်ပါတယ်။




၇-၇-၆၂ ရင်ပြင်နီစခန်း အရေးတော်ပုံကျောက်တိုင် အလေးပြုပွဲ

၇-၇-၆၂ ကျောင်းသားများ ဆန္ဒပြနေစဉ်

သမဂ္ဂအဆောက်အအုံ

၁၉၃၀ ပြည့်နှစ်မှာ သခင်ဗသောင်းဟာ ရန်ကုန်တက္ကသိုလ်မှာ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာကထွက်ပြီး ဒို့ဗမာအစည်းအရုံး စတင်တည်ထောင်တယ်။ သခင်လေးမောင်၊ သခင်သိန်းမောင်၊ သခင်ဗစိန် စတဲ့ တက္ကသိုလ်ကျောင်းသားတွေနဲ့ တက္ကသိုလ်ထဲမှာ ဒို့ဗမာသီချင်းဆိုရင်း ဒို့ဗမာအစည်းအရုံးတည်ထောင်ခဲ့ကြတာဖြစ်တယ်။ ဗိုင်အမ်ဘီအေ၊ ဂျီစီဘီအေ ခေါင်းဆောင် "လူကြီးလူကောင်းတွေ" ဒူးညွှတ်ကုန်ကြတော့ ဒို့ဗမာသခင်ကျောင်းသားတွေက လွတ်လပ်ရေးတိုက်ပွဲအလံကို ဆက်လက်သယ်ဆောင်ခဲ့ကြတယ်။ ၁၉၃၆ ခုနှစ် ကိုနု၊ ကိုအောင်ဆန်း၊ ကိုရာရှစ်၊ မအုန်း၊ မအမာတို့ ဒုတိယကောလိပ်သပိတ်၊ ၁၉၃၈ ခုနှစ် ဗိုလ်အောင်ကျော်တို့ရဲ့ တတိယကောလိပ်သပိတ်တို့ဟာလည်း ကျောင်းသားတွေအသက်ပေး စွမ်းဆောင်ခဲ့ကြတဲ့ လွတ်လပ်ရေးတိုက်ပွဲလည်း ဖြစ်ပါတယ်။

ကိုနု၊ ကိုအောင်ဆန်း၊ ကိုလှဖေ၊ ကိုဗဟိန်း၊ ကိုသိန်းဖေ စတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေဟာ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်အပြီးမှာ သခင်တွေ ဖြစ်လာခဲ့ကြတယ်။ ဒို့ဗမာအစည်းအရုံးကို သခင်အောင်ဆန်း ဆက်လက် ခေါင်းဆောင်တယ်။ ၁၉၂၀ ခုနှစ်ကတည်းက "ထီမထင်ကျောင်းတော်သားတွေရဲ့ အမည်စဉ်ခေါင်းအပေါ်ဖျားတွင်မှ မင်းရှိဆရာကို စာရင်းတို့ကာထားလိုက်ပေတော့"လို့ ကြွေးကြော်ပါဝင်လာခဲ့တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံမှာ ကျောင်းသားတွေက ဆက်လက်ဦးဆောင်မှုကို ခံယူခဲ့ကြတယ်။ ဗမာပြည်ရဲ့ သမိုင်းမှန်ကို ရေးရင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဗိုလ်နေဝင်းတို့ ဗိုလ်အောင်ကြီးတို့ မိုင်းဗုံးနဲ့ ဖြိုခွဲခဲ့တာကအစ အဖြစ်မှန်တွေ ပါဝင်ရမှာပဲ။ ဗိုလ်လက်ျာ (သခင်လှဖေ) ဗိုလ်အောင်ဆန်း၊ ဗိုလ်ဇေယျ၊ (တကာသ ဥက္ကဋ္ဌကိုလှမောင်၊ ၁၉၄၀)

ဗိုလ်ရန်နိုင် (ကိုထွန်းရှိန်၊ အတွင်းရေးမှူး၊) တို့ဟာ နယ်ချဲ့သမားကို လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ သမဂ္ဂအဆောက်အအုံထဲမှာ ဆွေးနွေးခဲ့ကြတယ်။ ဒါဟာ သမိုင်းပါပဲ။

ကျောင်းသားသမဂ္ဂအဆောက်အဦ ဗုံးခွဲဖျက်ပစ်တာနဲ့ ပတ်သက်ပြီး ဘယ်သူဟာတာဝန်အကြီးဆုံး ဖြစ်တယ်ဆိုတာ စစ်အစိုးရလက်ထက် မဆလ၊ နဝတ၊ နအဖ စစ်အစိုးရအဆက်ဆက်ဟာ မဖြေရှင်းနိုင်ခဲ့ဘူး။ ဗိုလ်နေဝင်း အသက်ထင်ရှား ရှိစဉ်ကလည်း ဝန်ခံပြောကြားခြင်းမရှိဘဲ ဘော်လီဘောပုတ်ပြီး ခေါင်းရှောင်ခဲ့တယ်။ လယ်ပြင်မှာ ဆင်ကြီးတကောင်လုံး မြင်တွေ့ပါလျက်နဲ့ ပုရွက်ဆိတ်ပါလို့ ပြောခဲ့ပါတယ်။ ဒီသမိုင်းဆိုင်ရာ အမည်းကွက်ကြီးကို မျက်မှောက် တပ်မတော်က တာဝန်ယူဖြေရှင်းရပါလိမ့်မယ်။

ဒီလို ဗိုလ်နေဝင်းတို့စစ်အုပ်စု သမဂ္ဂအဆောက်အဦ ဖြိုလှဲခဲ့မှုနဲ့ ကျောင်းသားတွေကို အစုလိုက် မောင်းပြန်သေနတ်နဲ့ပစ်တဲ့ ရာဇဝတ်မှုဟာ ရှောင်တခင်မတော်တဆ မဟုတ်ပါ။ တွေးခေါ်မှုဇာစ်မြစ်၊ သမိုင်းဇာစ်မြစ် ရှိပါတယ်။ ဖက်ဆစ်စနစ်ရဲ့ ရက်စက်အကြမ်းဖက် လူမဆန်မှု၊ လူသားချင်းစာနာမှုမရှိတဲ့ တွေးခေါ်စဉ်းစားနည်းက လာတာဖြစ်တယ်။ ဖက်ဆစ်စစ်အာဏာရှင် လူမှုရေးဇာစ်မြစ်က လာတာဖြစ်တယ်။ သမိုင်းဇာစ်မြစ်ကတော့ ဖဆပလ အစိုးရ ပြုတ်ကျခါနီးမှာ ဖဆဆိုရှယ်အစိုးရဟာ ဘာကြောင့်များ ကျောင်းသားသမဂ္ဂများအပေါ်မှာ အငြိုးတကြီး ဖြစ်ခဲ့ရသလဲ ဆိုတာက အစချီရပါမယ်။ ကျောင်းသားသမဂ္ဂဟာ ကိုလိုနီစနစ်၊ ကိုလိုနီပညာရေးကို ဆန့်ကျင်ခဲ့တယ်။ လွတ်လပ်ရေးရပြီး ဒီဘက်ခေတ်မှာ ပြည်တွင်းစစ်ကို ဆန့်ကျင်ခဲ့တယ်။ ပြည်သူတွေရဲ့သားသမီးတွေဖြစ်တဲ့ ကျောင်းသားကျောင်းသူတွေကလည်း ပြည်တွင်းစစ်ကို ဆန့်ကျင်တယ်။ ပြည်သူတွေက ပြည်တွင်းစစ်ကို ဆန့်ကျင်ကြတယ်။ တက္ကသိုလ်နယ်မြေတခုလုံး "အနုမြူဗုံး ပိတ်ပစ်ပါ၊ အနုမြူဗုံးပိတ်ပစ်ပါ၊စစ်ကိုမလိုပါ၊ စစ်ကို မလိုပါ၊ ငြိမ်းချမ်းရေးသာ ပေးပါ ပေးကြပါ" ဆိုတဲ့ သမဂ္ဂရဲ့ ငြိမ်းချမ်းရေးသီချင်းသံများ တက္ကသိုလ် အဓိပတိခန်းမကြီးကို မြည်ဟည်းပဲ့တင်ထပ်နေတဲ့ ကာလဖြစ်ပါတယ်။

ကျောင်းသားနယ်ပယ်မှာ ဖဆဆိုရှယ်အစိုးရ ဩဇာမရှိဘူး။ ဘယ်လိုကျောင်းသားအဖွဲ့အစည်းမှ ဝင်တိုးလို့ မရဘူး။ အစိုးရလည်း ချုပ်ကိုင်လို့မရဘူး။ အစိုးရလိုလားတဲ့ DSO ကျောင်းသားအဖွဲ့အစည်းလည်း ကျောင်းသားထုက လက်မခံကြဘူး။ ကျောင်းသားတွေဟာ ကျောင်းသားညီညွတ်ရေးတပ်ဦးရဲ့ ဦးဆောင်မှုအောက်မှာ ယုံယုံကြည်ကြည်နဲ့ လိုက်ပါခဲ့ကြလို့ဖြစ်တယ်။ ကျောင်းသားညီညွတ်ရေးတပ်ဦးကလည်း ကိုလိုနီပညာရေးစနစ် ပြုပြင်ရေး၊ ကျောင်းသားအခွင့်အရေး ကာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး စတဲ့ လုပ်ငန်းအပြင် အရည်အချင်းပြည့်တဲ့ ဆရာအလုံအလောက် ရရှိရေးတို့ကို တောင်းဆိုသလို ကျောင်းသားသမဂ္ဂကလည်း ကျောင်းသားကိုယ်စား ကျောင်းသားအခွင့် အရေးတွေ တောင်းဆိုပေးတယ်။ ဖဆဆိုရှယ်အစိုးရဟာ ဘာကြောင့်များ ကျောင်းသားသမဂ္ဂအပေါ် အငြိုးတကြီး ဖြစ်နေသလဲဆိုတာ ရှည်ရှည်ဝေးဝေး တွေးနေစရာ မလိုပါဘူး။ ကျောင်းသားသမဂ္ဂသမိုင်းမှာ အစိုးရခိုင်းတိုင်း မလုပ်ကြပါဘူး။ ကျောင်းသားဘက်က လိုအပ်ချက်တွေ၊ နစ်နာချက်တွေ၊ ကျောင်းသားအခွင့်အရေး ကာကွယ်ပေးတာပဲလုပ်တာ၊ ပညာရေးလစ်ဟာချက်တွေကို အစဉ်အမြဲ ဖော်ထုတ်တင်ပြခဲ့တယ်။ ဒါဟာ အစိုးရတိုင်းက ကျောင်းသားသမဂ္ဂတွေအပေါ် ငြိုငြင်တာ၊ ရန်ဘက်အဖြစ် သဘောထားတာတွေ ရှိခဲ့ပါတယ်။ ဗိုလ်နေဝင်း အာဏာရလာတော့ ဖဆဆိုရှယ်ဂိုဏ်းသားရဲ့ ဒီသမိုင်းဇာစ်မြစ်တွေကနေ အစိုအညှောက်တွေ ထွက်လာတယ်လို့ ဆိုရမှာပါ။ မင်းသားခေါင်းဆောင်းထားတဲ့ စစ်အာဏာရှင် ဗိုလ်နေဝင်း က ဘီလူးစွယ်ဖော်ထုတ်လာတာပါ။

၁၉၄၉ ခုနှစ်မှာ အလုပ်သမားတွေ၊ အမှုထမ်းတွေ၊ ကျောင်းသားတွေပါဝင်တဲ့ အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာတယ်။ ဖြစ်ရတဲ့အကြောင်းဟာ အလုပ်သမားတွေ၊ အမှုထမ်းတွေက လုပ်ခနဲ့စရိတ် တိုးတောင်းတယ်။ မမျှတတဲ့လုပ်ခကို တိုးပေးဖို့တောင်းတယ်။ ဖဆပလ က လစာတိုးမပေးဘူး။

ကျောင်းသားတွေက ပညာရေးပြုပြင်ပြောင်းလဲရေး၊ အဆောက်အအုံပရိဘောဂ တိုးချဲ့ရေး၊ အရည်အချင်းပြည့်ဆရာ မလုံလောက်တာ လုံလောက်အောင် ဆောင်ရွက်ပေးဖို့ စစ်ရေးဘတ်ဂျက်ကို လျှော့ချရေး၊ ပညာရေး ဘတ်ဂျက်ကို တိုးသုံးဖို့ တောင်းဆိုကြတယ်။ အစိုးရကမလိုက်လျောတဲ့အတွက် ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ အမှုထမ်းတွေ သပိတ်မှောက်ကြတယ်။

၁၉၅၃ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းတလပိတ်ရေး (အောက်တိုဘာ) လှုပ်ရှားမှုပြီးတဲ့နောက်မှာ ကျောင်းသားနယ်ပယ်မှာ အစိုးရဩဇာခံ ဘယ်လိုကျောင်းသားအဖွဲ့အစည်းမှ ဝင်လို့မရခဲ့ပါဘူး။ အစိုးရကလည်း ချုပ်ကိုင်လို့မရခဲ့ပါဘူး။ ကျောင်းသားတွေဟာ ကျောင်းသားညီညွတ်ရေးတပ်ဦး ဦးဆောင်မှုအောက်မှာ ယုံယုံကြည်ကြည်နဲ့ ရပ်တည်ခဲ့ကြတယ်။

၁၉၅၆ ခုနှစ်မှာ  တပြည်လုံးအတိုင်းအတာနဲ့ ကျောင်းသားလှုပ်ရှားမှု ဖြစ်ပေါ်ခဲ့တယ်။ ၁၉၅၆ ခုနှစ် အစိုးရစစ်သတ္တမတန်းစာမေးပွဲ မေးခွန်းပေါက်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်က ခြောက်တန်း ကျောင်းသားပါ။ အဲဒီမေးခွန်းတွေကို "ဗမာ့ခေတ်" သတင်းစာမှာ ဖော်ပြတယ်။ ကျောင်းသားလေးတွေက အဖြစ်မှန်သိရအောင် စာမေးပွဲဖြေနေရာကနေ ဗမာ့ခေတ်သတင်းစာတိုက်ကို ၁၉၅၆ ခုနှစ် မတ်လ ၂၂ ရက်မှာ သွားစုတယ်။ တာဝန်ရှိတဲ့သူ ဖော်ထုတ်ပေးဖို့တောင်းဆိုတယ်။ ဖဆပလ အစိုးရက ပြဿနာကို မှန်မှန်ကန်ကန်မဖြေရှင်းဘဲ ရဲတပ်ဖွဲ့နဲ့ တရားသူကြီး ပါစီမြမောင်ကို စေလွှတ်လိုက်တယ်။ ပါစီမြမောင်အမိန့်နဲ့ သတ္တမတန်းကျောင်းသားငယ်တွေကို သေနတ်နဲ့ ပစ်ခဲ့တယ်။ သေနတ်နဲ့ဖြေရှင်းခဲ့လို့ စိန်ပေါကျောင်းသားလေး "ဟယ်ရီတန်" ကျဆုံးခဲ့ရတယ်။ ကျောင်းသားတွေမကျေနပ်လို့ ဆူပူလှုပ်ရှား လာကြတယ်။ ဗကသ၊ ရကသ၊ တကသ ကျောင်းသားသမဂ္ဂကြီးတွေက ဦးဆောင်ပြီး တိုက်ပွဲဝင်ခဲ့တယ်။ တတိုင်းတပြည်လုံး ကျောင်းသားလှုပ်ရှားမှုကြီးဖြစ်လာပါတယ်။ ဒီလှုပ်ရှားမှုကြောင့် တတိုင်းပြည်လုံးက သတ္တမတန်းကျောင်းသားတွေကို ဦးနုအစိုးရက စာမေးပွဲ အအောင်ပေးခဲ့ရတယ်။ ဟယ်ရီတန်ဟာ ကမောက်ကမ ပညာရေးစနစ်ရဲ့ သားကောင်ဖြစ်ခဲ့ရတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်နေဝင်း စစ်အစိုးရအာဏာသိမ်း တက်လာပါတယ်။ ပွဲဦးထွက် စစ်အာဏာရှင်အစိုးရက ရန်ကုန်တက္ကသိုလ်ကောင်စီဝင်တွေကို ဖိတ်ခေါ်ပြီး ဆရာတွေ အကျင့်ပျက်တယ်။ ကျောင်းသားများ နိုင်ငံရေးပယောဂဝင်နေတယ်လို့ စွပ်စွဲပြီး တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်တယ်။

တက္ကသိုလ်အုပ်ချုပ်ရေးနယ်ပယ်ထဲ ဝင်ရောက်စွက်ဖက်ပြီး အမိန့်အာဏာတွေ ထုတ်ပြန်တာဟာ တက္ကသိုလ်အုပ်ချုပ်ရေးကို စစ်ကောင်စီ အာဏာသိမ်းတာဖြစ်လို့ တက္ကသိုလ်ကျောင်းသားသမဂ္ဂက ဝေဖန်ကန့်ကွက်တယ်။ ဗိုလ်နေဝင်းအစိုးရဟာ ဖဆဆိုရှယ်ခေတ်ကထက် ပိုဆိုးတယ်။ ကျောင်းသားသမဂ္ဂအပေါ်မှာ အမြင်မကြည်ဘူး။ ပိုဆိုးတယ်။ အငြိုးအတေးကြီးသူလည်း ဖြစ်တယ်။ စစ်အစိုးရရဲ့တင်းကျပ်တဲ့ကျောင်းစည်းကမ်းတွေကြောင့် ကျောင်းဆောင်နည်းပြဆရာတချို့ နုတ်ထွက်သွားတယ်။ ၁၉၆၂ ခုနှစ် မေ ၁၇ ရက်နေ့မှာ ဗိုလ်နေဝင်းက ၅၈ ခုနှစ် အိမ်စောင့် အစိုးရကာလက ပညာရေးဝန်ကြီးဟောင်း ဦးကာကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ်ခန့်တယ်။ ပါမောက္ခချုပ်သစ် ဦးကာဟာ စစ်ဗိုလ်ကိုယ်ရံနှစ်ယောက်နဲ့ တက္ကသိုလ်အဓိပတိရုံးမှာ နေ့စဉ် ပစ္စတိုခါးကြားထိုးပြီး ရုံးတက်တာ တွေ့ရတယ်။

၁၉၆၂ ခုနှစ် ဖွန်လ ၁၈ ရက်နေ့မှာ မတရားတဲ့အဆောင်စည်းကမ်း ထုတ်ပြန်တယ်။ တက္ကသိုလ်အဆောင် အသီးသီး အဝင်အထွက်ကို စာရင်းကောက်ပြီး ထောက်လှမ်းရေးကို အစီရင်ခံနေရတဲ့ဘဝ ဖြစ်နေတယ်။ ကန့်သတ်ချုပ်ချယ်မှုတွေ လုပ်လာတယ်။ ကျောင်းသားတွေရဲ့ လွတ်လပ်စွာပညာသင်ကြားရေး၊ နေထိုင်မှုဘဝတွေ ကျောင်းသားထုတွင်းမှာ မလွတ်မလပ်ခံစားရင်ဖွင့်နေတာတွေကို မသိဟန်ဆောင်နေတယ်။ သူတို့ထုတ်တဲ့ အဆောင်စည်းကမ်း ဆိုတာက ကျောင်းဆောင်မှူးနဲ့ အဆောင်နေကျောင်းသားတွေ ရန်တိုက်ပေးသလို ဖြစ်နေတယ်။ ည ၉ နာရီကျော်ရင် အဆောင်အပြင် မထွက်ရ၊ သက်သတ်လွတ်စားသူ တရက်နစ်ရက်ခွင့်မပေးဘဲ တနစ်လုံးစားမှ ခွင့်ပေးမယ် စတဲ့ ကျောင်းသားတွေရဲ့ အခြေအနေနဲ့ မကိုက်တဲ့ စည်းကမ်းချက်တွေ ထုတ်လိုက်တော့ မလိုလားအပ်တဲ့ ပဋိပက္ခတွေ ဖြစ်ပေါ်လာတယ်။

၁၉၆၂ ခုနှစ် ဇူလိုင် ၃ ရက်မှာ တကသခန်းမမှာ ကျောင်းသားခေါင်းဆောင်များ ဦးစီးတဲ့ ကျောင်းသားထုအစည်းအဝေး ကျင်းပပြီး အခြေအနေနဲ့မကိုက်တဲ့ ကျောင်းဆောင်စည်းကမ်းဖျက်သိမ်းရေး စတာတွေ ဆွေးနွေးကြတယ်။ ဇူလိုင်လ ၇ ရက် စနေနေ့မှာ ကျောင်းသားထုအစည်းအဝေးကြီး ကျင်းပကြရန် ဆုံးဖြတ်ကြပြီး နောက်နေ့ အစည်းအဝေးကြီးအတွက် ကျင်းပကြရန် ပြင်ဆင်ကြတယ်။

ဇူလိုင် ၇ ရက် နံနက်စောစောကပဲ ကျောင်းသားသမဂ္ဂ အစည်းဝေးခန်းမအပေါ်ထပ်က ဘယ်ညာ အသံချဲ့စက်နှစ်လုံး တပ်ဆင်ပြီး တက္ကသိုလ်တေးသီချင်းများ၊ ဒို့ဗမာတေးသီချင်းများ၊ သမဂ္ဂသီချင်းများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးတေးသံများ အသံလွှင့်ထုတ်နေပါတယ်။ တက္ကသိုလ်အသီးသီးမှ ဖိတ်ကြားထားတဲ့ ကျောင်းသားကျောင်းသူများ နယ်အသီးသီးက ဖိတ်ကြားထားတဲ့ ဧည့်သည်များ၊ လူမျိုးစုအသီးသီးက ကျောင်းသားကိုယ်စားလှယ်များ၊ တက္ကသိုလ်အဓိပတိလမ်းကနေ၊ ဗိုလ်အောင်ကျော် ကျောက်တိုင်ရှေ့ကနေ၊ တကာသစာဖတ်ခန်းကနေ အစည်းဝေးခန်းမဆီ သွားရောက် နေရာယူနေကြပြီ။ ယခင်တက္ကသိုလ်ဆေးရုံ၊ တက္ကသိုလ်စာအုပ်ဆိုင်၊ တက္ကသိုလ်ဓမ္မာရုံ (ဗုဒ္ဓဘာသာ) တို့ရှေ့ပြည်လမ်းမှာ ကမာရွတ်အဝိုင်းလေးဆိုတာရှိတယ်။ (အဝိုင်းလေးဖျက်ပြီး ပြည်လမ်းဂုံးကျော်တံတား) ဆောက်လုပ်ထားတယ်။ ဟိုအရင်က အဝိုင်းလေးကျော်ပြီး ပြည်လမ်းနဲ့ အင်းစိန်လမ်း သွားနိုင်တယ်။ ဓမ္မာရုံဘေးကဖြတ်ပြီး တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီး (ယခု ချိုးနွယ်နဲ့ မြက်တွေ တောထနေတဲ့ ဗုံးခွဲဖျက်ဆီးထားတဲ့မြေကွက်လပ်) ရှိတယ်။

၇ ရက်နေ့နံနက်ကစပြီး တကာသ အဆောက်အဦးရှေ့မှာ၊ ဗိုလ်အောင်ကျော်ကျောက်တိုင်ရှေ့က မြက်ခင်းပြင်မှာ ကျောင်းသားများ သွားကြလာကြနဲ့ စည်စည်ကားကားပဲ။ ကျောင်းသားကျောင်းသူများ သမဂ္ဂအစည်းအဝေး ခန်းမမှာ နေရာယူကြတယ်။ နံနက် ၉ နာရီကျော်မှာဆိုရင် တကာသ အစည်းဝေးခန်းမဟာ ကျောင်းသူကျောင်းသားများနဲ့ ပြည့်လျှံလာတယ်။ ကျွန်တော်နဲ့ကျောင်းဆောင်သူငယ်ချင်းတွေ နံနက်စောစော ထမင်းစားကြတယ်။ အစည်းဝေးတက်ရန် ပြင်နေကြတယ်။ ကျွန်တော်က ပင်းယကျောင်းဆောင် ဒုတိယထပ်အမှတ် (၅၀) မှာနေတယ်။ ကျွန်တော့်ရဲ့အခန်းပါတနာက မော်လမြိုင်ကဖြစ်တယ်။ ဝိဇ္ဇာသိပ္ပံ (က) တန်းတက်နေတယ်။ ကျွန်တော်က ဥပစာ (သိပ္ပံ ခ) တန်းတက်နေတယ်။ ကျွန်တော်တို့ တကာသ အစည်းဝေးခန်းမကို သွားကြတယ်။ ကျောင်းသားတွေ အပေါ်ထပ်၊ အောက်ထပ် ပြည့်နေပြီ။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်လည်း အစည်းဝေးခန်းမထဲမှာ လူချင်းကွဲသွားကြတယ်။ တယောက်တနေရာ နေရာယူ အစည်းဝေးတက်ကြရတယ်။ နောက်ဆုံး ရှမ်းပြည်နယ်ကျောင်းသားကိုယ်စားလှယ်တွေ ရှမ်းဘောင်းဘီ အမျိုးသားဝတ်စုံနဲ့ ခေါင်းပေါင်းစတလူလူနဲ့ ကျွန်တော်တို့ရှေ့မှာ နေရာယူကြတယ်။ သူတို့နောက်မှာကျွန်တော်တို့ နေရာရတယ်။ အစည်းအဝေးကို တကာသ၊ ရကာသ၊ ဗကာသနဲ့ လူမျိုးစုကိုယ်စားလှယ်တွေ နယ်က ဖိတ်ထားတဲ့ကျောင်းသားကိုယ်စားလှယ် ဧည့်သည်တွေ စုံညီရောက်ရှိပြီး အစည်းအဝေးကို သဘာပတိက ဖွင့်လှစ်ပြီး ကျောင်းသားထုအစည်းအဝေးကြီး စတင်တယ်။ တကာသ ခန်းမတခုလုံး"မတရားတဲ့အဆောင်စည်းကမ်း ကန့်ကွက်ကြ" "ကျောင်းသားအခွင့်အရေး ကာကွယ်ကြ" "စစ်ဖိနပ်သံခွာအောက်က အဆောင်စည်းကမ်းတွေ ကန့်ကွက်ကြ" စတဲ့ကြွေးကြော်သံများ တခန်းလုံး ပဲ့တင်ထပ် မြည်ဟိန်းနေပါတော့တယ်။ တကာသဥက္ကဋ္ဌ ကိုဗဆွေလေးတို့၊ ဗကာသ ခေါင်းဆောင် ကိုသက်တို့၊ ရကာသခေါင်းဆောင်၊ လူမျိုးစုကိုယ်စားလှယ်အသီးသီး အဆိုတင်သွင်းကြ၊ ထောက်ခံကြပြီး အခမ်းအနားကို ကြွေးကြော်သံများနဲ့ ပြီးဆုံးစေခဲ့ပါတယ်။ ကျောင်းသားကျောင်းသူအသီးသီးလည်း မိမိသက်ဆိုင်ရာ အိပ်ဆောင်များကို ပြန်ကြတယ်။ နေ့ကျောင်းသားများလည်း ရန်ကုန်မြို့ထဲပြန်ကြတယ်။ အသီးသီးအနားယူကြတယ်။

ကျွန်တော်နဲ့ အခန်းဖော်သူငယ်ချင်းလည်း မြို့ထဲကို သုံးနာရီခွဲ ရုပ်ရှင်ကြည့်ဖို့ ထွက်သွားတယ်။ သမဂ္ဂစားသောက်ဆိုင်ထဲနဲ့ စာဖတ်ခန်းမှာတော့ ကျောင်းသားခေါင်းဆောင်တချို့နဲ့ ကျောင်းသားတချို့ ရှိနေတယ်။

ညနေပိုင်း အမှတ် (၉) လိုင်းကားနဲ့ ကုက္ကိုင်းလမ်းဆုံကနေ အဆောင်ကိုပြန်လာတယ်။ ကားက လမ်းဆုံရောက်တော့ တက္ကသိုလ်ရိပ်သာလမ်းကို ကားဆရာက ဆက်မသွားတော့ဘူး၊ တက္ကသိုလ်ဘက်မှာ စစ်သားတွေ ပြည့်နက်နေတယ်။ ကျောင်းသားတွေ ဆင်းပြီး လမ်းလျှောက်ပြန်ကြဖို့ ပြောတယ်။ ဘာတွေဖြစ်မှန်းမသိဘူးတဲ့။ ကားပေါ် မှာကျောင်းသူကျောင်းသားတွေလည်း ကျွန်တော်တို့နဲ့အတူ ဖြတ်လမ်းကနေ ဆရာတွေနေတဲ့ အဆောင်တွေ ဖြတ်ကျော်ကြတယ်။ ခြံစည်းရိုးကျော်တက်၊ ပါမောက္ခနေတဲ့အိမ်တွေ၊ လမ်းကြိုလမ်းကြားဖြတ်ပြီး ပုဂံလမ်းကနေ ရေကူးကန်လမ်းဘက်၊ အဲဒီကနေ သထုံလမ်းဘက် လျှောက်ကြတယ်။ သထုံလမ်းရောက်ပြီဆိုရင် စစ်သားတွေ တက္ကသိုလ်ဆေးရုံဘက်မှာ မောင်းပြန်သေနတ်ကိုယ်စီနဲ့ နေရာယူလမ်းလျှောက်နေကြတယ်။ လမ်းပိတ်ထားတယ်။ ကျော်ဖြတ်လို့မရတော့ဘူး။ တက္ကသိုလ်နယ်မြေမှာ ပစ်ခတ်မှုဖြစ်ပြီဆိုတာ သိရတယ်။ ဆရာတွေနေတဲ့ ကျောင်းဆောင် ခြံစည်းရိုးအထပ်ထပ်နဲ့ သထုံဆောင်တို့ကို ကျော်ပြီး ပင်းယဆောင်လမ်းဘက်ထွက်တယ်။ အင်းဝ၊ သထုံ၊ ပင်းယ ဘက် က ထမင်းစားဆောင်တွေမှာ ကျောင်းသား အဝင်အထွက် မတွေ့ရဘူး။ အလုပ်သမား တယောက်နှစ်ယောက်ပဲ တွေ့ရတယ်။

ထမင်းစားခန်းတွေမှာ ကျောင်းသားတွေ မရှိကြဘူး။ ဘယ်ရောက်ကုန်လဲ မသိဘူး။ ကျွန်တော်တို့လည်း လေးငါးဆယ် ယောက် မပြည့်ဘူးထင်တယ်။ ထမင်း ရှိတာနဲ့စားပြီး အိပ်ခန်းကိုပြန်ကြတယ်။

ထမင်းစားခန်းမှာလည်း သူငယ်ချင်းတွေ မစုံမလင်နဲ့၊ ကျောင်းဆောင်စာဖတ်ခန်းမှာလည်း ကျောင်းသားတွေ အနည်းအကျဉ်းပဲ တွေ့ရတယ်။ အချိန်ကလည်း ညနေစောင်းပြီ။ ကျောင်းဆောင်တခုလုံး ခြောက်ကပ်နေတယ်။ ကျောင်းဆောင်ကနေအထွက် အဓိပတိလမ်းပေါ်ကြည့်လိုက်တော့ မောင်းပြန်သေနတ်နဲ့စစ်သားတွေ လမ်းလျှောက် နေတယ်။ အဆောင်တံခါးလည်း သော့ခတ်ထားတယ်။ အဓိပတိလမ်းမပေါ်ထွက်တဲ့ တံခါးမကြီးလည်း သံကြိုးနဲ့ သော့ ခတ်ပိတ်ထားတယ်။ နေ့စဉ် ဥဒဟိုလမ်းလျှောက်နေတဲ့ အဆောင်လမ်းမပေါ်မှာလည်း ကျောင်းသားတွေ မတွေ့ရတော့ ဘူး။ ကျောင်းသားတချို့ အဆောင်အဝင် အုတ်နံရံမှာ ကျည်ဆန်ရာတွေ လက်ညှိုးနဲ့ ထောက်ကြည့်နေတယ်။ အဓိပတိ လမ်းမပေါ်က ဂျီသရီးမောင်းပြန်သေနတ်နဲ့ အဆောင်ကို လှမ်းပစ်ထားတာကိုး။ ကျွန်တော်တို့အညာက သူငယ်ချင်းက "မင်းတို့အစည်းအဝေးအပြီး မြို့ထဲသွားနေတုန်း သမဂ္ဂလက်ဖက်ရည်ဆိုင်၊ စာဖတ်ခန်းထဲ ကျောင်းသားခေါင်းဆောင် တွေ ဝိုင်းဖွဲ့စကားပြောနေတုန်း အရပ်ဝတ်နဲ့ ထောက်လှမ်းရေးတွေက အကြမ်းဖက် ဝင်ဖမ်းတယ်။ ထောက်လှမ်းရေးနဲ့ ရဲ/စစ်စုံထောက်တွေ တကာသလက်ဖက်ရည်ဆိုင်ထဲ ကျောင်းသားတွေကို ရိုက်နှက်ထိုးကြိတ်ဖမ်းသွားတယ်။ ကျောင်း သူကျောင်းသားတွေ ပြေးကြလွှားကြနဲ့ ဖြစ်ကုန်တယ်။

မကြာခင်မှာပဲ အဓိပတိလမ်းမကြီးကနေ စစ်ကားဝင်လာပြီး နေရာယူတယ်။ နောက် ကျောင်းသားတွေကို ပစ် ခတ်တယ်။ ဗိုလ်အောင်ကျော်ကျောက်တိုင်ဘေးမှာ သေနတ်ဒဏ်ရာနဲ့ ကျောင်းသားတွေ လဲကျထွက်ပြေးကြတယ်။ တကာသ မြက်ခင်းကနေ မန္တလေးကျောင်းဆောင်ထဲကို လှမ်းပစ်တယ်။ ကျောင်းသားတွေ အဓိပတိလမ်းမကြီးအတိုင်း ထွက်ပြေးတော့ သေနတ်နဲ့ လိုက်ပစ်တယ်။ ငါလည်း မန္တလေးကျောင်းဆောင်ရှေ့က ရေမြောင်းထဲမှာ ဝမ်းလျားမှောက် ဝပ်ပြီး ရေမြောင်းအတိုင်းထွက်ပြေးတယ်။ လမ်းမကြီးအတိုင်း ပြေးတယ်။ စစ်ကိုင်းကျောင်းဆောင်ရှေ့ရောက်မှ အ ဆောင်ထဲ ဝင်ပြေးလို့ လွတ်ခဲ့တာ။"လို့ သူငယ်ချင်းသန်းနိုင်က ပြန်ပြောပြမှ အဖြစ်မှန်တွေ သိရတော့တယ်။

ည ၇ နာရီလောက်မှာ ပင်းယကျောင်းဆောင်တွေက ကျောင်းသားတွေ ပြန်ရောက်လာတယ်။ ကျောင်း ဆောင်တခုလုံး ကျောင်းသားရာကျော်ရှိတယ်။ အခု ၅၀ လောက်ပဲတွေ့ရတယ်။ ကျောင်းသားတွေ စာဖတ်ခန်းထဲ စကားစမြည် ပြောကြတယ်။ ကျောင်းသားဆန္ဒပြပွဲအပြီး အဖြစ်အပျက်တွေ တယောက်တမျိုးအသံတွေကြားရတယ်။ ည ၈ နာရီသတင်းမှာတော့ ဗိုလ်နေဝင်းက အပ်တိုတချောင်းမှမရှိတဲ့ ကျောင်းသားတွေကို "ဓား-ဓားချင်း"ဆိုပြီး ကြိမ်း မောင်းအသံလွှင့်တယ်။" ကျောင်းဆောင်က နှင်ထုတ်တယ်။

ညနေပိုင်း စစ်တပ်က ကျောင်းသားတွေ ရာကျော်ကို တကာသရင်ပြင်မှာ မောင်းပြန်သေနတ်နဲ့ ပစ်ခတ်တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် စကားပြောနေကြတာ ညနက်သွားပါတယ်။ ဇူလိုင်လ ၈ ရက် နံနက်စောစော ဝေလီဝေလင်းမှာ "ဗုန်း၊ ဝုန်း၊ ဒိုင်း" အသံကျယ်ကြီးမြည်ဟည်းပြီး အခန်းတံခါးပွင့်ထွက်သွားပါတယ်။ ကျွန်တော့် သူ ငယ်ချင်း နိုင်ဝင်းက "အား..ဝူး"ပါးစပ်က လန့်ဖြန့်အော်ဟစ်ပြီး တံခါးအပြင် ထွက်ပြေးပါတယ်။ ကျွန်တော်လည်း အ ဆောင်တခုလုံး တုန်လှုပ်ရိုက်ခတ်သွားလို့ အိပ်ရာကလန့်နိုးပြီး သူငယ်ချင်းနောက် ထွက်လိုက်ပါတယ်။ ခြင်ထောင်ကြိုး တန်းတွေ အကျီချိတ်တွေ ပြုတ်ကျကုန်တယ်။ ကျွန်တော့်သူငယ်ချင်းက မိုးကောင်းကင်ကို လက်ညှိုးထိုးပြနေတယ်။ ထမင်းစားဆောင်အပေါ်က မီးခိုးလုံးတွေ သထုံဆောင်၊ အားကစားဆောင် Gymnasium ပေါ်က မီးခိုးပြာတွေ၊ မီးတ ပိုင်းတစလောင်ထားတဲ့ စာရွက်တွေ၊ ဖိုင်ဘာပြားတွေ အုတ်ကြွပ်ပဲ့နဲ့ သွတ်ပြား၊ သံပြားတွေ ကောင်းကင်မှာ ပျံတက်နေ တယ်။ ပလူကောင်တွေ ပျံနေသလိုပဲ။ မီးခိုးပြာတွေ အာကာသမှာပျံနေတာကြည့်ရင်း ဘယ်ကနေပေါက်ကွဲမှုဖြစ်ပြီး မီး ခိုးလုံးတွေ တက်နေတာလဲ။ စုံစမ်းကြည့်နေကြတယ်။ ကျောင်းသားအများအပြား အိပ်ရာက ထပြေးလာကြတယ်။

ကျွန်တော့်သူငယ်ချင်းက မြေညီထပ်ဆင်းကြည့်ရအောင်ဆိုပြီး ဒုတိယထပ်ကနေဆင်းသွားကြတယ်။ ထမင်း စားခန်းထဲကနေ သထုံကျောင်းဆောင်ကော်ရစ်တာကို ဆက်လျှောက်တယ်။ အဲဒီကနေ မီးခိုးထွက်တဲ့ ပေါက်ကွဲတဲ့နေ ရာကို ကြည့်လိုက်တော့ အလေးမခန်း အားကစား (Gymnasium) ခေါင်မိုးကြီးပဲ့ထွက်ပြီး နံရံတပိုင်း ပြိုလဲပျက်ကျပြီး

လိမ္မော်ရည်ပုလင်းတွေ၊ နို့ပုလင်းတွေ၊ အားကစားပစ္စည်းကိရိယာတွေ ကွဲပြဲ၊ အုတ်နံရံတွေ ပြိုကျနေတာ တွေ့လိုက်ရတဲ့မြင်ကွင်းက "ငါတို့ရဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို နံရံကပ်ဗုံးနဲ့ ဖောက်ခွဲဖြိုချခံရတာကို မျက်မြင်ကိုယ်တွေ့ မြင်ရတော့ လာကြည့်တဲ့ကျောင်းသားတွေ ဗုံးခွဲဖျက်ဆီးခံရတဲ့မြင်ကွင်းအောက်မှာ ငြိမ်ကျငေးမောနေတာ တွေ့ရတယ်။ စကားလည်းမပြောကြဘူး။ နံရံကပ်ဗုံးဟာ လေးဘက်လေးတန် စနစ်တကျကပ်ပြီး ဖြိုခွဲတာဖြစ်တယ်။ သမဂ္ဂခန်းမရဲ့သံဘောင်တွေ ကင်းမြီးကောက်ထောင်သလို ကောင်းကင်မှာ ထောင်နေတယ်။ သမဂ္ဂခေါင်းဆောင်ပုံ ချိတ်ဆွဲထားတဲ့ နံရံဓာတ်ပုံ ပန်းချီကားတွေလည်း ထောင်လျက်သား မြေမှာခနေတယ်။ အုတ်ကျိုးအုတ်ပဲ့တွေလည်း ပိရမစ်တြိဂံပုံစံနဲ့။ အိုးခွက်တွေကြားမှာ ထိုင်ခုံကျိုးတွေ လဲလျောင်းနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သမဂ္ဂအဆောက်အဦ အုတ်ပုံဘေးမှာ ကျောင်းသားအချို့ အချိန်အတော်ကြာ ငြိမ်သက်စွာ ဦးညွှတ်နေတာ တွေ့ရတယ်။ မန္တလေးဆောင်ရှေ့ထိ အုတ်ကျိုးအုတ်ပဲ့၊ စာရွက်တွေ၊ ပြာတွေ ပျံ့နှံ့နေတယ်။

၈ ရက်နေ့နံနက် ဝေလီဝေလင်းမှာ ဗုံးခွဲခံရတဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦ အုတ်ပုံရှေ့မှာ ရောက်ရှိနေကြတဲ့ အဆောင်အသီးသီးက ကျောင်းသားတွေ၊ အနီးအနားက ကျောင်းသားတချို့ ဗိုလ်အောင်ကျော်ကျောက်တိုင်ဘေးမှာ မြေခနေတဲ့ သမဂ္ဂအဆောက်အဦးအုတ်ပုံကို ဝမ်းနည်းကြေကွဲစွာ ကသိုဏ်းရှုနေတဲ့ ပုံရိပ်ဟာ နှစ်ရာပြည့်မက နှစ်အထောင်အသောင်းတိုင် မေ့နိုင်ဖွယ်ရာမရှိပါ။

၈ ရက်နေ့ အဆောင်နေကျောင်းသားများ နံနက်ထမင်းစားချိန် ၉ နာရီကျော်ပေမယ့် ထမင်းမစားရသေးပါ။ ကျောင်းဆောင်ဝန်ထမ်းများ ဗုံးခွဲတဲ့အသံကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရာ တက္ကသိုလ်ဆရာများကိုယ်တိုင် လိုက်လံရှာဖွေ ခေါ်ယူနေရတယ်။ အဆောင်အသီးသီးက ကျောင်းသူကျောင်းသားတွေလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိပါ။ ကျောင်းဆောင်တွေမှာ ညလာအိပ်တဲ့ ကျောင်းသားတွေ ဆယ်ဂဏန်းပဲ တွေ့ရတယ်။ တက္ကသိုလ်နယ်မြေတခုလုံး ခြောက်ကပ်နေတယ်။ လက်ဖက်ရည်သောက်ချိန်၊ ထမင်းစားချိန်မှာ ကျောင်းသားတွေမစုံညီတော့ပါ။ သေသလားရှင်သလား၊ သူငယ်ချင်းတွေပျောက်နေတယ်။ တက္ကသိုလ်နယ်မြေမှာလည်း စစ်သားတွေ သေနတ်ချထားပြီး အဆောင်တွေကို ကျောပေး ခြေဆင်းပြီး အိပ်စက်အနားယူနေကြတယ်။ အဆောင်တံခါးတွေပိတ်ပြီး လုံခြုံရေးအစောင့်တွေ ချထားတယ်။ တဆောင်နဲ့တဆောင်ကူးသန်းခွင့် မပြု။ ပဲခူး၊ ပင်းယ၊ စစ်ကိုင်း၊ ရွှေဘို၊ သထုံဆောင်တွေ ကူးသန်းခွင့်ပါ ပိတ်ထားပါတော့တယ်။

ရန်ကုန်မြို့တွင်းနဲ့ အနီးအနားက ကျောင်းသားမိဘတွေ ကျောင်းကြီး ရက်အကန့်အသတ်မရှိ ပိတ်လိုက်လို့ အဆောင်တွေမှာ မိဘဆွေမျိုးတွေ မျက်နှာငယ်ကလေးတွေကိုယ်စီနဲ့ မျက်ရည်တလည်လည်နဲ့ ကားကိုယ်စီ စစ်သားလုံခြုံရေးနဲ့ အိမ်ပြန်ခေါ်ဖို့ ရောက်ရှိလာကြတယ်။ အဆောင်နေကျောင်းသားတွေလည်း အိပ်ရာလိပ်၊ သေတ္တာ၊ ဆွဲအိတ်ကိုယ်စီဆွဲလို့ ကျန်ရစ်နေသေးတဲ့ အဆောင်နေကျောင်းသားများကို လည်ပြန်ကြည့်ပြီး ဝမ်းနည်းစွာနဲ့ အမိတက္ကသိုလ်နယ်မြေက ခွဲခွာကြပြီ။ ဘယ်မှမပြန်နိုင်တဲ့ နယ်ကျောင်းသားတွေနဲ့ ပြည်နယ်ကျောင်းသားတွေကတော့ အဆောင် အသီးသီးမှာ ခြေမိုင်လက်မိုင်ချ စကားတီးတိုးပြောနေတယ်။ ညနေစောင်းမှာတော့ တက္ကသိုလ် အဆောင်အသီးသီးက ကျောင်းသားတွေရဲ့အသံတွေ ထွက်လာတယ်။ "မီးတွေပိတ်လိုက်ပြီ - မီးတွေပိတ်လိုက်ပြီ" "မီးအမြန်ဖွင့်ပေးပါ" "မီးအမြန်ဖွင့်" ပြိုင်တူအော်သံတွေ ထွက်လာတယ်။ အဆောင်တွေ ဆန္ဒပြအော်ဟစ်လာတယ်။ ခဏနေတော့ ကျောင်းသားတချို့ "ရေမလာတော့ဘူး" "ရေမလာ တော့ဘူး - ရေပေးပါ - ရေပေးပါ"အသံတွေ အော်ဟစ်တောင်း ဆိုကြပြန်တယ်။ ကျွန်တော်တို့ နယ်ကျောင်းသားတွေလည်း ရေမီးဖြတ်ကုန်ပြီ။ "စစ်အစိုးရအလိုမရှိ" အော်ဟစ်ဆန္ဒပြ၊ သံချောင်းခေါက်ကြတယ်။

ကျောင်းသားတွေက အဆောင်မှူးတွေကို တံခါးဖွင့်ပေးဖို့ တောင်းဆိုကြတယ်။ ကျောင်းသားရေးမှူးကို အော်ဟစ်ခေါ်ကြတယ်။ တက္ကသိုလ်အဆောင်တွေမှာ သံချောင်းခေါက်သံ၊ သံပုံးတီးသံ၊ ကြွေးကြော်အော်ဟစ်သံတွေနဲ့ ညနေပိုင်းမှာ ဆူညံနေပါတယ်။ တက္ကသိုလ်အဓိပတိလမ်းမပေါ်နဲ့ ဂိတ်ဝင်းထရံတွေမှာ မောင်းပြန်သေနတ်နဲ့ ပါးကွက်သားတွေ လမ်းလျှောက်တာတွေ့ရတယ်။

ရန်ကုန်တက္ကသိုလ် ဖွဲ့စည်းတည်ဆောက်ကတည်းက တက္ကသိုလ်ဂုဏ်အင်္ဂါနဲ့အညီ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ အရှေ့တောင်အာရှမှာ ထင်ရှားကျော်ကြားတဲ့ တက္ကသိုလ်ကြီးပါ။ နိုင်ငံခြားတိုင်းသား

တွေကပါ ပညာလာသင်ကြားတဲ့ တက္ကသိုလ်ကြီးပါ။ အာရှ၊ အာဖရိကမှ ကျောင်းသားတွေ ကျွန်တော်တို့ကိုယ်တွေ့ မြင်တွေ့ခဲ့ရပါတယ်။ တက္ကသိုလ်မှာ အုပ်ချုပ်ရေးကလည်း လွတ်လပ်ပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်တွေဟာ အဓိပတိတာဝန်ယူကြတယ်။ တက္ကသိုလ်မှာ တက္ကသိုလ်ကောင်စီဆိုတာ ဖွဲ့စည်းထားတယ်။ ပါမောက္ခနဲ့ ကျောင်းသား ကိုယ်စားလှယ်တွေပါတယ်။ တရားဝင် ကျောင်းသားသမဂ္ဂတွေ ရှိတယ်။ တက္ကသိုလ်ကျောင်းဆောင်တိုင်းမှာ အဆောင် မှူးဆိုတာ ရှိတယ်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားရေးမှူးဆိုတာ ရှိတယ်။ ၁၉၆၀ ခုနှစ်ပိုင်းမှာ ကျောင်းသားရေးမှူး ဦးစံထွန်း၊ ဆရာဦးယုခင်၊ ကျောင်းသားကိုယ်စားလှယ်တွေ ဆရာကြီးတွေ ရှိကြတယ်။ ဆရာဦးစံထွန်းဟာ ရန်ကုန်တက္ကသိုလ်မှာ ဝါရင့်တဲ့ ထင်ရှားတဲ့ ကျောင်းသား ကျောင်းသူတွေ ချစ်ခင်လေးစားတဲ့ ဆရာကြီးပါ။ ကျောင်းသားတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေမှာ ရှေ့တန်းကနေ ကူညီဆောင်ရွက်ပေးပါတယ်။ တက္ကသိုလ်ရဲ့ ကျောင်းဆောင် ထမင်းစားပွဲ၊ ပျော်ရွှင်ပွဲတွေမှာလည်း ဆရာ ပါတယ်။ အားကစား၊ ပညာရည်ချွန်ဆုပေးပွဲတွေမှာလည်း ပါပါတယ်။ ဆရာဦးစံထွန်းဟာ သဘောကောင်းတယ်။ ဖော်ရွေတယ်။ ကျောင်းသားကျောင်းသူတွေနဲ့ လက်ပွန်းတတီး ပြောဆိုဆက်ဆံတယ်။ ကျောင်းသားတွေက၊ ကျောင်းသူတွေက ကိုယ်ရေးကိုယ်တာကအစ ဆရာကို ရင်းရင်းနှီးနှီးတိုင်ပင်ကြတယ်။ ကျောင်းသားတွေနဲ့ ဆရာဆက်ဆံရေးဟာ ချစ်ကြောက်ရိုသေ ဆက်ဆံမှု ဖြစ်တယ်။ ဆရာကတော့ ပွင့်လင်းပျော်ရွှင်စွာ ပြောဆိုတတ်တဲ့ ကျောင်းသားရေးမှူး ဆရာကြီးဖြစ်ပါတယ်။

၈ ရက်နေ့ညနေပိုင်းမှာလည်း အဆောင်အသီးသီးမှာ မီးဖြတ်၊ ရေဖြတ်နဲ့ ထမင်းလည်းမစားရသေးတော့ အော်ကြဟစ်ကြ သံချောင်းခေါက်ကြနဲ့ အဆောင်တွေမှာ ဆန္ဒပြနေကြတယ်။

ကျောင်းသားရေးမှူး ဆရာဦးစံထွန်းနဲ့ ဆရာတယောက်ဟာ အဓိပတိလမ်းကနေ စစ်ကိုင်းဆောင်၊ အင်းဝက ပဲခူးဆောင်ရှေ့လမ်းအတိုင်း လျှောက်လာပါတယ်။ အဆောင်ရှေ့တွေမှာ ထီးတချောင်းနဲ့ လက်မြှောက်ရမ်း နှုတ်ဆက်ပြနေတယ်။ အဆောင်ရှေ့ရောက်တိုင်း ကျောင်းသားတွေက "ဒို့ဆရာကြီးလာပြီဟေ့" လို့ အော်ဟစ်နှုတ်ဆက်ကြတယ်။ ကျောင်းသားတွေက ဝမ်းပန်းတသာ နှုတ်ဆက်ကြ၊ အော်ကြနဲ့ ဆူညံသွားတယ်။ ကလေးလိုပဲ ကျောင်းသားတွေက "ထမင်းဆာပြီ၊ ရေဖွင့်ပေးပါ၊ မီးဖွင့်ပါ"လို့ အော်ပြောနေတယ်။ သံချောင်းတွေ၊ သံပိုက်လိုင်းတွေကိုခေါက်အော်ဟစ်နှုတ်ဆက်တယ်။ ပင်းယဆောင်ရှေ့ရောက်ပြီ။ အဆောင်ရှေ့ရောက်တော့ ဆရာ့ကို သေသေချာချာ ကော်ရစ်တာက ကြည့်မိတယ်။ ကျောင်းသားရေးမှူး ဆရာဦးစံထွန်းရဲ့ မျက်နှာမှာ ညှိုးငယ်နေတယ်။ အမြဲတမ်း ကျောင်းသားတွေနဲ့တွေ့ရင် ပြုံးရယ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ နှုတ်ဆက်စကား ပြောတတ်တဲ့ဆရာဟာ မပြုံးရွှင်နိုင်တော့ပါ။ မချိပြုံးလေးနဲ့ ငိုတော့မလိုနဲ့ "ဆရာလာပြီဟေ့ - ဆရာလာပြီ၊ စားဖိုချောင်က အလုပ်သမားတွေ ဆရာခေါ်လာပြီ။ ထမင်းစားရတော့မှာပါ။ ရေမီးတွေလည်း ပြန်လာတော့မှာ၊ ဆရာစီစဉ်ထားပြီ။ အားမငယ်ကြနဲ့တပည့်တို့" လို့ ငိုသံကြီးနဲ့ အဆောင်ပေါ်ကို အော်ဟစ်ပြောပါတယ်။ ကျောင်းသားတွေလည်း ဆရာ့အနားကပ်ပြီး နှုတ်ဆက်သူကနှုတ်ဆက်၊ လက်ကိုဆွဲအင်္ကျီဆွဲသူကဆွဲနဲ့ ဆရာ့ကို အခုမှပဲ တွေ့ရတော့တယ်လို့ အော်သူအော်ကြတယ်။ လက်ခုပ်ဝိုင်းတီးပြီး ပြောကြတယ်။ ဆရာလည်း ကျောင်းသားတွေရဲ့အားပေးသံကြောင့် ဆရာ့မျက်နှာ ပြုံးရွှင်တာ တချက် တွေ့လိုက်ရတယ်။ တက္ကသိုလ်ကျောင်းသားအားလုံး ချစ်တဲ့ဆရာ။ ကျောင်းသားတွေကို အပြန်အလှန် နွေးထွေးမှုနဲ့ လမ်းလျှောက်နှုတ်ဆက်ရင်း.. တက္ကသိုလ်ကံ့ကော်တောက အဓိပတိလမ်းမကြီးက ဝမ်းနည်းစွာနှုတ်ဆက်ရင်း... လမ်းတလျှောက်လုံး လက်မြှောက် နှုတ်ဆက်ရင်း... ခွဲခွာသွားသည်မှာ အနှစ် ၅၀ ကျော်သွားပါပြီ။

ကိုလိုနီပညာရေးစနစ် ပြုပြင်ရေး၊ ကျောင်းသားအခွင့်အရေးကာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အရည်အချင်းပြည့်ဆရာ အလုံအလောက်ရရှိရေး၊ ခေတ်အဆက်ဆက် ကျောင်းသားထုတိုက်ပွဲများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက် အောင်ပွဲများသို့ တက်လှမ်းနိုင်ပါစေ။ကျောင်းသားထုကို တကယ်ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂများ ပြန်လည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ပါစေ။

ရန်ကုန်တက္ကသိုလ်ကြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပါစေ။

ခင်မောင်ဝင်း(မင်းကင်း)

၇ - ၇ - ၂၀၂၀

# လူထုတိုက်ပွဲများကို
# နည်းပေါင်းစုံဖြင့် အားဖြည့်ရေးမှသည်....

## စိုးပိုင်

၂၀၀၈ အခြေခံဥပဒေဟာ စစ်အုပ်စုအာဏာ သက်ဖိုး(ဆိုး)ရှည်ဖို့အတွက် နအဖစစ် အုပ်စုက စိတ်ကြိုက် အချိန်ယူ ပြင်ဆင်ရေးဆွဲခဲ့တာဖြစ်တယ်။ ဒီ၂၀၀၈ အခြေခံဥပဒေဟာ စစ်အုပ်စုရဲ့နိုင်ငံရေးအရ ရှေ့တန်းခံကတုတ်တခုပဲ။ နောက်ဆုံး အခိုင်အမာ ခံကတုတ်ကတော့ သူတို့ပြောနေတဲ့ "တပ်မတော်"ဆိုတဲ့ ခါးပိုက်ဆောင်ကြေးစားစစ်တပ်ပဲ။

စစ်အုပ်စုကို "စစ်သုံးစစ်" (စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်၊ စစ်ဗျူရိုကရေစီ ယန္တရား)လို့ ပြောတာဟာ စစ်အုပ်စုရဲ့ သရုပ်ကို ပေါ်လွင်စေဖို့ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ စစ်အုပ်စုကိုယ်စားပြု ကြံ့ဖွံ့ပါတီ ရွေးကောက်ပွဲ ရှုံးနိမ့်သွားပြီး ဒီချုပ် တောင်ပြိုကမ်းပြို အနိုင်ရကာ ရင်ကြားစေ့အစိုးရအဖြစ် အသွင်ပြောင်းသွားသော်လည်း၊ (စစ်အုပ်စုနှင့်အတူ) စစ်အာဏာရှင်စနစ်နဲ့စစ်ဗျူရိုကရေစီယန္တရား(ကြေးစားတပ်အပါ)တို့ဆက်လက်ရှင်သန်နေဆဲ ဖြစ်ပါတယ်။ ဒီရှေ့တန်းခံကတုတ် ကျလည်း နောက်ဆုံးခံကတုတ်ကိုအသုံးချပြီး သူတို့အာဏာကို အသေအလဲ ခုခံကာကွယ်ဦးမှာ ပဲဖြစ်တယ်။ ရှေ့တန်းခံကတုတ် ကျိုးပေါက်သွားရင် ပိုမိုစိတ်ချရအောင် တိုင်းပြည်နဲ့ ပြည်သူလူထုဆီက လုယက်ရသမျှငွေတွေနဲ့ "ပြည်တွင်းရန်"ကိုချေမှုန်းဖို့ "စွမ်းအားပြည့်ဝတဲ့ ခေတ်မီတပ်မတော်ကြီး" ကိုတည်ဆောက်နေကြတာ အများမျက်မြင်ပဲ။

၂၀၀၈ အခြေခံဥပဒေနဲ့အညီ "စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်" အရ "တရားဝင်" မှတ်ပုံတင်ကြရတဲ့ နိုင်ငံရေးပါတီတွေနဲ့ကျင်းပတဲ့ ရွေးကောက်ပွဲတွေ၊ ပေါ်ပေါက်လာတဲ့အစိုးရတွေ၊ လွှတ်တော်တွေဟာ၊ အမှန် တကယ်တော့ စစ်အာဏာရှင်စနစ်ကို အထောက်အကူဖြစ်စေဖို့ တည်ဆောက်ထားတဲ့ အသုံးချယန္တရားတွေသာ ဖြစ်တယ်။ ဒီယန္တရားတွေထဲက တခုဖြစ်တဲ့ ရွေးကောက်ပွဲမှာ စစ်အုပ်စုက ခြွင်းချန်ပေးထားတဲ့ အရေးမပါတဲ့ အာဏာ အရိုးအရင်းအတွက် နိုင်ငံရေးပါတီတွေဟာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲပြီး လူထုကိုမဲဆွယ်ကြရတယ်။ မိမိတို့ပါတီ အနိုင်ရပြီး အစိုးရဖွဲ့နိုင်ရင် "တိုင်းပြည်ကို ဘယ်လိုပြောင်းလဲ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမယ်"။ အမတ်လောင်း တဦးချင်းကလည်း မိမိမဲဆန္ဒနယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုဘာတွေ အကောင်အထည် ဖော်ပေးမယ် စတဲ့ စိတ်ကူးယဉ်ကြွေးကြော်သံတွေ ကတိတွေနဲ့မဲဆန္ဒရှင်တွေကို မဲဆွယ်ကြရတယ်။



လွန်ခဲ့တဲ့ ၁၀နှစ်တာကာလအတွင်းက လက်တွေ့ဖြစ်ရပ်ကိုပဲကြည့်ရင် တိုင်းပြည်အခြေအနေ၊ ပြည်သူလူထုတွေရဲ့ ဘဝတွေ ဘယ်လောက်တိုးတက် ပြောင်းလဲခဲ့သလဲဆိုတာ မြင်သာလှပါတယ်။

၂၀၀၈အခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ၂၀၁၀ရွေးကောက်ပွဲမှာ အများက မျှော်လင့်ထားတဲ့အတိုင်း စစ်တပ်ကျောထောက်နောက်ခံ ကြံ့ဖွံ့ပါတီက "အပြတ်အသတ်" အနိုင်ရသွားတယ်။ အစိုးရအဖြစ်တက်လာပြီး မကြာခင် စစ်ဗိုလ်လူထွက် သမ္မတက "ပြုပြင်ပြောင်းလဲရေး" အပြောတွေ၊ ဟန်ပြအလုပ်တွေနဲ့ နိုင်ငံတကာနဲ့ပြည်သူလူထုကို ခဏတော့ လှည့်စားပြနိုင်ခဲ့တယ်။ နောက်ပိုင်းတော့ တိုင်းပြည်အခြေအနေနဲ့ ပြည်သူတွေရဲ့ဘဝကတော့ ဒုံရင်းပြန်ဆိုက်တာပါပဲ။

၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲမှာတော့ တချိန်က အတိုက်အခံပါတီဒီချုပ်က "ပြောင်းလဲချိန်တန်ပြီ" ဆိုတဲ့ကြွေးကြော်သံနဲ့ စစ်အာဏာရှင်စနစ်ကို စက်ဆုပ်ရွံမုန်းနေတဲ့ ပြည်သူလူထုရဲ့ထောက်ခံမဲတွေနဲ့ "တောင်ပြိုကမ်းပြို" အနိုင်ရခဲ့တယ်။ အခုအစိုးရသက်တမ်း ငါးနှစ်နီးပါးသက်တမ်းအတွင်း ရွေးကောက်ပွဲတုန်းက ပေးခဲ့တဲ့ကတိတွေဖြစ်တဲ့ အခြေခံဥပဒေပြင်ဆင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေကို လုံးဝအောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူး။ အာဏာရှင်စနစ် နဲ့ ရင်ကြားစေ့ရေး ဘက်ကို လှည့်သွားခဲ့တယ်။

(ပထမအားဖြင့်) ရွှေဂုံတိုင်ရပ်တည်ချက်ကို ကျောခိုင်းကာ ၂၀၀၈ အောက် ခေါင်းလျှိုခဲ့တဲ့ ဒီချုပ်ပါတီ ရွေးကောက်ပွဲဝင်ကတည်းက ၁၉၉၀ ရွေးကောက်ပွဲရှုံးနိမ့်ပြီး နိုင်ငံရေးလက်ဦးမှုမဲ့နေတဲ့ စစ်အုပ်စု အသက်ရှူပေါက်ရသွားစေတယ်။ ၈ လေးလုံးကာလတလျှောက်လုံး ဒီချုပ်ကိုဝိုင်းရံပေးလာတဲ့ ဒီမိုကရေစီအင်အားစုများ တိုင်းရင်းသားအင်အားစုများအဖို့ နိုင်ငံရေးအကျပ်အတည်း ဖြစ်စေတယ်။

(ဒုတိယအားဖြင့်) အာဏာတပိုင်းရ လစ်ဘရယ်အစိုးရအနေနဲ့ ဦးကိုနီအသက်ပေးပြီး အကြံပြုခဲ့သလို ၂၀၀၈ စစ်တပိုင်းလွှတ်တော်ကိုဖျက်သိမ်း၊ ပြည်သူ့ညီလာခံခေါ်ယူ၊ ၂၀၀၈ ခြေဥကို (လူထုအားနဲ့ဖျက်သိမ်းတာ) အသစ်ပြန်လည် ရေးဆွဲတာကို (လွှတ်တော်တွင်း လွှတ်တော်ပ ပေါင်းစပ်တိုက်ပွဲ မဝင်နိုင်ရုံတင်မက) - စစ်အုပ်စုနဲ့ရင်ကြားစေ့ပြီး အခြေခံလူတန်းစား အမျိုးသားပြည်သူများအပေါ် ရန်လိုနေတာကြောင့် ဝင်ပြင်လမ်း(လွှတ်တော်တွင်းလမ်း)ဟာ ပိတ်သွားသလို ဖြစ်နေတယ်။"အတွင်း" နဲ့ "အပြင်" ဟန်ချက်ညီ ပေါင်းစပ်ပြီး အာဏာရှင်စနစ်တိုက်ဖျက်ရေး စဉ်းစားပုံမှာ လူထုတိုက်ပွဲကို "ဖိအားပေးတဲ့ လက်နက်" အဖြစ်သာ သဘောထားပါတယ်။ လူထုတိုက်ပွဲကို အသုံးချ အမြတ်ထုတ်တယ်။

လူထုတိုက်ပွဲကို (နဂါးကြီးလိုပဲ) ကြောက်လည်းကြောက်တယ်၊ ဖြဲခြောက်စရာ လက်နက်အဖြစ်လည်း အသုံးချတယ်၊ "ပြုပြင်ရေး" အသေးစားလေးတွေ မလုပ်ရင် "ဝရုန်းသုန်းကားတွေ ဖြစ်လာပြီး ပြည်ပျက်လိမ့်မယ်"ဆိုတဲ့ စကားမျိုးကို အများကြိုက် (နေရှင် အလွှာအမျိုးမျိုးအကြိုက်) စကားအဖြစ် သူတို့က ပြောရိုးပြောစဉ်စကားမျိုးလို ပြောတယ်။ ဒါပေမဲ့ လူထုက တကယ်တမ်း ပေါက်ကွဲတော့မယ့်ပုံပေါက်တဲ့အခါမျိုးဆိုရင် သူတို့ကိုယ်တိုင်တောင် "လူထုတိုက်ပွဲ" စကား မဟရဲကြတော့ပါ။ လူထုထိခိုက်နစ်နာမှာစိုးတယ် ဆိုတဲ့စကားနဲ့ လမ်းပေါ်လူထုတိုက်ပွဲတွေ မပေါ်ပေါက်အောင် ဟန့်တားထားတယ်။ ဒီနေ့ တိုင်းပြည်အများအပြားမှာ လမ်းပေါ်လူထုတိုက်ပွဲတွေ မြိမ့်မြိမ့်သဲ ပေါ်ထွက်လေလေ ကိုယ့်တိုင်းပြည်မှာ လူထုတိုက်ပွဲတွေ ပေါ်လာမှာ စိုးရိမ်လေလေ ဖြစ်နေကြပုံပဲ။

ဒါကြောင့် ၂၀၀၈ အခြေခံဥပဒေအောက်မှာ ကျင်းပရတဲ့ရွေးကောက်ပွဲမှာ ဘယ်ပါတီက အမတ်နေရာ အများစုနဲ့ပဲအနိုင်ရရ၊ အနည်းစုနဲ့ပဲအနိုင်ရရ၊ သူတို့က နိုင်ငံရေးအရတော့ အမှန်တကယ် အနိုင်ရတာ မဟုတ်ပါဘူး။ တကယ်အနိုင်ရတာက စစ်အုပ်စုပဲ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ စစ်အုပ်စုဖန်တီးထားတဲ့ နိုင်ငံရေးဇာတ်ခုံမှာ အသုံးတော်ခံနေကြရတဲ့ အဖြစ်ကို ကျရောက်သွားတာပဲဖြစ်တယ်။

၈၈ ဒီမိုကရေစီရေး လူထုအုံကြွလှုပ်ရှားမှုကြီးအတွင်းက ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီရေး နိုင်ငံရေးအင်အားစုတွေအနေနဲ့၊ လွှတ်တော်တွင်းမှာ စစ်အုပ်စုက မသဒ္ဓါရေစာ စွန့်ကြဲထားတဲ့ အခွင့်အာဏာ အနည်းအကျဉ်းလောက်အတွက်၊ အချင်းချင်း ပြစ်တင်ဝေဖန်တိုက်ခိုက်ရင်း ဆက်လက်အသုံးတော်ခံနေကြရင် စစ်အာဏာဟာ ပိုပြီးခိုင်မာသည်ထက် ခိုင်မာနေဦးမှာပဲ။

အကယ်၍ စစ်အုပ်စုကဖန်တီးထားတဲ့ နိုင်ငံရေးအခင်းအကျင်းမှာ ဘဝတူ ဒီမိုကရေစီပါတီတွေအနေနဲ့ ၂၀၀၈ ဖျက်ရေးနဲ့ (စစ်သုံးစစ်) ချုပ်ငြိမ်းရေးကို ဘုံနိုင်ငံရေးရည်မှန်းချက်ထားကာ အပြန်အလှန်လေးစားပြီး ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်နိုင်ကြရင်တော့ သူတို့ပြောနေတဲ့ "လွှတ်တော်တွင်းတိုက်ပွဲ"ဆိုတာ တစုံတရာအဓိပ္ပာယ်ရှိမှာပါ။ ဒါတောင်မှ

ကြီးမားတဲ့ အကန့်အသတ်ဘောင်ထဲက ဒီလို လွှတ်တော်တွင်းတိုက်ပွဲမျိုးသက်သက်နဲ့တော့ ပြည်သူတွေအားလုံး လိုလားတဲ့ ၂၀၀၈ ခြေဥဖျက်သိမ်းရေး စစ်သုံးစစ် အဆုံးသတ်ရေးကို ဆောင်ကြဉ်းနိုင်မှာမဟုတ်ပါဘူး။

ဥပဒေတွင်း ဒီမိုကရေစီအင်အားစုတွေကိုယ်တိုင်က ပြည်သူလူထုကိုအခြေခံတဲ့ လွှတ်တော်ပ၊ ဥပဒေပ လူ့ အဖွဲ့အစည်းအတွင်း လူတန်းစားတိုက်ပွဲသဘာဝအရ ဖြစ်နေတဲ့ အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ လူမှုအခွင့်အရေး အမျိုးမျိုး ရရှိရေး၊ လူထုလှုပ်ရှားမှုတွေ၊ တိုက်ပွဲတွေကို ဥပဒေတွင်းလုပ်ဆောင်ချက်များနဲ့ အားဖြည့် ပေါင်းစပ်နိုင်မှသာ သူတို့ကိုယ်တိုင် ပိတ်မိနေတဲ့ နိုင်ငံရေးအကျပ်အတည်းကနေ ထွက်နိုင်တဲ့လမ်းစတခုကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီ နိုင်ငံရေးအင်အားစုတွေအနေနဲ့ ဒီလိုဆောင်ရွက်နိုင်ကြမှလည်း စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို ခါးခါး သီးသီး ပြင်းပြင်းထန်ထန် ဆန့်ကျင်နေကြတဲ့ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ထိရောက်တဲ့ ထောက်ခံမှုကို ရရှိကြမှာပါ။

စစ်အာဏာလွှမ်းမိုးနေဆဲ နိုင်ငံရေးအခြေအနေဆိုးကြီးကို ပြောင်းလဲနိုင်ဖို့နဲ့ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရေးမှာ လွှတ်တော်ပြင်ပက လူထုလူတန်းစားအသီးသီးရဲ့ လှုပ်ရှားမှုတွေနဲ့ တော်လှန်ရေးလက္ခဏာဆောင်တဲ့ တိုက်ပွဲတွေကသာ အဓိက အခရာကျပါတယ်။ ဒီလူထုလှုပ်ရှားမှုတွေ တိုက်ပွဲတွေကတဆင့် ပေါင်းစည်းပေါ်ပေါက်လာမယ့် တော်လှန်ရေးကြီးတရပ်ကသာ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းနိုင်မှာဖြစ်တယ်။

ဒီ တော်လှန်ရေးကြီးပေါ်ပေါက်လာဖို့နဲ့ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းဖို့ဆိုရင် တပါတီ တအုပ်စုတည်းနဲ့ မဖြစ်နိုင်ပါဘူး။ ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲကာလက ဖတပလ (နောင်ဖဆပလအဖွဲ့)လို ကျယ်ပြန့်နိုင်မာတဲ့ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးတရပ် ဖွဲ့စည်းတည်ဆောက်ခဲ့သလိုမျိုး စစ်အုပ်စုကို အဓိကဘုံရန်သူအဖြစ် ဦးတည်ပြီး ၂၀၀၈ဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံတရပ် ပေါ်ပေါက်ရေး၊ ဘုံလုပ်ငန်းစဉ်တရပ်နှင့်အတူ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ရှေ့တန်းရောက် နိုင်ငံရေးအင်အားစုတွေ အားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ (မူပေါ်အခြေခံတဲ့)ပြည်သူ့အင်အားစုစည်းမှုတရပ် လိုအပ်ပါတယ်။

ဒါမှသာ ဒီမိုကရေစီရေး ညီညွတ်ရေး ငြိမ်းချမ်းရေးအတွက် ၂၀၀၈ဖျက်သိမ်းရေး တရားတဲ့တိုက်ပွဲကို နိုင်ငံတကာ က စာနာထောက်ခံမှု ပိုမိုရရှိနိုင်မှာဖြစ်တယ်။

ဒါမှသာ စစ်အုပ်စုရဲ့ ရှေ့တန်းနိုင်ငံရေးခံကတုတ်ဖြစ်တဲ့ ၂၀၀၈ အခြေခံဥပဒေကိုသာမက နောက်ဆုံးခံကတုတ်ဖြစ်တဲ့ တလက်ကိုင် ခါးပိုက်ဆောင်စစ်တပ်ကိုပါ ယိုင်နဲ့ပျက်စီးအောင် ဖျက်ဆီးချေမှုန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ခါးပိုက်ဆောင်ကြေးစားတပ်ကို ယိုင်နဲ့ပျက်စီးအောင် ချေမှုန်းရေးဆိုတာ စစ်တပ်ကိုအကြမ်းဖက်တွန်းလှန် တိုက်ခိုက်ရမှာသာမက နိုင်ငံရေးအရ စည်းရုံးဖြိုခွဲရေးလည်း ပါဝင်ရမှာဖြစ်ပါတယ်။

စိုးပိုင် ။

၂၄ ၊ ၁၀ ၊ ၂၀၂၀

# ကာချုပ်ရဲ့

# ဒီလိုသဘောထားမျိုးနဲ့

# ပြည်တွင်းငြိမ်းချမ်းရေးရဖို့

# ဝေးလွန်းပါတယ်။



**ကိုထွေး**

ဗမာပြည်ရဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေမှု မတားဆီးနိုင်ခြင်းမှာ ပြည်ပက ကူညီမှုတွေရှိနေတာကြောင့်လို့ သူ့ရဲ့ရုရှားမီဒီယာတခုနဲ့ အင်တာဗျူးမှာ ပြောသွားပါတယ်။ ဒီပြောဆိုပုံဟာ ကိုယ့်ကြောင့်ဖြစ်နေတာဆိုတဲ့ အကြောင်းရင်းကို ဖုံးကွယ်ပြီး ကိုယ့်အပြစ်ကို သူများ တွေအပေါ် ပုံချလိုက်တဲ့ အပြောပဲဖြစ်တယ်ဆိုတာ ရှင်းပါတယ်။ ဒီလိုစကားကို ရုရှားနိုင်ငံမှာ၊ မီဒီယာမှာ၊ ခုလို ရွေးကောက်ပွဲ အကြိုကာလမှာ ပြောလိုက်တယ်ဆိုတော့ သူ့မှာ တခြားရည်ရွယ်ချက်တွေလည်း ရှိလိမ့်မယ်ဆိုတာ အားလုံးက သဘောပေါက်ကြမှာပါပဲ။ ဒီမှာ သူ့ရဲ့တခြားရည်ရွယ်ချက်များအကြောင်းမပြောဘဲ ငြိမ်းချမ်းရေးမရ.. ရတဲ့ အ ကြောင်းကိုပဲ ပြောချင်ပါတယ်။

အင်တာဗျူးမှာပြောတဲ့သူ့စကားကိုအဓိပ္ပာယ်ကောက်ရရင် ပြည်ပက ကူညီမှုတွေမရှိခဲ့ရင်တော့ စစ်တပ်က ပြည်တွင်းရှိ လက်နက်ကိုင်အင်အားစုအားလုံးကို အပြတ်ချေမှုန်းနိုင်ပြီး သူတို့လိုချင်တဲ့ပုံစံနဲ့ ခင်းပေးထားတဲ့ ငြိမ်းချမ်းရေးဆိုတာကို တည်ဆောက်နိုင်မှာပဲလို့ ပြောလိုက်တာဖြစ်ပါတယ်။ အဓိက - က ဒီစိတ်ဓာတ်၊ ဒီစိတ်နေသဘောထား၊ ဒီအတွေးအခေါ်ကြောင့်ပဲ ပြည်တွင်းစစ် အဆုံးမသတ်နိုင်ဘဲ ငြိမ်းချမ်းရေး မတည်ဆောက်နိုင်တာ ဖြစ်ပါတယ်။ ဒီစိတ်ဓာတ်မျိုးကိုကိုင်စွဲနေသမျှ ခုခံဆန့်ကျင်တိုက်ပွဲဝင်နေသူများက ဆက်လက်တိုက်ပွဲဝင်နေမှာဖြစ်ပြီး၊ ငြိမ်းချမ်းရေး ရဖို့ကလည်း အလှမ်းဝေးနေဦးမှာသာဖြစ်ပါတယ်။

ပြည်တွင်းစစ်ဖြစ်ရတာရဲ့ အရင်းခံပြဿနာဟာ ဒီမိုကရေစီရေးနဲ့အမျိုးသားတန်းတူရေးမရှိလို့ဆိုတာ စစ်အုပ်စုက မှန်ကန်တဲ့ စိတ်ရင်းသဘောထားနဲ့ လက်ခံတာမျိုး မရှိပါ၊ ဖြေရှင်းဖို့လည်း မကြိုးစားပါ။စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် ထာဝရအာဏာရှိနေစေဖို့ ၂၀၀၈ အခြေခံဥပဒေကိုရေးဆွဲပြီးစစ်ဗျူရိုကရက် အရင်းရှင် လူတန်းစားနဲ့ သူတို့လက်သပ်မွေးထားတဲ့ စစ်ခရိုနီများကိုသာ လက်ဝါးကြီးအုပ်ခွင့် အပြည့်အဝ ပေးထားနေတာဖြစ်ပါ

တယ်။ ဒီအခြေအနေမှာ အင်အားစုတချို့နဲ့ လူပုဂ္ဂိုလ်တချို့အလျှော့ပေးသွားကြတာရှိပေမယ့် စစ်မှန်တဲ့ဒီမိုကရေစီ အပြည့်အဝ ရရှိလိုသူများနဲ့ အမျိုးသားတန်းတူမှု အပြည့်အဝ ရရှိလိုသူများကတော့ ဒီပြဿနာရဲ့ အဓိကတရားခံ စစ်အာဏာရှင်စနစ်ကို မလျှော့သောဇွဲနဲ့ ဆက်လက် တိုက်ပွဲဝင်နေကြပါတယ်။ ဒါကြောင့် ပလောင်၊ ကိုးကန့်၊ ရခိုင်လူမျိုးများရဲ့ လက်နက်ကိုင်တိုက်ပွဲများဟာ အနီးခေတ်မှာ ပြန်လည်ပေါ်ပေါက် ကြီးထွားလာတာ ဖြစ်ပါတယ်။

ခုခံဆန့်ကျင်တိုက်ပွဲဝင်သူတွေဟာ ကိုယ့်အင်အားကို တည်ဆောက်နိုင်အောင် ကြိုးစားတာဟာ တရားနည်းလမ်း ကျပါတယ်။ ပြည်သူ့ဘဏ္ဍာငွေကို ဖုံးပေါလအောသုံးကာ တရားဝင်လူသတ်ခွင့်လိုင်စင် ကိုင်ဆောင်ခွင့်ရထားပြီး၊ သူတို့ ရမ်းကားခဲ့သမျှ အားလုံးကို နိုင်ငံတော်အကျိုးစီးပွား ကာကွယ်မှုအဖြစ် ပြောခွင့်ရနေတဲ့ အာဏာရစစ်တပ်ကို ခုခံဆန့်ကျင်တိုက်ပွဲဝင်လိုတဲ့ အင်အားစုတွေဟာ၊ သူတို့ရဲ့ တိုက်အား ပိုမိုကောင်းမွန်လာစေရေးအတွက် အကူအညီရမယ်ဆိုရင် ရယူဖို့ စဉ်းစားမှာပါပဲ။ ဗမာပြည်သမိုင်းမှာ ၄၈-၄၉ ခုနှစ်က ရန်ကုန်အစိုးရဖြစ်နေတဲ့ ဖဆပလအစိုးရဟာ လက်နက်ခဲယမ်း အခက်အခဲတွေ့နေချိန်မှာ အိန္ဒိယနေရူးအစိုးရဆီက အကူအညီသွားတောင်းခဲ့ပြီး အသက်ဆက်ခဲ့ရတယ်မဟုတ်ပါလား။ ပြည်တွင်းစစ် နှစ်(၇၀)ကျော်အတွင်းမှာ သူပုန်ရော၊ အစိုးရပါ ဝယ်နိုင်သမျှ၊ ရှာရသမျှ၊ ရှိသမျှ၊ ကြံသမျှ အကူအညီကို ရယူခဲ့ကြပြီး ကိုယ်နိုင်ဖို့ ကြိုးစားမှုတွေ လုပ်ခဲ့ကြတာပဲမဟုတ်ပါလား။ ဒီ အင်တာဗျူးကလည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားရဲ့အကူအညီရချင်လို့၊ ရတဲ့အကူအညီနဲ့ ပြည်တွင်း လက်နက်ကိုင်တိုက်နေသူများကို အပြုတ်ချေမှုန်းနိုင်ဖို့ ကြိုးစားလိုက်တဲ့ လုပ်ဆောင်မှုတခုပဲ မဟုတ်ပါလား။

ဗမာပြည်က လက်နက်ကိုင်ခုခံတိုက်ပွဲဝင်နေသူတွေဟာ၊ ဝါသနာပါလို့ စစ်တိုက်နေကြတာမဟုတ်ပါဘူး၊ ရသင့်တဲ့ နိုင်ငံရေးအခွင့်အရေးတွေကို ငြိမ်းချမ်းစွာ တင်ပြတောင်းယူလို့မရဘဲ၊ ဖမ်းဆီးနှိပ်စက်တာခံကြရလွန်းလို့၊ လက်နက်ကိုင်ခုခံတဲ့နည်းသာ ရှိတော့လို့ ဖြစ်ပါတယ်။ အလားတူပဲ ဗမာ့တပ်မတော်မှာ စစ်မှုထမ်းနေကြတဲ့ အောက်ခြေကအကြပ်၊ တပ်မှူးနဲ့ တပ်သားတွေဟာလည်း ပျော်လွန်းလို့ စစ်တိုက်နေကြတာ မဟုတ်ပါဘူး။ တဝမ်းတခါးအတွက် ရရာအလုပ်ရှာမရလို့ စစ်တပ်ထဲရောက်ကာ အသက်မွေးဝမ်းကျောင်းနေကြရသူက အများကြီးပါ။ အထက်စစ် အုပ်စုက သူတို့ အကျိုးစီးပွား ကာကွယ်ချင်လို့ သူတို့ကို ဆန့်ကျင်တိုက်ပွဲဝင်သူတွေကို တိုက်ခိုက်သတ်ဖြတ်ရန် အမိန့် ပေးမှုများကို တာဝန်အရသာ လုပ်နေကြရသူတွေသာ ဖြစ်ပါတယ်။ စစ်တပ် အောက်ခြေတပ်မှူးတပ်သားတွေက စစ်အုပ်စုနဲ့ စစ်ဗျူရိုကရက်အရင်းရှင်တွေအုပ်စိုးမှု အခွန့်ရှည်ရေးအတွက် အဓိပ္ပာယ်မရှိ စစ်တိုက်ပေးနေကြရတာကို သဘောပေါက်ပြီး အမိန့်ဖီဆန်လာကြရင်တော့ စစ်အုပ်စုပြိုပျက်တာ ပိုမြန်သွားစေမှာ မုချပါပဲ။ အောက်ခြေတပ်မှူးတပ်သားတွေရဲ့ လက်ထဲမှာ သူတို့အသက်တွေ ရှိနေတာ မဟုတ်ပါလား။

တကယ်က ပြည်တွင်းစစ် လုံးဝပြီးသွားဖို့ နိုင်ငံရေးအရ အင်အားစုအားလုံးပါဝင်ပြီး တန်းတူရည်တူ၊ ဒီမိုကရေစီ ပြည့်အဝနဲ့ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အခုဖြစ်ခဲ့သလို စစ်အာဏာသိမ်း၊ စစ်အစိုးရက သူ့စိတ်ကြိုက် စီစဉ်၊ ညောင်နှစ်ပင်ညီလာခံလုပ်ပြီး သူတို့လိုချင်သမျှယူ- သူတို့ပေးချင်သလောက်ပဲ ပေးလိုက်တဲ့ ၂၀၀၈ အခြေခံဥပဒေမျိုး တဖက်သတ်ရေးဆွဲချမှတ် ကျင့်သုံးကာ၊ အတင်းအကျပ် လက်ခံခိုင်းတဲ့နည်းလမ်းမျိုးနဲ့ စစ်မှန်တဲ့ဒီမိုကရေစီနဲ့ အမျိုး သားတန်းတူညီမျှမှု ရှိအောင် အကောင်အထည် မဖော်နိုင်ပါဘူး။ လက်မခံသူတွေကို ရန်သူ၊ အကြမ်းဖက်သူများ အဖြစ် သတ်မှတ်ပြီး၊ အခုလို စစ်ရေးအရ ချေမှုန်းတဲ့ပေါ်လစီ ကျင့်သုံးနေသမျှတော့ တိုင်းပြည်အခြေအနေ ပိုဆိုးပြီး စစ်ပွဲရှည်ကြာသထက်ရှည်ကြာဖို့သာ ရှိပါတော့တယ်။

၇-၇-၂၀

# အလုပ်သမား
# တိုက်ပွဲတွေကို
## မြိတ်ခေါ်နေတဲ့
# ရင်ကြားစေ့အာဏာ

**မောင်သန်းမြွေ**

၂၀၂၀ ဩဂုတ် ၅ နေ့စွဲနဲ့ သတင်းတပုဒ်ဖတ်ရတယ်။

လှိုင်သာယာမြို့နယ်ရှိ Gust Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမား ၉၇ ဦးအား ခံဝန်ဝရမ်းထုတ်ပြီး ရုံးချိန်းထပ်မံပျက်ကွက်ပါက ဒဏ်ငွေ သိန်း ၅၀ ဆောင်ရမည်ဖြစ်ကြောင်း တရားသူကြီးက ပြောလိုက်တယ်လို့ ဆိုတယ်။ မလာရင် ခွင့်မဲ့ဝရမ်း ထုတ်မယ်။ တရားခံပြေးအဖြစ် ကြေညာမယ်။ ရဲကို လွှတ်လိုက်ပြီး ရှာမယ်။ ဘယ်နေရာ ဘယ်အချိန်ဖြစ်ဖြစ် တွေ့တဲ့နေရာဖမ်းမယ်လို့ ဆိုတယ်။

ဖြစ်စဉ်မှာ ဆန္ဒပြသပိတ်စခန်းဖွင့် တောင်းဆိုမှုကြောင့် အလုပ်သမား ၉၇ ဦးအား လှိုင်သာယာမြို့နယ် အလဆ ဦးစီးမှူး ဦးသိန်းမင်းထွန်းက ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆(ဃ) ၄၇ဖြင့် မတ်လ ၁၃ ရက်နေ့တွင် စတင်တရားစွဲဆိုခဲ့တာ ဖြစ်တယ်။ အမှုကကြာပြီ။ ရုံးချိန်း ၄ ကြိမ်ရှိပြီ။ ကိုဗစ် ၁၉ နဲ့ သင်္ကြန်မတိုင်မီကတည်းကဖြစ်ပြီး ၅ လ ကြာနေပြီဖြစ်တယ်။ ဒီကြားထဲ အလုပ်သမတွေ လူစုကွဲ ဖရိုဖရဲဖြစ် တချို့ရွာပြန် တချို့ရရာအလုပ် ရှာလုပ်၊ လက်လုပ်မှ ပါးစပ်လှုပ်ရသူတွေ၊ ဘယ်သူကကျေးထားလို့လဲ။ တရားသူကြီးက ပြောလိုက်ပုံက နင်တို့က တရားခံတွေဖြစ်နေပြီတဲ့။ အလုပ်သမားတွေကို ရာဇဝတ်သားတွေလို ဆက်ဆံနေတယ်။ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုကို ရာဇဝတ်မှုအဖြစ် ပုံဖော်နေတယ်။ ရဲလွှတ်ပြီး ဖမ်းမယ်၊ ဒဏ်ငွေ သိန်း ၅၀ လည်း ရိုက်ဦးမယ်တဲ့။ ဒါလား အလုပ်သမားတွေအပေါ်ထားတဲ့ သဘောထား။ ဒါလား ဆင်ခြင်တုံတရားနဲ့ တရားရေးမဏ္ဍိုင်။

နှိုင်းယှဉ်ကြည့်နိုင်ဖို့ နောက်အမှုတချို့တင်ပြပါမယ်။



ဩဂုတ် ၅ ရက် - တောင်ဒဂုံ EURO Gate အထည်စက်ရုံပိုင်ရှင်မှ ၅ ကြိမ်မြောက်သည်အထိ ရုံးချိန်းမလာ။ အလုပ်သမား ၇၀၀ ကျော်အတွက် မတ် - ဧပြီ ၂ လစာလုပ်ခ ကျပ်သိန်း ၁၀၀၀ နီးပါး မပေးဘဲရှောင်နေတယ်။ တရားရုံးက ဖမ်းဝရမ်းမထုတ်၊ အလဆရုံးကလည်း တုတ်တုတ်မျှ မလှုပ်၊ မတို့မထိ။ အလုပ်သမားတွေကတော့ ငတ်တလှည့် ပြတ်တလှည့်။

ဩဂုတ် ၇ ရက် - ရွှေပြည်သာစက်မှုဇုန်(၁) ABLE GLAD MYANMAR စက်ရုံ အလုပ်သမား ၆၆၉ ဦးအား လုပ်ခရှင်းမပေးဘဲ လုပ်ငန်းရှင်ထွက်ပြေး။

ဩဂုတ်လ ၆ ရက် - လှိုင်သာယာ ရွှေလင်ဗန်းစက်မှုဇုန် DENSO ဝါယာကြိုးစက်ရုံ အလုပ်သမား ၇၆ ဦး လုပ်အား လျှော့ချ(အလုပ်ရပ်စဲ)။ အလုပ်သမားများမှ လျော်ကြေးမယူဘဲ ၁၀ ရက်စာ လုပ်ခကျန်ငွေ ထုတ်ပေးရေးနဲ့ အလုပ်ပြန်ရရေး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနသို့ တိုင်ကြားသော်လည်း ဘာမှမတတ်နိုင်။

ဩဂုတ် ၆ - Vince Myanmar ဖိနပ်စက်ရုံ အလုပ်သမား ၈၀၀ ကျော် အလုပ် ၄၅ ရက် ယာယီရပ်ဆိုင်းမယ်။ အလုပ်နားစဉ် တရက်လုပ်ခ ၄၈၀၀ ကျပ် ( မှတ်ချက်။ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၄၃(ဇ)အရ ယာယီပိတ်သိမ်းချိန်ကာလမှာ တာဝန်ထမ်းဆောင်နေသကဲ့သို့ အပြည့်အဝပေးရမည်လို့ ပြဋ္ဌာန်းထားသော်လည်း) မပေးဘဲ ကျပ် ၂၀၀၀ လောက်သာပေးမယ်လို့ ဆိုတယ်။ အလုပ်သမားများက ထိုင်သပိတ်မှောက်တောင်းဆိုတော့ ကိုဗစ်၁၉ ကာလ ကူးစက်ရောဂါကာကွယ်ရေးပုဒ်မ ၁၅ ဖြင့် အရေးယူတယ်။

လှိုင်သာယာ အနော်ရထာစက်မှုဇုန် Dishing Group (Myanmar) အုပ်စု Dihuali အထည်ချုပ်စက်ရုံ အလုပ်သမား ၇၀၀ ကျော်ကို ဇူလိုင် ၃၀ မှာ အလုပ်မှထုတ်ခဲ့တယ်။ အလုပ်ထုတ်နစ်နာကြေးကို ဥပဒေအတိုင်းမပေးဘဲ တဦးလျှင် ကျပ် ၂သိန်းမှ ၂သိန်းခွဲသာ ပေးတဲ့အတွက် မတတ်သာလို့ (ငတ်မှာစိုးလို့) ယူရသော်လည်း မယူဘဲနေသူ ၁၀၀ ကျော်ရှိတယ်။ မြန်မာပြည်တရားဥပဒေများကို အားကိုးလို့မရတဲ့အတွက် အမှတ်တံဆိပ် Brand (အပ်ထည်ပင်ရင်း) ကိုသာ စာပို့တိုင်ကြားထားတယ်လို့ ဆိုတယ် (တရားကျစရာ)။

ကိုဗစ်ကာလ (သင်္ကြန်မှစတွက်ရင် ၄ လ)အတွင်း စာရင်းအတိအကျ မသိပေမယ့် စက်ရုံပိတ်တာ - ရာကျော်မယ်။ အလုပ်ပြုတ်တာ ၂ သိန်းကျော်မယ်။ တရားစွဲခံရအဖမ်းခံရတဲ့ အလုပ်သမားတွေ တပုံကြီးရှိတယ်။ ပြည်တော်ပြန် ရွှေ့ပြောင်းလုပ်သား ၁ သိန်း ကျော်မယ်။ မပြန်နိုင်သေးတာလည်း သိန်းပေါင်းများစွာပဲ။ အကြမ်းဖျင်း ခန့်မှန်းကြည့်တာပါ။ ကမ္ဘာနဲ့ချီဖြစ်တဲ့ ရောဂါကပ် စီးပွားရေးကပ်ဖြစ်လို့ မရှောင်လွှဲနိုင်တာကို နားလည်နိုင်သော်လည်း၊ရင်ကြားစေ့အစိုးရဟာ ကုစားရေးနည်းလမ်းမှန်ကို မရှာကြံနိုင်တဲ့အပြင် ခရိုနီလုပ်ငန်းရှင်တွေကိုသာ အကာအကွယ်ပေးပြီး အလုပ်သမားတွေအပေါ် မျက်နှာလွှဲခဲပစ် တဖက်သတ်ဖိနှိပ်နေတယ်။

စက်ရုံတွေက အလုပ်ထုတ်တာ အလုပ်သမားလျှော့ချတာမှာ သမဂ္ဂဝင်တွေကို ရွေးပြီးအလုပ်ဖြုတ်တယ်။ ပြန်ခန့်တဲ့အခါ တခြားလူခန့်တယ်။ သမဂ္ဂဝင်တွေ အလုပ်သမားခေါင်းဆောင်တွေကို အမည်ပျက်စာရင်း Black List ပြုစုထားပြီး အလုပ်ရှင်ချင်းဝံသာနုဖွဲ့ ကြတယ်။ ဒါဟာ ဥပဒေကိုလက်တလုံးခြားလုပ် အလုပ်သမားကို ကျွန်ပြုချင်တာ မဟုတ်ဘူးလား။ အလုပ်သမားတွေ တောင်းဆိုနေတာက - Brand အော်ဒါမရလို့ စက်ရုံပိတ်ရရင် ဥပဒေအတိုင်း နစ်နာကြေးပေးပါ။ ပြန်ဖွင့်ရင် ဦးစားပေးပြန်ခန့်ပါ ဆိုတာပါပဲ။ တချို့စက်ရုံတွေက တကယ်ပိတ်တာမဟုတ်ဘူး။ ပိတ်ယောင်ပြပြီး မလိုသူကိုထုတ်ပယ် လိုသူကိုပြန်ခန့် လုပ်ကြပြန်တယ်။ အလုပ်သမားတွေက မကျေနပ်လို့ သပိတ်မှောက်ပြန်တော့ မဆိုင်တဲ့ဥပဒေမျိုးစုံတပ်ပြီး ထောင်ချပြန်တယ်။ မဲကျတော့လိုချင်ပြန်ရော။ No Vote မလုပ်ကြပါနဲ့ တဲ့။

မြန်မာ့အထည်ချုပ်လုပ်ငန်း အနေနဲ့ ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ချုပ်ထည်တင်ပို့မှုကနေ ဒေါ်လာ ၃.၇ ဘီလီယံကျော် ရရှိထားပြီး၊ ဒါဟာ မနှစ်ကဒီကာလထက် ဒေါ်လာ ၆၀ သန်းကျော် လျော့နည်းတယ်လို့ သတင်းတရပ်က ဆိုတယ်။ ဒါဟာ ၂% လောက် လျော့သွားတာပါ။ ဒီဒဏ်ကို အလုပ်သမားတွေခေါင်းပေါ် ပုံချလို့မဖြစ်ပါဘူး။

ခနဉစ္စာတိုးပွားအောင် လုပ်အားနဲ့အရင်း ပူးပေါင်းဖန်တီးရာမှာ မျှတစွာခွဲဝေတဲ့ မူဝါဒ ထိန်းကျောင်းမှု ရှိဖို့လိုပါတယ်။ တရုတ်ပြည်အတွေ့အကြုံအရ တံခါးဖွင့်စီးပွားရေး အစောပိုင်းကာလမှာ ဘိုရင်းလေယာဉ်တစီးဝယ်နိုင်ဖို့ အထည် သန်း ၆၀ ချုပ်ရတယ်လို့ ဆိုတယ်။ ယခုနှစ် ၄၀ အကြာမှာ သူတို့ကိုယ်တိုင် ခေတ်မီလေယာဉ်တွေ တည်ဆောက် တင်ပို့နိုင်နေပြီ။

ဗမာပြည်အတွေ့အကြုံအရ Dihuali အထည်ချုပ်စက်ရုံမှာ တထည်ပျမ်းမျှ ဒေါ်လာ၂၀၀ (ကျပ် ၃သိန်း ခန့်) တန် ဂျာကင်တထည်ချုပ်ခ ကျပ် ၂၂၀ သာရရှိတယ်။ စက်ရုံကတောင်းဆိုတဲ့ အထည်၃၀ မပြီးရင် ထပ်အဖြတ်ခံရတယ်။ ဒါကြောင့် လုပ်ခရင်းတော့ အပြည့်အဝ မရကြပါဘူး။ တထည်ချုပ်ခ ကျပ် ၄၀၀ အထိတိုးပေးဖို့ တောင်းဆိုတော့ အလုပ်သမားတွေ အလုပ်ဖြုတ်ခံရတယ်။ အုပ်စိုးသူလူတန်းစား အဆက်ဆက်ဟာ အလုပ်သမားတွေကို နလပိန်းတုံးတွေ ခိုင်းဖတ်တွေလို့ သဘောထားခဲ့တယ်။ ဒီပုံနဲ့တော့ ဗမာပြည်ကျောက်ခေတ်က တက်တော့မှာ မဟုတ်တော့ဘူး။

၂၀၀၈ နဲ့ အကာအကွယ်ပေးထားတဲ့ စစ်ခရိုနီလူတန်းစားရဲ့ အကျိုးစီးပွားကို မထိပါးရဲတဲ့ ရင်ကြားစေ့ လစ်ဘရယ် အစိုးရဟာလည်း အလုပ်သမားလူတန်းစားကို ပြဿနာကောင်တွေလို့ မြင်နေတယ်။

ဗမာပြည်အလုပ်သမားလူတန်းစားဆိုတာ ၁၃၀၀ပြည့်အရေးတော်ပုံကြီးမှာကတည်းက သမိုင်းဖန်တီးရာမှာ လှုံ့သွားနေရာရ ပါဝင်တဲ့ လူတန်းစားဖြစ်ပါတယ်။

မောင်သန်းမြွေ (၁၀ ဩဂုတ် ၂၀၂၀)

# ဘယ်တော့မှ

# ဥဒါန်းမမေ့ကြပါဘူး



## ရဲဘော်ဖိုးသံချောင်း

ကိုဌေးလှဟာ ၁၉၆၁ခုနှစ်မှာကျွန်တော်နဲ့အတူတူ တက္ကသိုလ်ကိုရောက်တာပါ။ ဒါပေမဲ့သူဟာ တက္ကသိုလ် မရောက်ခင်ကတည်းကပဲ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု၊ ကျောင်းသားလှုပ်ရှားမှု၊ လက်ဝဲအင်အားစုတွေနဲ့ တွဲမိ၊ ဆက်မိနေပါပြီ။ သာမန်ဆက်မိရုံမဟုတ်ပဲ သူ့ညီတယောက်အပါ အပေါင်းအသင်းတွေ အုံနဲ့ကျင်းနဲ့ဆက်မိကြတာပါ။ ၁၉၆၆ ခုနှစ်မှာ သူနဲ့ကျွန်တော်အဖမ်းခံရတော့ အဲဒီအထဲကတချို့လည်း အဖမ်းခံရပါတယ်။ အဲဒီတချို့ဟာ ကိုကိုးကျွန်းအထိ ပါလာပါတယ်။ ပါလာသူတွေထဲမှာ ကဗျာဆရာ ကိုလေးမောင်လည်း ပါတာပေါ့။ သူ့ (ရဲဘော်ဌေးလှရဲ့) စိတ်ဓာတ်၊ သူ့ကျဆုံးမှုဟာ ကိုကိုးကျွန်း တိုက်ပွဲတွေအပေါ်ဂယက်ရိုက်၊ အကျိုးပြုတယ်လို့ဆိုရင် မမှားဘူးထင်ပါတယ်။ (ကျွန်တော်တို့တတွေ ရက်လေးဆယ်အစာငတ်ခံတိုက်ပွဲ အောင်ပွဲရပြီးတဲ့နောက် အိမ်နဲ့အဆက်အသွယ်ရတဲ့အခါ သူ့ညီ ကိုဌေးမောင် မှာပေးလို့ အိမ်က ပို့ပေးတဲ့ သူ့ဓာတ်ပုံကို ၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲဆင်နွဲတော့ ပန်းချီဆွဲပြီး တိုက်ပွဲဆောင်(၁) နံရံမှာ ချိတ်ပြီး အားမာန်တက်ခဲ့ကြရပါတယ်။ )

မန္တလေးတက္ကသိုလ်ကို ရောက်တယ်ဆိုရင်ပဲ သူနဲ့ကျွန်တော်ဟာ ဘ၀၊ ဘ၀က ရေစက်ပါသလို ကျောင်းသားညီညွတ်ရေးတပ်ဦး၊ မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ စတာတို့မှာ တွဲမိသွားကြပါတယ်။ အဲဒီတုန်းက ဒီလောကမှာ ကျွန်တော်ဟာ အငယ်ဆုံးလို့ ဆိုရမလိုဖြစ်နေတော့ သူက ကျွန်တော့်ကို မင်းနဲ့ငါနဲ့ပြော၊ အားမနာတမ်း တောင်းဆို၊ ဝေဖန်ပါတယ်။ ကျွန်တော်ကတော့ သူ့ကို ခင်ဗျားကျွန်တော်နဲ့ပဲ ပြောပါတယ်။ သူ စီနီယာကျတာကို အသိအမှတ်ပြုပါတယ်။

တိုက်ဆိုင်ချင်တော့ တက္ကသိုလ်ကို ကျွန်တော်တို့ရောက်တဲ့ ၁၉၆၁ ခုနှစ်ကစပြီး ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်း၊ ၇ ရက် ဇူလိုင် အရေးအခင်းဖြစ်ပေါ် စသဖြင့် တိုက်ပွဲတွေ တဝေဝေဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက် ပိုလက်တွဲမိ၊ ရင်းနှီးမိကြပါတယ်။ ဒီလိုနဲ့ ၁၉၆၃ ခုနှစ် အကုန်ပိုင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကို စစ်အုပ်စုက တဖက်သတ်ဖျက်အပြီး တပြည်လုံးကို လူဖမ်းပွဲကြီးတွေလုပ်ပါတယ်။ နိုင်ငံရေးသမားတွေကို ဖမ်းတဲ့အပြင် ၁၉၆၂ ခုနှစ် ဂျူလိုင် ၇ ရက် လူသတ်ပွဲနဲ့ ရာဇမာန်တက်နေတဲ့စစ်တပ်ဟာ ရန်ကုန်တင်မက ဆန္ဒပြနေတဲ့ မန္တလေးတက္ကသိုလ် ဆန္ဒပြပွဲကို အပြတ်ဖြိုခွဲ ခေါင်းဆောင်ပိုင်းတွေကိုဆွဲတာ၊ ဖမ်းတာတွေလုပ်ပါတယ်။ ဒီအခါမှာ ကျွန်တော်တို့တတွေ ပြေးကြလွှားကြတော့ တကွဲတပြားဖြစ်ကုန်ကြပါတယ်။ ကျွန်တော်က ကိုအောင်သူ၊ ကိုကျော်ခင်၊ ကိုသောင်းရွှေတို့နဲ့ပြေးပြီး ကိုဌေးလှကတော့ ဘယ်သူနဲ့ပြေးတယ်မသိပါ၊ မမှတ်မိပါ။ နောက်မှ သူ ပဲခူးရိုးမကို ရောက်သွားတယ်လို့ သိရပါတယ်။ အဲဒီနောက် ၁၉၆၅ ခုနှစ်လောက်မှာ သူဟာ ပါတီဗဟိုရဲ့တာဝန်ပေးချက်နဲ့ မန္တလေးကို ပြန်ရောက်လာပြီး ကျွန်တော်နဲ့ ပြန်အဆက်ရပါတယ်။ ကျွန်တော်က သူပေးတဲ့တာဝန်တွေကို လုပ်ရပါတယ်။ ဒီလိုနဲ့

၆၆ ခုနှစ်၊ ဇူလိုင်လမှာ သူရော ကျွန်တော်ပါ အဖမ်းခံရပါတယ်။ ထောင်ထဲမှာ ကျွန်တော်က(၁)တိုက်၊ သူက(၂)တိုက်၊ တခြားစီနေရပါတယ်။ ဒါပေမဲ့ ထောင်ထဲရောက်လို့မှ တနှစ်မရှိမီ ကိုဌေးလှုတယောက် တောထဲကပါလာတဲ့ ငှက်ဖျား ရောဂါ ထပါတော့တယ်။ ဒါကို ဆေးရုံတာဝန်ရှိသူတွေက သူတို့တတ်သမျှပညာ၊ ရှိသမျှပစ္စည်းနဲ့ ထောင်ထဲမှာပဲ ကြိတ် ကုပါတယ်။ နိုင်ငံရေးအကျဉ်းသားမို့ အပြင်ဆေးရုံကိုမပို့ပါဘူး။ ဒီလိုနဲ့ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ညနေ စောင်းမှာ သူကျဆုံးသွားပါတယ်။ ထောင်အာဏာပိုင်တွေဟာ လက်ဝဲနိုင်ငံရေးသမားမို့ ပို ဖိနှိပ်ကန့်သတ်တယ်ဆိုတာ ရှင်းသွားပါတယ်။ အဲဒီသတင်းဟာ ချက်ချင်းလိုပဲ နိုင်ငံရေးအကျဉ်းသားတွေ (ဟိုတုန်းကတော့ ထိန်းသိမ်းခံလို့ ခေါ် တာပေါ့)၊ သာမန်အကျဉ်းသားတွေအကြား ပြန့်သွားပြီး ညချင်းပဲ ထောင်တွင်းမှာ ကြွေးကြော်သံတွေ မြိမ့်မြိမ့်ညံ ကြား ရပါတော့တယ်။ မန္တလေးထောင်သမိုင်းမှာ မရှိဖူးလောက်တဲ့ တိုက်ပွဲဖြစ်ပါတယ်။ ညမိုက်လို့ လူခြေတိတ်တဲ့အချိန်မှာ ကြွေးကြော်ကြတဲ့ ဒီတိုက်ပွဲရဲ့ထူးခြားချက်တခုက ထောင်ထဲရောက်နေတဲ့ ဗကပ၊ အလံနီ၊ ကျောင်းသား၊ ဖဆပလ၊ ပထစ စတာတွေအပြင် ရဟန်းသံဃာတွေနဲ့ သာမန်ရာဇဝတ်သားတွေပါ စည်းလုံးညီညွတ်စွာတိုက်ပွဲဝင်ကြပါတယ်။ ဒ့ါ အပြင် မန္တလေး(အမျိုးသား)ထောင်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ အမျိုးသမီးဆောင်ဆီကလည်း ကြွေးကြော်သံ အော်ဟစ် သံတွေ ကြားရပါတယ်။ သူတို့လည်း ပူးတွဲတိုက်နေကြပြီလို့ အောက်မေ့ထားခဲ့တယ်။ တကယ်က တိုက်ပွဲတိုက်ဖို့ စ လှုံ့ဆော်တာ အမျိုးသမီးထောင်ကလို့ နောင်မှ သိရတယ်။ (ကျွန်တော်ထောင်ကလွတ်တော့ အဲဒီတိုက်ပွဲတုန်းက ဟစ်ကြွေးသံတွေကို ထောင်အပြင်၊ ကျုံးအပြင်ကတောင် ကြားရတယ်လို့ မန္တလေးကျုံး အနောက်မြောက်ထောင့် တ ဝိုက်က လူတွေပြောပြကြတာ ကြားရပါတယ်။) ရဲဘော်(ကို)ဌေးလှုဟာ မဆလကစခဲ့တဲ့ စစ်အစိုးရတွေ လက်ထက် ထောင်တွင်းမှာ အစောဆုံးကျဆုံးရတဲ့ ထိန်းသိမ်းခံ နိုင်ငံ ရေးအကျဉ်းသမားတွေထဲက တဦး ဖြစ်ပါတယ်။

ဘယ်တော့မှ ဥဒါန်းမကျေပါဘူး။

-------

ရဲဘော်ဌေးလှုသို့

၁၉၆၆ ခုနှစ်၊ ဇူလိုင်လဆန်းမှာ မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များကိုဖမ်းပြီး မန္တလေးနန်း တွင်း ထောင်ကိုပို့ပါတယ်။ ထောင်ထဲမှာ ဖိနှိပ်မှုအမျိုးမျိုးကို အန်တုရင်ဆိုင်ပြီး နည်းမျိုးစုံနဲ့ တိုက်ပွဲဝင်နေတဲ့ မတကသ ကျောင်းသားများထဲမှ ရဲဘော်ဌေးလှုဟာ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ညနေ ၅ နာရီခန့်မှာ ကျဆုံးခဲ့ပါတယ်။ ဒီ ကဗျာဟာ မန္တလေးထောင်တွင်းမှာ ကျဆုံးသွားသူ ရဲဘော်ဌေးလှုအတွက် စပ်ဆိုထားခြင်းဖြစ်ပါတယ်။ မူလက "ရဲဘော် ဌေးလှုသို့" ခေါင်းစဉ်တပ်ထားတာပါ။ ပြည်သူ့ကြယ်ဂျာနယ်(ဇွန် ၁၉၇၂) မှာ "အာဇာနည်သို့" အမည်ဖြင့် ဖော်ပြခဲ့ပါ တယ်။

အာဇာနည်သို့

ငါ့ငိုမိသည်
ငါ့မျက်ရည်သည်
နီသည် နီသည် နီသည် ။
ပန်းတစ်ပွင့်လို
နွမ်းရင့်ပျက်စီး သည့်မြေကြီးမှ
ချည်းနှီးကွယ်ပျောက်သွားသည်မဟုတ် ။
နစ်ပေါင်းထောင်ရာ ကမ္ဘာဆယ်သက်
မပျက်မတိမ် မမှိန်မပြယ်
မကွယ်မပျောက် ပြောင်မြောက်သတ္တိ
နီဘိရဲရဲ သင့်အသည်းအား
ငါတို့ကြား၌
ထားလျက်သင်ထွက်သွားသည်တကား။ ။
လေးမောင်(မြင်းခြံ)
ပြည်သူ့ကြယ်ဂျာနယ် (ဇွန် ၁၉၇၂)

# ၁၉၅၈ မှာ

# ဘာတွေ ဖြစ်ခဲ့သလဲ

ရဲဘော်ရှုယဉ်

ဩဂုတ်လ(၁၄)ရက်နေ့က ကာချုပ်ဗိုလ်ချုပ်မင်းအောင်လှိုင်နဲ့ နိုင်ငံရေးပါတီ(၃၄) ပါတီက ခေါင်းဆောင်များနဲ့ တွေ့ဆုံပါတယ်။ တပ်ကပြောတော့ နိုင်ငံရေးပါတီများက တောင်းဆိုလို့တဲ့။ နိုင်ငံရေးပါတီတချို့က ပြောတာက ဖိတ်ကြားခံရလို့တဲ့။(အဲဒီဖြစ်ရပ်ကိုက နှစ်ဖက်စလုံး လိပ်ပြာမလုံမှုကိုပြတာပါ။)တွေ့ဆုံပွဲအပြီး တပ်ဘက်ကလည်း ထုတ်ပြန်ချက်ထုတ်၊ တက်ရောက်တဲ့ပါတီများဘက်ကလည်း သတင်းစာရှင်းလင်းပွဲတွေလုပ်နဲ့။ သတင်းအရှုပ်အရှင်းအမျိုးမျိုးထွက်လာနေပေမယ့် လူအများစိတ်ဝင်စားတဲ့အချက်(၂)ရပ်ကတော့------

၁။ လာမယ့်ရွေးကောက်ပွဲ တရားမျှတမှုမရှိရင် တပ်မတော်အနေနဲ့ ဝင်ရောက်ကူညီဖို့----ဆိုတာနဲ့

၂။ ကာချုပ်ရဲ့-မလုပ်ရဲတာမရှိ၊ ဘာမဆိုလုပ်ရဲတယ်----ဆိုတဲ့ပြောကြားချက်များပါ။

ဒီတော့ တပ်လော်ဘီများထဲက မရဲတရဲ မပွင့်တပွင့် ရေးသားမှုတွေ(တကယ်တော့ ခြေဆင်း လမ်းခင်းတာ) ပေါ်လာပါတယ်။

(-----ဗမာပြည်ဟာ ၁၉၅၈ ခုနှစ်တုန်းကလိုအခြေအနေ ပြန်ရောက်နေပြီ။ ဟိုတုန်းက နိုင်ငံရေးသမားများ အသုံးမကျလို့ တိုင်းပြည်ကိုမထိန်းနိုင်တော့လို့ တပ်ကို အာဏာထိုးအပ်ရတာ။ တပ်အနေနဲ့ မလွှဲမရှောင်သာလို့ ဝင်အာဏာ ယူခဲ့ရတာ။ အခုလည်း နိုင်ငံရေးသမားတွေမညီမညွတ်ဖြစ်ပြီး၊ တပ်ကိုအကူအညီတောင်းရပြန်ပီ။------) တဲ့။

ဟုတ်ကဲ့။ ဒီတော့ ၁၉၅၈ ကို သိမီသူများက ဘာတွေ တကယ်ဖြစ်ခဲ့သလဲဆိုတာ ပြန်ပြောပြဖို့လိုလာတာပေါ့။ (မှတ်ချက်။ အကြောင်းအရာအချက်အလက်များ၊ နေ့စွဲများ စတာများကို ကိုးကားတဲ့စာအုပ်များကတော့------

ကိုးကားအမှတ်(၁)။ ၁၉၉၀။ ပြန်ကြားရေးဝန်ကြီးဌာနထုတ်။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း။ အပိုင်း(၂)။ ရဲဘော်သစ်မောင်။

ကိုးကားအမှတ်(၂)။ ၁၉၉၀။ ပြန်ကြားရေးဝန်ကြီးဌာနထုတ်။ ၁၉၄၈ မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ။ တပ်မတော်သား သုတေသီတဦး။-တို့ ဖြစ်ပါတယ်။

အဲဒီစာအုပ်(၂)အုပ်လုံး အများအားဖြင့် ကိုးကားထားတဲ့စာအုပ်က ၁၉၆၉ ခုနှစ် ပုဂံစာအုပ်တိုက်ထုတ် မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း။-ရေးသူ ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။ ရှစ်-၄-လုံး အရေးတော်ပုံကြီးကို ရက်ရက်စက်စက် ဖြိုခွဲအပြီး နဝတ အာဏာသိမ်းပြီးနောက် မိမိတို့ ဒီလိုလုပ်တာတွေ တရားတယ်ဆိုတဲ့ ပုံရိပ်ကို တင်ဖို့အတွက် ထုတ်ဝေထားတဲ့စာအုပ်များပါ။ တနည်းပြောရရင် စစ်အာဏာရှင်စနစ် ဆက်လက်ထိန်းသိမ်းရေးအတွက် ရည်ရွယ်ခဲ့တာပါ။ ဖြစ်ရပ်မှန်တချို့တဝက်၊ ဖုံးတာဖုံး မလွှဲမရှောင်သာ ဖော်တန်ဖော်နဲ့ သူတို့ သွင်းချင်တဲ့တရားတွေ ရောထွေး ရေးထားပါတယ်။ (ဒါကြောင့် ဒီစာအုပ်တွေကို ဆန့်ကျင်ဘက်အမြင်ကနေပဲ ကြည့်ရှုကိုးကားတာ ဖြစ်ပါတယ်။) အဲဒီကာလက လူတချို့ကို လှည့်စားကောင်းလှည့်စားနိုင်ခဲ့ပေမယ့် အခုစစ်အာဏာရှင်စနစ် တကျော့ပြန်(နဝတ- နအဖ)အလွန်ကာလများမှာတော့ လက်တွေ့ဖြစ်ရပ်များနဲ့ ချိန်ထိုးကြည့်ရအောင်ပါ။)

၁။၁၉၅၈ --မုန်တိုင်းအစ။

၁၉၅၈ခုနှစ်ဗမာပြည်ရဲ့နိုင်ငံရေးခရီးမှာ(အဆိုးဘက်)ပြောင်းဖို့တာစူတဲ့ကာလလို့ ဆိုနိုင်ပါတယ်။ စစ်အာဏာရှင် စနစ် အစပျိုးတဲ့ကာလလို့လည်း ပြောလို့ရပါတယ်။



ဝန်ကြီးချုပ် ဦးနု အစိုးရ နှုတ်ထွက်မည်

ဗိုလ်ချုပ် နေဝင်း-က အစိုးရသစ် ဖွဲ့မည်

ဧပြီလတွင် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပမည်

ဝန်ကြီးသေနတ် အသိမ်းခံရခြင်း

၁၉၄၈ ခုနှစ် ဗမာပြည်ကြီး လွတ်လပ်ရေးရပြီးနောက် အာဏာရလာတဲ့ ဖဆပလပါတီဟာ အနှစ်(၄၀) ခံရစေမယ်လို့ ကြွေးကြော်ခဲ့ပေမယ့် (၁၀)နှစ်အကြာ-၁၉၅၈ ဧပြီ (၂၇) မှာ နတင်(သန့်ရှင်း)-ဆွေငြိမ်း (တည်မြဲ)ဆိုပြီး နှစ်ခြမ်းကွဲပါတယ်။ ဗြိတိသျှအင်္ဂလိပ်နယ်ချဲ့သမားများဟာ ၁၉၄၇ ခုနှစ် သူတို့ရဲ့လက်ကိုင်တုတ်အဖြစ် မလုပ်မယ့် ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံလိုက်ပြီး ပြည်သူလူထုတွင်း ကျောင်းသားလှုပ်ရှားမှု အဝန်းအဝိုင်းတွင်းက လာလို့ လူထုအကြားမှာ အမြင်ကောင်းနေတဲ့ ဦးနုကို ဆွဲတင်လိုက်လို့သာ ဦးနုက ဝန်ကြီးချုပ်ဖြစ်လာရတာ။ ဖဆပလ ထဲမှာ တကယ်တော့ မိုးကောင်းနေတာက ဦးဗဆွေ-ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်အုပ်စုပါ။ တပ်တွင်းဆိုရှယ်လစ်အုပ်စုဖြစ်တဲ့ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်တို့ကျေးဇူးကြောင့် သူတို့ ဒီလို မိုးကောင်းနေနိုင်ကြတာပါ။ သူတို့တွေ အဲဒီခေတ်က ကာကွယ်ရေးဝန်ကြီးဦးဗဆွေအိမ်မှာ အမြဲဆုံပြီး ဆိုရှယ်လစ်ပါတီ ခိုင်ခံ့ရေးအတွက် ဆွေးနွေးတိုင်ပင်နေကျတဲ့။ (ကိုးကားအမှတ်(၁) နှာ-၁၆၃)

ဒီတော့ ဦးနုက နောက်ပိုင်း ဘဝရှင်မင်းတရားကြီး ဆန်လာမှုကြောင့်ရော၊ ဝန်ကြီးများအချင်းချင်း အဝေမတည့် မှုတွေကြောင့်ရော ဦးနုနဲ့ ဦးကျော်ငြိမ်းတို့အုပ်အကြားက ပဋိပက္ခတွေ ပြင်းထန်လာပါတယ်။ နောက်ဆုံး ဖဆပလနှစ်ခြမ်းကွဲရာမှာ ဦးနုဘက်ကို ပမညတဆိုတဲ့လက်ဝဲတပ်ပေါင်းစုအုပ်က ထောက်ခံလို့သာ ဦးနု ရာဇပလ္လင်မပျောက်တာ။ တကယ်တော့ တပ်တွင်းဆိုရှယ်လစ်အုပ်စုက ၁၉၅၆ ခုနှစ်ရွေးကောက်ပွဲမှာ ပမညတ-က အင်အားတက် လာမှုကို မျက်စိစူးနေပါပြီ။ ဗိုလ်နေဝင်းကိုယ်တိုင်က ဒီအတိုင်းဆက်သွားရင်တော့ နောက်ရွေးကောက်ပွဲ (၂)ကြိမ်လောက်ဆို ဒီကောင်တွေ(ပမညတကိုဆိုလို) အာဏာရတော့မှာလို့ ပြောဖူးသတဲ့။ ဒီမိုကရေစီအလင်းရောင်အောက်မှာ မနေနိုင်သူများဟာ ပြည်သူလူထုကိုလည်း ဘယ်တော့မှ ဒီမိုကရေစီမပေးပါဘူး။ (အခု ကာချုပ်မအလ သမ္မတရောဂါ တက်နေတာရဲ့အခြေခံကလည်း ဒါပါပဲ။)

ဖဆပလကွဲအပြီး အချင်းချင်း ကလော်ကြဆော်ကြရာက အပြစ်အနာအဆာတွေပေါ်လာပြီး နိုင်ငံရေးသမားတွေ ဂုဏ်သိက္ခာကျလာတာတွေလည်း ရှိတော့ရှိပါတယ်။ ၁၉၅၈ ဖဆပလအကွဲကနေ တပြည်လုံး အင်အားစုအတော်များများ ပြိုကွဲသွားကြပြီး နိုင်ငံရေးအခြေအနေတွေ တင်းမာလာခဲ့ပါတယ်။

၁၉၅၈ စက်တင်ဘာ(၂၃-၂၄) မှာ သန့်ရှင်းအစိုးရ ဝန်ကြီးချုပ်ဦးနုနဲ့ အဲဒီကာလ ဗမာ့တပ်မတော်က (ဆိုရှယ်လစ်များလည်းဖြစ်တဲ့) အရာရှိကြီးများဖြစ်တဲ့ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်တင်ဖေ၊ ဗိုလ်မှူးကြီးမောင်မောင်တို့ တွေ့ဆုံခဲ့ကြပါတယ်။ အထက်မှာ ဖော်ပြခဲ့တအုပ်များအရ ဦးနုကခေါ်လို့ တပ်ဘက်ကသွားပြီး အခြေအနေတွေ ရှင်းပြ

ရတာလို့ဆိုပါတယ်။ ဦးနုတို့ဘက်ကတော့ တပ်ဘက်ကလာပြီး (၆)လအတွင်း (၁၉၅၉၊ ဧပြီလ မကုန်မီ) ရွေးကောက်ပွဲကျင်းပပေးမယ်ဆိုတဲ့ကတိကြောင့် အာဏာလွှဲပေးလိုက်ရတာဖြစ်ကြောင်းလို့ဆိုပါတယ်။ အဲဒီကာလက ဦးနုအိမ်ကအောင်ပွဲခံပြန်လာတဲ့ စစ်ဗိုလ်များရဲ့ပုံကို သတင်းထောက်များက ရအောင်ရိုက်ယူနိုင်ခဲ့ပါတယ်။(ပူးတွဲပါပုံ။)

ဒီလိုနဲ့ စက်တင်ဘာ(၂၆)ရက်နေ့စွဲနဲ့ ဦးနုနဲ့ဗိုလ်နေဝင်းတို့ရဲ့ အပြန်အလှန်ပေးစာများ ထွက်လာပြီး အိမ်စောင့်အစိုးရ တက်လာပါတော့တယ်။ အိမ်စောင့်အစိုးရက နောက်(၂)နှစ်အကြာ ၁၉၆၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲကို အဲဒီခေတ်ကာလ နိုင်ငံတကာသတင်းများက--ဗိုလ်ချုပ်နေဝင်းရဲ့ အိမ်စောင့်အစိုးရအပေါ် ဆန္ဒခံယူပွဲ--လို့ ခေါ်ဝေါ်ခဲ့ပါတယ်။

တကယ်လည်း ဗမာပြည်သူတရပ်လုံးက-(စစ်တပ်နောက်ခံပြုထားတဲ့) တည်မြဲဖဆပလကို အပြတ်ဖယ်ရှားလိုက်ပြီး စစ်တပ်ကို နိုင်ငံရေးထဲက ပထမဆုံးအကြိမ် ပထုတ်လိုက်ပါတယ်။ ၁၉၆၀ မှာ တက်လာတဲ့ ဦးနုရဲ့ ပထစ (သန့်ရှင်းတဖြစ်လဲ)အစိုးရဟာ နိုင်ငံရေးသမားများအကြား မညီညွတ်ရင်၊ ပြည်တွင်းစစ်ကို မရပ်နိုင်ရင် စစ်တပ်ကပဲ ကြီးစိုးဦးမှာမြင်တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးကြိုးစားမှုတွေ လုပ်လာပါတယ်။ ဒါပေမဲ့ ပထစထဲမှာ ဦး-ဗိုလ်-သခင် ဆိုပြီး ထပ်ကွဲကြပါတယ်။ ဒီတင် ၁၉၆၂ မတ်လ(၂)ရက်နေ့မှာ စစ်တပ်က အပြတ်အာဏာသိမ်းလိုက်ပါတော့တယ်။

၂။ စစ်တပ်ရဲ့အပြော။(ဆိတ်ခေါင်းချိတ်လိုက်မှု။)

ဒီ၁၉၅၈ နဲ့ ၁၉၆၂ စစ်တပ်ရဲ့အာဏာသိမ်းမှုများအပေါ် ကိုးကားစာအုပ် အမှတ်(၂) နှာ ၃၃ မှာ ဒီလိုရေးထားပါတယ်။

------ အခြေအနေအရပ်ရပ်ကိုထောက်ချင့်၍ တပ်မတော်သည် နိုင်ငံတော်အာဏာအရပ်ရပ်ကို လက်နက်ဖြင့် ခြိမ်းခြောက်ရယူခဲ့သလော။ သို့မဟုတ် ရုန်းထွက်ရန် အလွန်ခက်ခဲကျပ်တည်းနေသော နိုင်ငံရေးအကျပ်အတည်းများမှ ကယ်တင်လိုက်ခြင်းလောဆိုသည်ကို ဆန်းစစ်ဝေဖန် သုံးသပ်နိုင်ကြပါလိမ့်မည်။ တပ်မတော်သည် ထိုအချိန်က ဖြစ်ပေါ်နေသော လျှော့ရဲရဲအခြေအနေအရပ်ရပ်တွင် မည်သည့်အချိန်မဆို အာဏာသိမ်းယူနိုင်သည်သာ ဖြစ်ပေသည်။ သို့ရာတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာမဖောက်ခဲ့ပေ။ နိုင်ငံရေးသမားအချင်းချင်း ခုတ်ကြ၊ ဆော်ကြ၊ ကလော်ကြနှင့် ရန်စောင်ပြီး တိုင်းပြည်အရေးကို ဥပက္ခာပြုနေလင့်ကစား တပ်မတော်သည် ထိုအရေးများကို လေ့လာအကဲခတ်လျက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂရုတစိုက်ထမ်းဆောင်ကာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခဲ့ကြောင်း မလွဲမသွေ တွေ့ကြရပါလိမ့်မည်။ နောက်ဆုံး မဖြစ်နိုင်မတတ်နိုင်တော့သည့်အဆုံးမှ လွှဲပြောင်းပေးအပ်လာသောတာဝန်ကို ယူခဲ့ရခြင်းဖြစ်ပေသည်။ ယူခဲ့ရသော်လည်း အာဏာကို လက်တွင် အမြဲဆုပ်ကိုင်မထားခဲ့ဘဲ ပေးထားသောကတိများအတိုင်း ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အပြင် အနိုင်ရရှိလာသောအစိုးရကို စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းကပင် တပ်မတော်၏ရပ်တည်ချက်ကို ပြသခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုနိုင်ငံရေးအကွဲရောဂါသည် အကင်းမသေနိုင်ဘဲ ဆိုးဝါးသောအကျိုးဆက်အဖြစ် ၁၉၆၂ ခုနှစ်တွင် ထပ်ဆင့်ရင်ဆိုင်တိုးလာရသည်ကို မည်သူမျှ မငြင်းကွယ်နိုင်ခဲ့ပါချေ။

၁၉၆၂ ခုနှစ် တပ်မတော် အာဏာသိမ်းယူခဲ့ရခြင်းမှာလည်း အလားတူအခြေအနေမျိုးများကို ထိုစဉ်က အာဏာရအစိုးရအနေဖြင့် နိုင်နင်းစွာ ကိုင်တွယ်နိုင်စွမ်းမရှိနိုင်တော့သည့်အပြင် ပြည်ထောင်စုကြီး ပြိုကွဲ၍ လွတ်လပ်ရေးဆုံးရှုံးရတော့မည့် အခြေအနေဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့လာခြင်းကြောင့် ဖြစ်ပါသည်။ တပ်မတော်မှ အာဏာယူခြင်းသည် အာဏာကိုမက်မောတွယ်တာသဖြင့် အတင်းအဓမ္မလုယူခဲ့ခြင်းမျိုးဟု ထင်စရာရှိသော်လည်း ထိုသို့မဟုတ်ခဲ့ပေ။ ဆိုရပါသော် အာဏာရပါတီတွင်း အစိတ်စိတ် ထပ်မံကွဲအက်လာခြင်းနှင့် ထိုအကွဲရောဂါအပေါ် အခြားသော ပယောဂများ ဝင်ရောက် ပူးကပ်လာရခြင်းကြောင့်ဖြစ်ကြောင်းကို ထိုကာလကို သိမီလိုက်သူ မည်သူမဆို ဝန်ခံရပေလိမ့်မည်။ အမှန်တွင် ၁၉၅၈ ခုနှစ်ကာလများအတွင်းဆီက ဖြစ်ပေါ်လာသောဆိုးကျိုးများကို ဆက်လက် ခံစားဖြစ်ပေါ်လာရသဖြင့် တပ်မတော်မှ ဝင်ရောက်ကုစားခဲ့ရခြင်းသာဖြစ်ပါသည်။-----တဲ့။

၁၉၆၂ မတ်လ(၂)ရက်နေ့ တိုင်းပြည်ကို အသံလွှင့်ပြောခဲ့တဲ့ ဗိုလ်နေဝင်းမိန့်ခွန်းမှာ---

ပြည်ထောင်စုနိုင်ငံတော် အထူးယိုယွင်းလာသောအခြေအနေဆိုးတို့ကို ထိန်းသိမ်းသောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း---လို့ပါပါတယ်။ အဲဒီတော့ ၁၉၅၈မှာရော၊ ၁၉၆၂မှာရော စစ်တပ်က အာဏာသိမ်းရတာ အာဏာမက်လို့မဟုတ်။ တိုင်းပြည် အခြေအနေဆိုးဝါးလို့ (နိုင်ငံရေးသမားတွေ အသုံးမကျလို့) ဝင်ရောက် ထိန်းသိမ်းပေးရတာတဲ့။

ထို့အတူ-၁၉၈၉ မှာ နဝတအာဏာသိမ်းစဉ်ကလည်း ဒီလိုပဲ တိုင်းပြည်အခြေအနေတွေ ဆိုးနေလို့ ဝင်ကယ်ရတာပါလို့ ပြောခဲ့ပါတယ်။

၁၉၅၈-၂၀၁၅ အထိ(ကြားထဲမှာ ၁၉၆၀-၆၂ ပထစအရပ်သားအစိုးရရှိခဲ့) အနှစ်(၅၀)ကျော် နာမည်အမျိုးမျိုးနဲ့ ဗမာပြည်ကြီးကို အုပ်ချုပ်လာတဲ့ တပ်မတော်အစိုးရတွေ တိုင်းပြည်ကြီးကို ဘယ်လိုကယ်တင်ခဲ့သလဲဆိုတာ သိရအောင် လက်တွေ့ဖြစ်ရပ်များကို ကြည့်ရအောင်ပါ။

၃။ စစ်တပ်ရဲ့လုပ်ဆောင်ချက်များ။ စစ်အာဏာရှင်စနစ်-ခွေးသားရောင်းခြင်း။

၁၉၆၂ အာဏာသိမ်းချိန်မှာ ဖယ်ဒရယ်မှုကို တိုင်းရင်းသားတွေက တောင်းဆိုလို့ တိုင်းပြည်ပြိုကွဲမှာစိုးသတဲ့။ ကိုလိုနီစနစ်၏အမွေဆိုးဖြစ်သော ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကြီးသည် တခန်းရပ်၍ ချုပ်ငြိမ်းသွားရလေပြီ လို့လည်း ကြွေးကြော်ခဲ့ပါတယ်။

၁၉၆၂ ဧပြီလမှာတော့ မြန်မာဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာခဲ့ပါတယ်။ ပြီးတော့ တနိုင်ငံလုံး ကွမ်းယာဆိုင်ကအစ နိုင်ငံပိုင်သိမ်းပါတယ်။

တကယ်တော့ ဗမာ့တပ်မတော်က အဲဒီခေတ်အဲဒီအခါက ခေတ်စားနေတဲ့ ဆိုရှယ်လစ်-ဆိုတဲ့ဆိတ်ခေါင်းချိတ်ပြီး စစ်အာဏာရှင်စနစ်ခွေးသားကို စပြီးရောင်းခဲ့တာပါ။(တကယ် ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းသူများ ဘယ်သူဆိုတာ အခုအခါ လယ်ပြင်မှာဆင်သွားသလို ရှင်းနေပါပြီ။) အဲဒီကာလက လက်ဝဲအမည်ခံ နိုင်ငံရေးသမားများကတောင် ဗိုလ်နေဝင်းကို ဗမာပြည်က ကက်စထရိုလို့ ကင်ပွန်းတပ်ခဲ့ပါသေးတယ်။

အဲသလိုပေါ်ပေါက်လာတဲ့ မဆလအစိုးရဟာ ၁၉၆၂-၁၉၈၈ ခုနှစ်အထိ ၂၆ နှစ်ကြာ ဗမာပြည်ကြီးကို စိတ်တိုင်းကျ အုပ်ချုပ်ခဲ့ပါတယ်။ နိုင်ငံရေးသမားတွေ အသုံးမကျလို့၊ တိုင်းပြည်ရဲ့အခြေအနေအရပ်ရပ် ယိုယွင်းလာတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးကိုလည်း (၁)နှစ်အတွင်း ရယူပေးပါ့မယ်လို့ ကတိတွေပြုခဲ့ကြတဲ့ ဗိုလ်ချုပ်ကြီးများဟာ ဘယ်နိုင်ငံရေးသမားမှ မရဖူးတဲ့စည်းစိမ်တွေ ဆွေစဉ်မျိုးဆက် စားမကုန်အောင် အခွင့်အရေးတွေယူ တကမ္ဘာလုံးလှည့်၊ ပျော်ပျော်ရွှင်ရွှင်ကြီး ဖိမ်ခံခဲ့ကြတာပါ။

(မှတ်ချက်။ ကြည်ဝင်းစိန်ရေး တော်လှန်ရေးကောင်စီလက်ထက်-ကျွန်တော်နှင့်ဗိုလ်ချုပ်ကြီးများနဲ့ ဗိုလ်ထွန်းကြည်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်များ ရှာဖတ်ကြည့်ပါ။)

အရင် ဖဆပလခေတ်မှာ တိုင်းရင်းသားထဲက- ကရင်အမျိုးသားတွေရဲ့ တော်လှန်ရေးတခုသာရှိခဲ့ပေမယ့် မ ဆ လ ခေတ်မှာတော့ လူမျိုးစုထဲက လက်နက်ကိုင်တော်လှန်ရေးမလုပ်တဲ့လူမျိုးစု မရှိသလောက်ပါပဲ။

နိုင်ငံရေးအရညှဉ်းပန်းနှိပ်စက်မှုကလည်း အမျိုးမျိုးပါ။ တနိုင်ငံလုံး ထောက်လှမ်းရေးကွန်ရက်ဖြန့်ပြီး ဘယ်သူမှ မလှုပ်နိုင်အောင် လုပ်ထားခဲ့တာပါ။ ပြည်မကြီးက ထောင်များမှာသာမက ကိုးကိုးကျွန်းမှာတောင် ထောင်ဆောက်ပြီး နိုင်ငံရေးသမားများ(အထူးသဖြင့်လက်ဝဲသမားများ)ကို ပို့ခဲ့ပါသေးတယ်။

စစ်ဗိုလ်ချုပ်တွေ တိုင်းမှူးတွေ မကြုံစဖူး ကျိကျိတက်ချမ်းသာလာပေမယ့် တိုင်းပြည်ကြီးကတော့ နိုင်ငံခြားကြွေးမြီတွေ မဆပ်နိုင်တော့ဘဲ ၁၉၈၀ ခုနှစ်များမှာ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ ခံယူလိုက်ရပါတယ်။

ဒီနောက် ရှစ်လေးလုံးအပြီး တက်လာတဲ့ နဝတ-နအဖကရော--

၁။ ချမ်းသာမှုက ဘယ်မဆလဗိုလ်ချုပ်မှ မမီဘူး။

၂။ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း ရစရာမရှိအောင် ကျဆင်းသွား။

၃။ နိုင်ငံရေးအကျဉ်းသမားများအပေါ် ညှဉ်းပန်းနှိပ်စက်မှု မကြားရက်စရာ။

(ဒီဗွီဘီရဲ့ သာယာဝတီထောင်ရဲ့သွေးစွန်းသောနေ့ရက်များ သတင်းကား။ ဟံသာဝတီဦးဝင်းတင်ရဲ့ ထောင်တွင်း အတွေ့အကြုံစာအုပ်များ။)

၄။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲ အထွတ်အထိပ်လို့ဆိုနိုင်တဲ့ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ ဘုရားသားတော်သံဃာတော်များကို ရက်ရက်စက်စက် နှိပ်ကွပ်မှု။

ဒါတွေအားလုံးအပြီးမှာတော့ ၂၀၀၈ ဖွဲ့စည်းပုံပေါ်လာပြီး ၂၀၁၀ မှာ စစ်ဗိုလ်ချုပ်တဖြစ်လဲ ဦးသိန်းစိန်အစိုးရ ပေါ်လာတယ်။ ဒီမိုကရေစီအကူးအပြောင်းတွေ ဖော်ဆောင်တယ်ဆိုပြီး သူတို့တွေ အစိုးရသက်တမ်းကုန်ခါနီး တိုင်းပြည်ကို အေးဓားပြတိုက်သွားတာကြည့်ပါ။(နိုင်ငံခြားထွက် ကျွန်ခံရတဲ့ လူဦးရေသန်းချီရှိလာတယ်။)

တလောက Mizzima TV (မဇ္ဈိမ တီဗီ)က ဒုက္ခိတရဲဘော်များနဲ့ဗိုလ်ချုပ်ကြီးများ ဘဝကွာခြားချက် ဆိုတဲ့ သတင်းကားလေးကြည့်ပါ။ ဒါတွေအားလုံးက စစ်အာဏာရှင်စနစ်ဟာ ဗမာပြည်ကြီးကို ဘယ်လောက် နှိပ်စက်ညှဉ်းပန်းခဲ့တယ်ဆိုတာတွေကို ဘက်စုံကဖော်ပြနေတာပါ။

၄။ ပြည်သူလူထုရဲ့ပြတ်သားတဲ့သန္နိဋ္ဌာန်။

ဒီလောက် ပြည်သူတွေအပေါ် နှစ်ပေါင်း(၅၀)ကျော် နှိပ်စက်ခဲ့တဲ့စစ်တပ်ကို ဗမာပြည်သူတွေက ဘယ်လို သဘောထားခဲ့သလဲ။ အခွင့်ရရင်ရသလို နည်းသဏ္ဍာန်ပေါင်းစုံသုံးကာ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်ကဖယ်ချပစ်ဖို့ ကြိုးစားနေတာပါ။။ (၁၉၆၀ ရွေးကောက်ပွဲ၊ ၁၉၈၈အရေးတော်ပုံ၊ ၂၀၁၅ရွေးကောက်ပွဲ)

စစ်တပ်နဲ့ နီးစပ်တယ်လို့ယူဆရတဲ့ လူပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ်၊ ပါတီအဖွဲ့အစည်းကိုပဲဖြစ်ဖြစ် ဘယ်တော့မှ နေရာပေးမှာ မဟုတ်ပါဘူး။

အခုလည်း (စစ်တပ်က နောက်ဆုတ်ပေးသလိုနဲ့ အခရာအားလုံးကို ချုပ်ကိုင်ထားပြီး စစ်အာဏာရှင်စနစ်နောက် ဆုံးခံတပ်အဖြစ် ချန်ထားတဲ့) ၂၀၀၈ဖွဲ့စည်းပုံကိုလည်း ရတဲ့နည်းနာပေါင်းစုံနဲ့ ဖျက်သိမ်းနိုင်ရေးကို ကြိုးစားနေကြပါတယ်။

စစ်အာဏာရှင်စနစ်ကို စတင်တည်ထောင်သူ ဗိုလ်နေဝင်းဟာ ဗိုလ်ချုပ်ကြီးတလုည့်လုပ်လိုက်-(ဦး)နာမည်ခံလိုက်နဲ့ ရာထူးအမျိုးမျိုးယူသွားတာ။ တခါ ဗိုလ်သန်းရွှေကလည်း အသက်(၇၀)ကျော်(၈၀)နီးပါးအထိ နိုင်ငံတော် အမြင့်ဆုံးခေါင်းဆောင်အဆင့်ကိုယူထားခဲ့တာ၊ ဘယ်သူမှ ဘာမှပြောစရာမလို၊ ကိုယ့်စိတ်ကြိုက်လုပ်ဆောင်သွားနိုင်ခဲ့ကြတယ်။ သူတို့သာမက သူတို့နဲ့ခေတ်ပြိုင် မိုက်ဖော်ဆိုးဖက်ဗိုလ်ချုပ်ကြီးများပါ သားစဉ်မြေးဆက် စားမကုန်အောင် ချမ်းသာသွားကြတာ။

ဒီတော့ အခုလက်ရှိကာချုပ်ကြီးခမျာ သမ္မတလုပ်ချင်ရှာတာပေါ့။ ဒါမှ ရရှိထားတဲ့အခွင့်အရေးတွေကို ကာကွယ်နိုင်မယ်။ ဆက်လက် တိုးပွားအောင်လုပ်နိုင်မယ်။ ဒါပေမဲ့ သူသတိလစ်နေတာက နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေ၊ ပြည်သူတွေရဲ့စိတ်နေသဘောထားတွေ အများကြီးပြောင်းသွားပြီဆိုတာပါပဲ။

၁၉၅၈ တုန်းကလို စစ်တပ်အနေနဲ့ ပြည်သူတွေကို အလွယ်တကူ လိမ်လို့မရတော့ပါဘူး။ အခုပဲကြည့်ပါ။ ကာချုပ် ပရမ်းပတာပြောသမျှတွေကို(ဩဂုတ်လ(၁၉)ရက်နေ့ ပင်လုံညီလာခံမိန့်ခွန်း) ပြန်ချေပပြောဆိုနေတာများ အားရစရာကြီး။ ကာချုပ်နဲ့သွားတွေ့တဲ့ပါတီများကလည်း ဖြေရှင်းချက်အမျိုးမျိုးထုတ်နေရတာကလည်း တဒုက္ခ။ ဒါတွေအားလုံး က ပြဆိုနေတဲ့အချက်ကတော့----

ဗမာပြည်သူတွေဟာ စစ်တပ်ကို သူနေရာမှန်ကို မဖြစ်မနေ ပြန်ပို့တော့မယ်ဆိုတဲ့အချက်ပါ။ ဗမာပြည်သူတွေအတွက် စွန့်လွှတ်ရမှာကနောင်ကြိုးပဲဖြစ်ပြီး၊ ရနိုင်မှာက မိမိတို့အတွက် တကမ္ဘာလုံးရသလောက် ဖြစ်နိုင်တဲ့ ငြိမ်းချမ်းတဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ စည်းလုံးညီညွတ်တဲ့ ဗမာပြည်သစ်ကြီးပါ။

ဒါကို အာဏာလောဘဇောမသတ်နိုင်သေးတဲ့ ကာချုပ်အပါအဝင် အဆင့်အသီးသီးက စစ်ဗိုလ်ချုပ်အဟောင်းအသစ် အားလုံးကို အရှင်ထွက် မထွက်ချင်ရင်တော့ဖြင့် အသေထွက် ထွက်ရလိမ့်မယ်ဖြစ်ကြောင်း လေးလေးနက်နက် သတိပေးလိုက်ပါရစေ။

လှကျော်ဇော။၂၃-၈-၂၀၂၀။

# ဖေဖေ နဲ့
# ရဲဘော်တင်ရီ

## ကျွန်မဆက်၍ရေးချင်သောဖေဖေ့အကြောင်းများ။
## ဆောင်းပါးအမှတ်( ၅၄)။



---ဟာ --ဟာ -ခင်ဗျား ခင်ဗျား သခင်ဇင်နောက်ကပါလာတဲ့ ဝေါကပြည်သူ့စစ်ခေါင်းဆောင်မဟုတ်လား။----

ကျွန်မတို့မိသားစု ၁၉၇၆ ခုနှစ် ဇူလိုင်လ ဗမာပြည်ကွန်မြူနစ်ပါတီကိုရောက်လာပြီးနောက် ဖေဖေနဲ့ ကျွန်မကို ရဲဘော်ထွန်းက ဥက္ကဋ္ဌသခင်ဗသိန်းတင်နဲ့တွေ့ဖို့ ခေါ်သွားပါတယ်။ အဲဒီကာလက ဥက္ကဋ္ဌဦးစီးတဲ့ ပါတီကိုယ်စားလှယ် အဖွဲ့နဲ့ ကေ-အိုင်-အေအဖွဲ့ခေါင်းဆောင် ဦးဘရန်ဆိုင်းဦးစီးတဲ့ ကိုယ်စားလှယ်အဖွဲ့တို့ တပ်ပေါင်းစုဖွဲ့ရေး ဆွေးနွေးနေတဲ့ ကာလပါ။

အစည်းအဝေးရှိတဲ့နေ့တွေမှာဆိုရင် မနက်အစောစာ အားလုံးစားပြီးရင် ကျွန်မတို့သားအဖက ကိုယ့်အခန်းကိုယ်ပြန်လာပါတယ်။ ဖေဖေနဲ့(ဂျပန်ခေတ်ဘီဒီအေကာလကတည်းက) ရင်းနှီးတဲ့ မင်္ဂလာဒုံစစ်တက္ကသိုလ်ဆင်းတွေဖြစ်တဲ့ရဲဘော်မျိုးမြင့်(ရဲဘော်အောင်-နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)နဲ့ ဗိုလ်သန်းရွှေ(၇၅ ဗဟိုကော်မတီ) တို့နှစ်ယောက်တယောက်တလှည့် ကျွန်မတို့သားအဖအခန်းကိုလာပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း ပါတီတွင်းအခြေအနေ

တွေကို မိတ်ဆက်ပေးပါတယ်။ တနေ့တော့ ဒီနေ့ အရှေ့မြောက်စစ်ဒေသနိုင်ငံရေးမှူး ရဲဘော်တင်ရီ (နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)ရောက်မယ်လို့ကြားထားပါတယ်။

နေ့လည် ထမင်းစားခန်းမှာ အားလုံးဆုံတော့ ဥက္ကဋ္ဌက ရဲဘော်တင်ရီနဲ့မိတ်ဆက်ပေးချိန်မှာ ဆောင်းပါးအစမှာ ဖော်ပြထားတဲ့အတိုင်း ဖေဖေက တအံ့တသြ ပြောလိုက်တာပါ။ ရဲဘော်တင်ရီက ဘာမှပြန်မပြောဘဲ သူ့သင်္ကေတ မချိုမချဉ် ပြုံးထေ့ထေ့နဲ့ ဖေဖေလက်ကို အားရပါးရဆွဲ-နှုတ်ဆက်ပါတယ်။

ဖေဖေကလည်း မပြီးနိုင်မစီးနိုင်ဆက်ပြီး---

----ခင်ဗျား တော်တော်ဆိုးတဲ့လူဗျာ။ ခင်ဗျားကြောင့် ကျုပ်တို့တတွေ သေမကုန်တယ်။ ကံကြီးပေလို့ပဲ။---လို့မကျေမချမ်းပြောလိုက်ပါသေးတယ်။

ပြီးမှ ဘေးက ပါးစပ်အဟောင်းသားတွေနဲ့ ဖြစ်နေတဲ့ ကျန်ခေါင်းဆောင်ရဲဘော်တွေကို အဖြစ်အပျက်အကြောင်းစုံကို ဇာတ်စုံခင်းပါတော့တယ်။

၁၉၄၅-မတ်လ(၂၇)ရက် ဂျပန်တော်လှန်ရေးစတော့ ပဲခူးဒေသမှာ အခြေစိုက်တဲ့ တိုင်း(၄)ရဲ့တိုင်းမှူး ဖေဖေက စစ်ဌာနချုပ်အခြေစိုက်မယ့်-မြစ်ကျိုးဒေသကို တပ်ချီလာရာမှာ နောက်နေ့ မနက်အစောကြီး ဝေါမြို့လေးကို ရောက်တော့ ဖေဖေတို့ကိုကြိုနေသူက အဲဒီက ပြည်သူ့စစ်ခေါင်းဆောင်က ရဲဘော်တင်ရီ(ပဲခူးနေဝင်း) ပါ။ သူ့ရဲ့ပြောပြ ချက်အရ ဝေါမြို့သူကြီးအိမ်မှာ ဂျပန်(၂)ယောက်ရောက်နေပြီး ဝေါဘူတာရုံမှာလည်း ဂျပန်(၃)ယောက်သာရှိကြောင်း သိရသတဲ့။ အဲဒီတော့ ဖေဖေတို့က ပွဲဦးထွက် ဒီဂျပန်တွေကိုတိုက်ဖို့ စီစဉ်တာပေါ့။ ဖေဖေတို့ကလည်း တိုင်းရုံးအဖွဲ့ပဲ ဖြစ်တာကြောင့် လူက (၂၀)ကျော်လေးပဲ ပါတယ်။ သင့်တော်သူလောက်ပဲထုတ်ပြီး (၂)သုတ်ခွဲ တသုတ်ကို သူကြီးအိမ်လွှတ်၊ အဲဒီကဂျပန်(၂)ယောက်ကိုသတ်ခိုင်းပြီး ကျန်ရဲဘော်(၃-၄)ယောက်နဲ့ ဖေဖေက ဘူတာရုံကို ချီတက်လာပါတယ်။

ဘူတာရုံလည်းရောက်ရော ဘူတာမှာက ဂျပန်(၄-၅)ယောက် စတွေ့ပါတယ်။ ကဲ- ရောက်မှတော့မထူးဘူး၊ ဆက်တိုက်ရမှာပဲလို့စဉ်းစားပြီး တိုက်ဖို့ အသေးစိတ် စီစဉ်နေတုန်းမှာပဲ သူကြီးအိမ်ဘက်ကသေနတ်သံထွက်လာပြီး ဘူတာရုံနားရပ်ထားတဲ့ကားတစီး(တကယ်တော့ ဘတ်စ်ကားက(၃)စီး။ ကားပေါ်မှာလည်း ဂျပန်စစ်သား တပ်ခွဲတခွဲစာလောက်ရှိ)ပေါ်က ဂျပန်အရာရှိတယောက်ဆင်းလာပြီး ဂျပန်စစ်အရာရှိဝတ်စုံနဲ့ပဲရှိနေသေး




တဲ့ဖေဖေ့ကို သေနတ်သံထွက်တဲ့ဘက်လက်ညှိုးညွှန်ပြီး ဘာဖြစ်တာလဲလို့မေးသတဲ့။ (ဂျပန်တော်လှန်ရေးစကာစမှာ ဂျပန်တပ် အတော်များများ မသိပါဘူး။ ဒါကြောင့် နေရာအတော်များများမှာ အငိုက်မိကြပါတယ်။) ဖေဖေကလည်း ပါးစပ်ထဲရောက်လာတဲ့ဂျပန်စကား-ကြိုယင်(စစ်လေ့ကျင့်ခန်း)လို့ ပြောလိုက်တော့မှ အဲဒီဂျပန်စစ်ဗိုလ် ကားပေါ်ပြန်တက်သွားသတဲ့။

ဒီတော့မှ ဖေဖေတို့တတွေ အမြန်ဆုတ်ရပါတော့တယ်။(ညပိုင်းကျမှ ဝေါဘူတာရုံကို ဂျပန်တပ်ခွဲ(၁)ခွဲ ရောက်လာတာ ဘယ်သူမှမသိလိုက်တာပါ။) (ဒီအဖြစ်အပျက်အသေးစိတ်ကို ဖေဖေက သူ့စာအုပ်-ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ - ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့(ယဉ်မျိုးစာပေထုတ်)နှာ ၁၀၀-၁၀၁ မှာအပြည့်အစုံရေးထားပါတယ်။ ရဲဘော်တင်ရီက လည်း အရေးတော်ပုံစာစောင်မှာ ဆောင်းပါးရေးဖူးပါတယ်။)

အဲဒီကာလကစလို့ ရဲဘော်တင်ရီနဲ့(နောက်ပိုင်း သူ့မိသားစုနဲ့ပါ) ကျွန်မတို့မိသားစုတတွေ ခင်မင်ရင်းနှီးလာကြပါတယ်။ ကျွန်မတို့ပါတီက ခေါင်းဆောင်ရဲဘော် အများတကာ့အများစုကြီးဟာ အဆင့်အသီးသီးက ရဲဘော်များနဲ့ တရင်းတနှီး ခင်ခင်မင်မင်နေတတ်လေ့ရှိပါတယ်။ ဒီအထဲမှာတော့ ရဲဘော်တင်ရီက အလွန့်ကို တသားတည်း နေထိုင်တတ်သူပါ။ အသက်အရွယ်မရွေး ဘယ်သူ့ကိုမဆို သူငယ်ချင်းပေါင်း ပေါင်းတာပါ။ စကားအကောင်း အတည်တွေ ပြောနေရာကနေ ဖောက်ချင်ဖောက်ပြီး ဟာသကနောတတ်လေ့ရှိပါတယ်။ ဒါတွေကြောင့်လည်း ရင်းနှီးတဲ့ ရဲဘော်များရဲ့ ဝေဖန်မှုတွေ ခံရတတ်ပါတယ်။ ဒါပေမဲ့ပြုပြင်တာလည်း မတွေ့ဖူးပါဘူး။

ကျွန်မကိုလည်း တခါမှ ကောင်းကောင်းကန်းကန်း မခေါ်ဖူးဘူး။ မိလှခေါ်လိုက် ခွေးမခေါ်လိုက်နဲ့။ ပန်ဆန်း ရောက်ပြန်တော့ ဒေါက်တာပေါက်တူးဆိုတဲ့နာမည် ထပ်ရပြန်တယ်။ စကားစပ်လာမိတော့ ကျွန်မ ဒေါက်တာပေါက်တူး ဘွဲ့ ရခဲ့တဲ့အကြောင်းလည်း ပြောပြရဦးမယ်။

ပန်းဆန်းမှာ (၁၉၈၅ခုနှစ်) ပါတီရဲ့တတိယကွန်ဂရက် ကျင်းပဖို့ပြင်ဆင်နေချိန်အတွင်း အရှေ့မြောက်စစ်ဒေ သ နိုင်ငံရေးဌာနကြီးရဲ့ဌာနမှူး ရဲဘော်ကြည်ပြိုင်(၇၅၀ဗဟိုကော်မတီ-အရန် ဗဟိုကော်မတီဝင်) မကျန်းမမာ ဖြစ်ပါ တယ်။ ဆေးလိပ်အလွန်ကြိုက်ပြီး တသက်လုံးသောက်လာသူဆိုတော့ အစောပိုင်း လေပြွန်ရောင်ရောဂါကနေ တဖြည်း ဖြည်း အဆုတ်-နှလုံး ရောဂါရလာပါတယ်။ ရောဂါပြင်းလာတော့ တဖက်နိုင်ငံပို့ဖို့ စီစဉ်ပါတယ်။ သူက လက်မခံပါဘူး။ သေလည်း ဒီပန်ဆန်းမှာပဲသေမယ်တဲ့။

ဒီတော့ ရဲဘော်တင်ရီက ကျွန်မနဲ့ အရှေ့မြောက်စစ်ဒေသဆေးရုံက ဒုနိုင်ငံရေးမှူးဆရာမကြီးဒေါ်ငွေကို ခေါ် ပြီး လူနာကို အတတ်နိုင်ဆုံးစောင့်ရှောက်ကုသဖို့ တာဝန်ပေးပါတယ်။ လူနာက ဆေးရုံလည်း မတက်ချင်ဘူးဆိုတော့ (ရဲဘော်ကြည်ပြိုင်ဆိုတာကလည်း ဂျစ်တစ်တစ်၊ ပေကတ်ကတ်ရယ်) အိမ်မှာပဲထားပြီး သူတို့ဌာနက ဆေးမှူးလေးကို တာဝန်ပေးထားပြီး ကျွန်မတို့(၂)ယောက်က ညနေစောင်းမှ သွားသွားကြည့်။ နောက်နေ့အတွက် ညွှန်ကြားစရာရှိရင် ပြောခဲ့၊ ကျန်အချိန်တွေ လိုအပ်လာရင် ဆေးရုံ လှမ်းအကြောင်းကြားဆိုပြီး စီစဉ်ထားရပါတယ်။ လူနာကလည်း တနေ့ ရွှေ-တနေ့ငွေကိုး။

တညနေ ကျွန်မတို့ရောက်တော့ ရဲဘော်တချို့ အရင်ရောက်နေကြပြီး တဝါးဝါးတဟားဟား စကားတွေ ဖောင်လောက်အောင် ဝိုင်းပြောနေကြတာ တွေ့ရပါတယ်။ ဌာနအသီးသီးမှာရောက်နေကြတဲ့ ဗမာရဲဘော်တွေက အလှည့်ကျ လူနာဆီလာပြီး စိတ်ပြေလက်ပျောက် ပြောကြဆိုကြနဲ့ ညနေစောင်းဆို လူနာဆီမှာ စည်ကားနေတတ်ပါတယ်။ အဲဒီညနေမှာတော့ လူနာကိုယ်တိုင်က ပြုံးပြုံးရွှင်ရွှင်နဲ့ ဝင်နောက်ပြောင်ပြောဆိုနေတာပါ။ လူကလည်း လန်းလန်းဆန်းဆန်း။ လူနာကြည့်အပြီး အပြန်မှာ ထုံးစံအတိုင်း ရဲဘော်တင်ရီဆီ ဝင်၊ နောက်ဆုံးအခြေအနေကို အစီရင်ခံတဲ့အခါ ကျွန်မက

-အို....ဒီနေ့ အခြေအနေသိပ်ကောင်းတယ်။ အတော်လည်း လန်းဆန်းတယ်-လို့ဆိုတော့ --ရဲဘော်တင်ရီက

---ဟုတ်ရဲ့လားဟဲ့။ ငါတို့အရပ်တွေမှာတော့ အဲသလို ရောဂါသည်းနေတဲ့လူတွေ လန်းလာရင် ကြောက်ရတယ်---တဲ့။

-----ဟာ..ဦးလေးကလည်း (ကျွန်မက သူ့ကို ဦးလေးလို့ခေါ်ပါတယ်။) -အရေးထဲ-အယူတွေ သီးနေပြန်ပါပြီ။ ကျွန်မ စစ်ဆေးလာခဲ့ပါပြီ။ အကုန် ပုံမှန်ပါ။-----လို့ ရဲရဲဝံ့ဝံ့ကြီးကို အာမခံလိုက်ပါတယ်။ (တကယ်တော့ ကိုယ်မှာပါတာကလည်း နားကြပ်နဲ့ သွေးဖိအားတိုင်းကိရိယာလေးတခုရယ်။ လူနာကလည်း နှလုံးရော အဆုတ်ရော တဖြည်းဖြည်းနဲ့ စွမ်းအင်ကျနေပါပြီ။)

နောက်နေ့ မနက်အစော လင်းအားကြီးမှာ ရဲဘော်ကြည်ပြိုင်ကွယ်လွန်ပါတယ်။

အဲဒီကစလို့ ကျွန်မကို ရဲဘော်တင်ရီက ဒေါက်တာပေါက်တူးလို့ ခေါ်တတ်လာပါတယ်။

ရဲဘော်တင်ရီရဲ့ အပြောင်အနောက်အမျိုးမျိုးကို ဘယ်သူမှ မလွတ်ပါဘူး။ ဖေဖေကိုနောက်လွန်းလို့ သူ့ကို ဥက္ကဋ္ဌကတောင် ဝေဖန်ဖူးတယ်လို့ သူကိုယ်တိုင်ပြန်ပြောပြဖူးပါတယ်။ ဥက္ကဋ္ဌသခင်ဗသိန်းတင်က---

ကိုတင်ရီရယ်။ ဦးတင်(ဖေဖေတောတွင်းအမည်)ကို သိပ်မနောက်ပါနဲ့ဗျာ။ အားနာစရာကြီး။ ဒီလူကြီးက သူ့နောက်လို့ နောက်မှန်း သိတာလည်း မဟုတ်၊ ပြန်လည်း မနောက်တတ်နဲ့။----လို့ဝေဖန်ဖူးတယ်။---တဲ့။

(မှတ်ချက်။ ၁၉၈၅ တတိယကွန်ဂရက်အပြီး ဌာနတွေပြန်ဖွဲ့စည်းရာမှာ ဗဟိုစစ်ဦးစီးဌာန ဖွဲ့စည်းလိုက်ပြီး စစ်ဦးစီးမှူး က ရဲဘော်တင်ရီဖြစ်ပြီး ဒု-ဦးစီးမှူးက ဖေဖေဖြစ်လာပါတယ်။ ဒီတော့ ဖေဖေက နေ့တိုင်း ဗဟိုရုံးကနေ စစ်ဦးစီးရုံးကို လာ ရုံးတက်ရပါတယ်။)

ဖေဖေက သူ့ကို ပြန်မနောက်တတ်ပေမယ့် သူရဲ့အားနည်းချက်များကိုတော့ သူတို့ရဲ့ ဗဟိုစစ်ဦးစီးဌာန က လာပ်စည်း- အစည်းဝေးတွေမှာ ထောက်ပြတတ်တဲ့အကြောင်း ရဲဘော်စိုးချစ်(ထိုစဉ်က ဗဟိုစစ်ဦးစီးအဖွဲ့ရုံးက- က လာပ်စည်း အတွင်းရေးမှူး)က ဖေဖေ့အတွက် အမှတ်တရရေးပေးတဲ့ ဆောင်းပါးတစောင်မှာ-ဒီလိုရေးထားတာ တွေ့ ရပါတယ်။

---- ဥပမာတခု ပြောပါမယ်။ ဗိုဘီဖြစ်တဲ့ ရဲဘော်တင်ရီက အလုပ်ကများများ၊ အားကစား၊ စိုက်ပျိုးရေး၊ ပျော်ပွဲ ရွှင်ပွဲ၊ တီဗွီကြည့်တာကအစ ဝါသနာပါတာကများများဆိုတော့ အမြဲအချိန်မလောက်ဖြစ်နေသူ။ ဒီတော့ လစ်ဟင်းမှုတွေ မကြာခဏ ဖြစ်တတ်တယ်။ ဒီတော့ ရဲဘော်ဦးတင်က---ရဲဘော်တင်ရီ... ခင်ဗျားဟာ ဗဟိုကော်မတီအစည်းအဝေးတွေ မှာဖြစ်ဖြစ်၊ ကလာပ်စည်းထဲမှာဖြစ်ဖြစ် စကားပြောတဲ့အခါ ပြင်ပြင်ဆင်ဆင်လုပ်ထားရင် သိပ်နားထောင်လို့ ကောင်း တယ်။ အကျိုးရှိတယ်။ ဒါပေမဲ့--။ ပြီးစလွယ် လုပ်တာတွေကများတယ်။--လို့ ထောက်ပြဝေဖန်ဖူးတယ်။------

(ကျွန်တော်တို့ရင်တွင်းက ရဲဘော်ဦးတင် (ရဲဘော်စိုးချစ်။) သူတို့ရင်ထဲက ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၊ (ရဲဘော် ဦး တင်) ကွယ်လွန်ခြင်း တနှစ်ပြည့်အမှတ်တရ အတွဲ(၁)မြိုးမောက်သာစာပေ)၂၀၁၃ခုနှစ်ထုတ် နှာ ၁၇၃)

ဒီလိုနဲ့ ကျွန်မတို့တတွေ ၁၉၈၉ ဇာတ်ခေါင်းကွဲပြီး တယောက်တနယ်စီ ဖြစ်ကုန်ကြပါတယ်။

ရဲဘော်တင်ရီက သူ့မိသားစုရှိရာ စစ်ချမ်းပြည်နယ်က ချင်တူးရောက်သွားပါတယ်။ အစောပိုင်းကာလတပိုင်း အဆက်အသွယ်ပြတ်သွားပေမယ့် နောက်ပိုင်း ပြန်ဆက်သွယ်မိပြီး သာရေးနာရေး ပြောဟယ် ဆိုဟယ် နောက်ဟယ် ပြောင်ဟယ် နေလာလိုက်ကြတာ နောက်ဆုံး၂၀၁၈-၁၀--၂၈ရက် အသက်(၉၇)နှစ်မှာ ကွယ်လွန်သွားပါတော့တယ်။ ဘာရောဂါမှမရှိဘဲ ဘာဝေဒနာမှလည်း မခံစားရဘဲ မီးစာကုန်ဆီခန်းသွားရတာပါ။

လူကသာ တနယ်တကျေးမှာနေရပေမယ့် နယ်စပ်မှာကျန်ခဲ့ရှာတဲ့ ရဲဘော်များအတွက် အမြဲ ပူပန်သောက ရောက်နေတတ်ပြီး အဲဒီရဲဘော်များရဲ့ကျန်းမာရေး၊ ကလေးများပညာသင်ကြားရေး၊ တခြား လူမှုရေးအမျိုးမျိုးအတွက် အမြဲတစေ သူတတ်နိုင်သမျှ ထောက်ပံ့ကူညီခဲ့တာပါ။

ကျွန်မတို့မိသားစုအတွက်ကတော့ သူ့ကို ဘယ်တော့မှမမေ့နိုင်ဘဲ အမြဲထာဝရ ကျေးဇူးတင်နေရမယ့် အ ကြောင်း (၂)ရပ် ရှိပါတယ်။

၁၉၈၂ ခုနှစ် ဖေဖေ ပန်ဆန်းမှာ ကျွန်မကျွေးတဲ့ဆေးတွေစားပြီး အစာအိမ်ပေါက် သွေးသွန်ပါတယ်။ သွေးဖိ အား(၀)ထိကျသွားလို့ သွေးဖိအားတိုင်းစက် တပ်ထားတဲ့ လက်တဖက်ပဲချန်ပြီး ကျန်(၃)ဖက်(၃)တန် (လက်တဖက်နဲ့ ခြေ(၂)ဖက်စလုံး) သွေးရည်ကြည်တွေ ဓာတ်ဆားရည်တွေ၊ ဂလူးကို့စ်တွေ အမြန်သွင်းပြီး တဘက်နိုင်ငံ ဆေးရုံကို ပို့ဖို့ လုပ်ရပါတယ်။ ဖေဖေနဲ့အတူထည့်လိုက်ဖို့ ကျွန်မဆေးကျောင်းသားထဲက ဗမာစကားရော တရုတ်စကားရော တတ်တဲ့ ကျောင်းသားတယောက်ရှာဖို့ ဥက္ကဋ္ဌက ပြောပါတယ်။ ဒီတင် အနားရှိနေတဲ့ ရဲဘော်တင်ရီက--တခြားလူ ရှာစရာ ဘာ လိုလဲ၊ သူ့သမီးပဲ ထည့်လိုက်ပေါ့။ သူလည်း တရုတ်လိုပေါက်သားပဲ။---တဲ့။

ကျွန်မဖြင့် ထိုင်တောင် ဦးချလိုက်ချင်တာ။ ကျွန်မမှာ ဖေဖေနောက်လိုက်ချင်တာ တပိုင်းသေနေတာ။ ကိုယ် ရေးကိုယ်တာကိစ္စ မတောင်းဆိုသင့်လို့သာ အသာငြိမ်နေတာ။

ပြီးတော့ ကျွန်မဘက်လှည့်ပြီး--ဟိုရောက်ရင် ဟိုကလူတွေနဲ့ သွားရန်ဖြစ်မနေနဲ့ဦး။-တဲ့။

တကယ်လည်း ကျွန်မပါသွားပေလို့ ဖေဖေအသက်ရှင်တာ။ ကျွန်မက ဖေဖေဘေးမှာ တချိန်လုံး ထိုင်နေပြီး ဖေဖေ နလုံးခုန်မြန်လာတာနဲ့၊ သွေးဖိအားလေး နည်းနည်းကျတာနဲ့ (အတွင်းမှာ သွေးယိုစီးတဲ့လက္ခဏာ) တာဝန်ကျ ဆရာဝန်ကိုပြောပြီး သွေးသွင်းဖို့သတိပေးရပါတယ်။ ဒီလိုနည်းနဲ့ အချိန်ဆွဲထားရပြီး (၂)ရက် (၃)ရက်အကြာမှာ ကူမင်း

စစ်ဆေးရုံကြီးက ဆေးအဖွဲ့ ရဟတ်ယာဉ်နဲ့ရောက်လာပြီး အသက်ကယ်လိုက်နိုင်လို့ ဖေဖေက နောက်အနှစ်(၃၀) (၂၀၁၂ အထိ)အသက်ရှင်နေထိုင်သွားနိုင်တာပါ။ (ဒီဖြစ်စဉ်အသေးစိတ်ကို အလျဉ်းသင့်ရင် ရေးပါဦးမယ်။)
နောက်ကျေးဇူးတင်ရမယ့်အချက်ကတော့---

၁၉၈၉ ဧပြီလ (၁၉) ရက်နေ့ ပန်ဆန်းဒေသတခုလုံး လူမျိုးစုတပ်များရဲ့အာဏာသိမ်းခြင်းကို ခံလိုက်ရပြီး နောက်မနက်ခင်း ဗဟိုရုံးက ရဲဘော်တွေအားလုံး တဖက်ကမ်းနိုင်ငံကို ရောက်သွားပါတယ်။ ဖေဖေ၊ မေမေနဲ့ ကျွန်မတို့မောင်အငယ်ဆုံး ရဲဘော်ထွန်းမြတ်တို့(၃)ဦး အဲဒီဘက်ရောက်သွားပြီး အရှေ့မြောက်စစ်ဒေသမှာရှိနေတဲ့ ကျွန်မနဲ့မောင်အကြီး(၂)ယောက်က ဒီဘက်ကမ်း ပန်ဆန်းမှာကျန်ခဲ့ပါတယ်။ ဒီတော့ မေမေက တငိုငိုတရီရီ ဖြစ်လာပါတယ်။ ဗဟိုရုံးကခေါင်းဆောင်တွေကိုရော၊ ကျန်မိသားစုဝင်များနဲ့ ရဲဘော်များကိုရော ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တာဝန်ခံလုပ်ဆောင်နေရတဲ့ ရဲဘော်တင်ရီက ရဲဘော်ထွန်းမြတ်ကို တခြားအလုပ်တွေက ကျန်ရဲဘော်တွေ လုပ်လို့ရတယ်။ ခင်ဗျားက ခင်ဗျားအမေကြီးနားမှာပဲနေပြီး၊ ဂရုစိုက်ချေ-လို့ တာဝန်ပေးထားပြီး နေ့လည်လောက်ရောက်တော့ လုံခြုံရေးအတွက် ဗဟိုခေါင်းဆောင်တွေကို နေရာရွှေ့ဖို့ စီစဉ်ရတော့လည်း ဖေဖေတို့နဲ့အတူ ကိုထွန်းမြတ်ကို ထည့်ခေါ်သွားခဲ့ပါတယ်။

ကိုထွန်းမြတ် အနားရှိနေလို့လည်း မေမေက တစုံတရာစိတ်သက်သာသွားရတာပါ။ ဒါတွေကြောင့်ပဲ ကျွန်မတို့မိသားစုက ရဲဘော်တင်ရီကို အမြဲကျေးဇူးတင်နေမိတာပါ။

အခုတော့ ရဲဘော်တင်ရီကွယ်လွန်တာ(၂)နှစ်ကျော်သွားပါပြီ။
ကျန်ခဲ့သူများကတော့---
နွေလည်းနွေမို့
မိုးလည်းမိုးမို့
ဆောင်းလည်းဆောင်းမို့--ဝမ်းနည်းတာ၊ လွမ်းဆွတ်တာ၊ အတူတူချည့်ပါပဲ။

(မှတ်ချက်။ မေမေအတွက်ရေးပေးတဲ့ ဖိုးသံ(လူထု)ရဲ့ ကျွန်တော်တို့ဒေါ်ဒေါ် ဆိုတဲ့ ကဗျာက တစိတ်တပိုင်းကိုယူသုံးလိုက်ပါတယ်။)

လှကျော်ဇော။၅-၁၂-၂၀၂၀။

ဓာတ်ပုံများ

ရဲဘော်ဦးတင်(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော)
ရဲဘော်တင်ရီ(ရဲဘော်နေဝင်း-ပဲခူး)။

# ယူဂျီနဲ့ ထောက်လှမ်းရေး

## ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်
## ( အမှတ် ၈ )

A.ငြိမ်း

(၁)

ယူဂျီဆိုလိုက်တာနဲ့ သူ့သူကိုယ်ကိုယ် နိုင်ငံရေးသမားတွေ လှုပ်လှုပ်ရှားရှားဖြစ်လာတတ်ကြတယ်။ ပါတီအဖွဲ့အစည်းတွေကလည်း မျက်လုံးဝိုင်းသွားတတ်ကြတယ်။ အနည်းဆုံး ဒီသတင်းကို နားမထောင်ဘဲ မဖတ်ဘဲ နေမရ - ဒါက ကိုယ့်ဘက် -

ရန်သူ့ဘက် (အထူးသဖြင့်စစ်တပ်) နဲ့ အုပ်စိုးသူအဆက်ဆက်ဘက်မှာလည်း ခေါင်းထောင်လာတတ်ကြတယ်။ အမြဲနားစွင့်နေတဲ့ ထောက်လှမ်းရေးဘက်က ပုဂ္ဂိုလ်တွေဆိုရင် ပိုအာရုံပြုကြမှာ သေချာပါတယ်။

လွတ်လပ်ရေးခေတ်နောက်ပိုင်း ကျွန်တော်တို့ ကြားဖူးတဲ့ မီလိုက်တဲ့ ကြုံလိုက်ဖူးတဲ့ ထောက်လှမ်းရေး တာဝန်ခံတွေ စဉ်ကြည့်မိတယ်။ ဗိုလ်မှူးကြီးချစ်ခင် (လေ)၊ ဗိုလ်မှူးကြီးလွင် (တပ်ထဲမှာ ဗိုလ်မှူးကြီးမောင်လွင် ၃ ယောက်ဖြစ်နေလို့ နှုတ်ခမ်းမွေးမောင်လွင်လို့လည်း ခေါ်တတ်ကြ)၊ မျက်မှန်တင်ဦး၊ ဗိုလ်ခင်ညွန့် စသည် တွေ့မိပါတယ်။ ၄ ယောက်စလုံးက ဗိုလ်နေဝင်းမွေးထားတဲ့သူတွေ၊ တလက်ကိုင် လက်မရွံ့သမားတွေချည်းပဲ။ ရှေ့ ၂ ယောက်က ခိုင်းတာပဲလုပ်တယ်။ အထွတ်အထိပ်ရောက်ဖို့အထိ တက်လှမ်းဖို့ မျှော်မှန်းလုပ်ဆောင်ကြတာမတွေ့ရ။ နောက် ၂ ယောက်ကျ တမျိုး -

(၂)

ကျွန်တော် ၁၉၇၉ - အရှေ့မြောက်ရောက်လာတော့ ထိုစဉ်က အာဏာလက်စောင်းထက်နေတဲ့ မျက်မှန်တင်ဦး (ရွှေနားပေတင်ဦး) နဲ့ ပတ်သက်တဲ့သတင်းတခု ပါလာတယ်။ မဆလ ဗဟိုကော်မတီမဲပေးပွဲတခုမှာ ဗိုလ်နေဝင်းက နံပါတ် (၆) ရောက်သွားတဲ့ကိစ္စ၊ ဗိုလ်တင်ဦးက ဗဟိုကော်မတီတွေခေါ်တွေ့ပြီး ပွဲကြမ်းပစ်လိုက်မှ နံပါတ် (၁) ပြန်ရောက်သွားတဲ့အကြောင်း ရဲဘော်ထွန်းကို အစီရင်ခံတော့ "ကျွန်တော်လည်း ကြားပါတယ်" တဲ့။ နောက်နေဝင်းက တင်ဦး ၂ ဦးနဲ့ တိုင်းပြည်ကို အုပ်ချုပ်နေကြောင်း လူတွေပြောနေတဲ့အကြောင်း တင်ပြတော့ ပြုံးပြီး "CC တွေကို တင်ဦး က ခေါ်လက်မှတ်ထိုးခိုင်းတဲ့ကိစ္စ ခင်ဗျားပြောတာက ပိုပြည့်စုံပါတယ်" လို့ မှတ်ချက်ပေးပါတယ်။



ဦးခင်ညွန့် ကို ရန်ကုန်မြို့ရှိ သူ၏ နေအိမ်ခြံဝင်း၌ တွေ့ရစဉ်



ဗိုလ်မှူးချုပ် တင်ဦး

အရှေ့မြောက်စစ်ဒေသရောက်ပြီး ၄ နှစ်လောက်ကြာတော့ အာဏာနံပါတ် တစ်-နှစ်ပိုင်းတစ်ပိုင်းမှာရှိတဲ့ မျက်မှန်ကြီးတင်ဦး နန်းကျပြီး ထောက်လှမ်းရေးအစဉ်အလာမရှိတဲ့ ဗိုလ်ခင်ညွန့် ထောက်လှမ်းရေးတာဝန်ခံ ဖြစ်လာတယ်။ (အသစ်ဆိုတော့ ဘယ်သူ့ဩဇာမှ ပါမလာနိုင်တော့ဘဲ လိုသလို ပုံသွင်းနိုင်လို့- လို့ထင်ပါတယ်။)

(၃)

သူ(ရဲဘော်ထွန်း) နဲ့တွေ့နေရတဲ့ ကာလမှာ ထောက်လှမ်းရေးအကြောင်းတွေ စကားစပ်မိကြတယ်။

(က) အိမ်တော်သန့်ရှင်းရေး (လခရ) ဆိုပြီး အမှုထမ်းတချို့ ရှင်းပစ်တဲ့ကိစ္စ ဒေါ်ခင်မေသန်းနဲ့ ပြဿနာဖြစ်တာရဲ့ နောက်ကြောင်းရာဇဝင် (တိတိကျကျ မိတ်ဆက်ပေးတာ မဟုတ်၊ ဆက်စပ်စဉ်းစားနိုင်အောင်သာ ပြောတာဖြစ်)

(ခ) ထောက်လှမ်းရေးကိစ္စတခု ပြောရင်းက "ဗိုလ်စိန်မြ၊ ဗိုလ်လွန်းတင်တို့ဟာ ဆရာချစ်က ဆိုလိုက်ရင် ပြီးတယ်။ နှုတ်ခမ်းမွှေးမောင်လွင်က သခင်သန်းထွန်းဆိုရင်ပြီးတယ်" တဲ့။

(အဲဒီခေတ်က UG ဆိုတာ သိပ်နက်ရှိုင်းပါလားလို့ ခံစားမိလိုက်တယ်။ ရှေ့ ၂ ယောက်က တိုင်းမှူးတွေ၊ နောက်တယောက်က (ထလရ) ညွှန်မှူး)

(၄)

မျက်မှန်တင်ဦး (ရွှေနားပေလို့လည်းခေါ် - ဂျပန်နားရင်းရိုက်တာခံရလို့ နားပင်းသွားတာဖြစ်) အရာကျသွားပြီး နောက်ပိုင်းမှာမှ သူ့လက်ထောက်တချို့က တင်ဦးနဲ့တွဲပြီး အလုပ်လုပ်ရတာတွေ ရေးတယ်။ ဒီအထဲမှာ တင်ဦးရဲ့ လုပ်ပုံကိုင်ပုံ စဉ်းစားတွက်ချက်ပုံတွေ ဖော်ပြထားတာ တွေ့ရသလို သူ့အရှိန်အဝါတွေ တက်လာပုံ၊ နောက်ဆုံး တစ်-နှစ် ပိုင်းတစ်ပိုင်းအဆင့် ရောက်သွားပုံအထိ သတိပြုမိကြပါလိမ့်မယ်။ တင်ဦးကိုယ်တိုင် စာတစောင် ပေတဖွဲ့ရေးတာ မတွေ့မိ။

ခင်ညွန့်ကတော့ ရေးတယ်။ သူ့စာအုပ်ထဲမှာ တင်ဦးကို ဆရာတင်ထားတာလည်း ဖတ်ရတယ်။

(၅)

ရှေ့ကလူတွေ ထားတော့ - တင်ဦးနဲ့ခင်ညွန့် ဘယ်သူက ပိုပြီး လုပ်ချင်ရာ လုပ်ခွင့်ရခဲ့သလဲ။

တင်ဦးက အိမ်တော်သန့်ရှင်းရေးဆိုပြီး အိမ်တော်ထဲဝင်ကာ သူ့စိတ်ကြိုက်စိစစ်ရေးလုပ်ပြီး ရှင်းထုတ်သင့်သူတွေ ရှင်းထုတ်လိုက်တော့ ဒေါ်ခင်မေသန်းနဲ့ငြိတယ်။ သူက နောက်မဆုတ်ဘူး။ ဒါ့ကြောင့် တင်ဦးလာတာ မြင်လိုက်

တာနဲ့ ဒေါ်ခင်မေသန်းက "မျက်မှန်ကြီး....မျက်မှန်ကြီး လာပြီ"ဆိုပြီး မျက်နှာ သွေးဆုတ်သွားလို့ ဘေးလူက တွဲထားရတယ်။ ဒါကို ကြည့်ရင် ထောက်လှမ်းရေးတွေထဲမှာ တင်ဦးဟာ အာဏာအမြင့်ဆုံးပဲလို့ ပြောသူက ပြောတယ်။ ဒါပေမဲ့ တင်ဦးက မဆလမှာ တွဲဖက်အတွင်းရေးမှူးလည်း လုပ်နေရတော့ ပါတီချုပ်ကိုင်မှု အကန့်အသတ်တွေရှိတယ်။ ခင်ညွန့်က နိုင်ငံတော်အာဏာအဆင့်မှာ တရားဝင်နံပါတ် (၃)။ တင်ဦးလို ထောက်လှမ်းရေးနံပါတ် (၁) ဒါ့အပြင် သူကြိုက်သလို အုပ်ချုပ်ရေး institution တွေ ဖွဲ့တယ်။ အဲဒီမှာ သူက အကြီးအမှူး - ဥက္ကဋ္ဌရာထူးစသည် ယူထားတာ မနည်းမနောပဲ။ ထလရတပ်ကြပ်ကို ဗိုလ်မှူး၊ ဒုဗိုလ်မှူးကြီး အဆင့်ရှိသူ ခရိုင်အုပ်ချုပ်ရေးဥက္ကဋ္ဌဖြစ်သူတွေက လန့်နေရပြီး ပစားပေးနေရတဲ့ခေတ်ကို ထူထောင်ထားသူ။ ဒါ့အပြင် ဘယ်ခေတ်နဲ့မှမတူအောင် ထောက်လှမ်းရေးတပ်ရင်းတွေ အမြောက်အမြား ဖွဲ့ထားနိုင်သူ ဖြစ်တယ်။ ဒါ့ကြောင့် ထလရ အာဏာအထွတ်အထိပ်ရောက်တာ ခင်ညွန့်ပဲလို့ သတ်မှတ်သူက သတ်မှတ်တယ်။ ဒါပေမဲ့ ခင်ညွန့်က ဗိုလ်နေဝင်း သွေးသားတွေကို လက်ဖျားနဲ့တောင် တို့ဝံ့တာမဟုတ်။

ရေးရာပေါင်းစုံမှာ သူမပါတာ မရှိ။ သူ့သတင်းတွေ၊ ဓာတ်ပုံတွေ မီဒီယာတွေမှာ မဖော်ပြတဲ့ရက် မရှိ။ ဒီ သတင်းစာတွေ ဖတ်ဖတ်ပြီး ရဲဘော်ထွန်းက ပြုံးပြီးတော့ နံမည်ပြောင်တခု ပေးထားတာ ရှိတယ်။ 'ဦးထင်ပေါ်' တဲ့။ သိပ်ထင်ပေါ်ချင်တဲ့ကောင်တဲ့။ အာဏာလည်း သိပ်မက်တယ်။ ဒီလိုကောင်မျိုးဟာ ကန့်လန့်ကာကြား ဝင်ရမှာ သေမလောက် ကြောက်တတ်တယ်လို့ ပြောဖူးတယ်။

ဒါပေမဲ့ ခင်ညွန့်ကို အထင်လည်း မသေးဘူး။ တချို့အကွက်တွေမှာ 'ခင်ညွန့်ကို ဒီလိုလုပ်လို့ ဘာရမလဲ' လို့ မကြာခဏ ပြောလေ့ရှိတယ်။

(၆)

ထောက်လှမ်းရေးတဖွဲ့လုံး ဖြုတ်ပစ်ပြီး အသစ်တည်ထောင်တဲ့လုပ်ဟန်ဟာ နေဝင်းနည်း နေဝင်းဟန်ပဲ။ တကယ်က ထောက်လှမ်းရေးမွေးထားတာ သရဲမွေးထားတာနဲ့ အတူတူပဲ။ တချိန်ချိန် ကိုယ့်ကုပ်ကို ချိုးစားပစ်လိမ့်မယ်လို့ စဉ်းစားမိဟန်တူတယ်။ ဗိုလ်သန်းရွှေကလည်း ဒီလုပ်ဟန်ကိုလိုက်ပြီး ခင်ညွန့်ကို ရှင်းလိုက်ပုံရတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်အောင် တဆင့်တက်ပြီး စဉ်းစားလာတာတခုက နောက်ဖွဲ့တဲ့ ထလရ (စရဖ) ကို အာဏာပုံပေးတာ မတွေ့ရတော့ဘူး။

ဒါပေမဲ့ UG မွေးရမယ့်အဖွဲ့အစည်းတွေဘက်က ဒါကို အခွင့်ကောင်း၊ မိမိတို့အတွက် အားသာချက်လို့ မမှတ်ယူလိုက်ကြစေချင်ပါ။ ဘာဖြစ်လို့လဲဆိုရင် ထောက်လှမ်းရေးက ထောက်လှမ်းရေးဖြစ်ပြီး UG က UG ဖြစ်နေလို့ပါပဲ။

(၁၀ - ၁၁ - ၂၀၂၀)

## ဂျင်နီ့ဘဝ

## ရုပ်ပုံလွှာ

- 

**သိန်းထွန်းနိုင်**

မာ့က်စ်နဲ့ ဂျင်နီ လက်ထပ်တော့ မာ့က်စ်က အသက်အစိတ်၊ ဂျင်နီက နှစ်ဆယ့်ကိုးနှစ်။ ဂျင်နီက ပဒေသရာဇ်မိသားစုမှာ မွေးဖွားလာတဲ့သူ။ မာ့က်စ်လို ရက်ဒီကယ် ဂျူးတယောက်ကို လက်ထပ်တယ်ဆိုတာ သူတို့ထုံးတမ်းစဉ်လာကို ဆန့်ကျင်ပြီး လုပ်ရတာပါ။ ဒါကြောင့် နှစ်ဖက်မိဘတွေ သဘောတူ ကြည်ဖြူပေမယ့် တိုးတိုးတိတ်တိတ် စေ့စပ်ကြတယ်။ မာ့က်စ်ရဲ့ဖခင်နဲ့ ဂျင်နီ့ဖခင်က တမြို့တည်းသား မိတ်ဆွေတွေ။ ဂျင်နီ့ဖခင်က ပြင်သစ် လစ်ဘရယ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒကို အင်မတန် သဘောကျတယ်။ သမီးဖြစ်သူ ဂျင်နီကလည်း သူစိတ်ဝင်စားတဲ့ ပြင်သစ်ဆိုရှယ်လစ် ဝါဒနဲ့ ဂျာမန်ရိုမန်းတစ် စာပေအနုပညာလှုပ်ရှားမှုကိုသာ လေ့လာလိုက်စားတယ်။ ငယ်စဉ်ကတည်းက ကျားမ တန်းတူရေး အမြင်တွေလည်း ရှိတယ်။

သူတို့ နှစ်ယောက် လက်ထပ်တဲ့အခါ အဖေတွေ မရှိကြတော့ဘူး။ ဆွေမျိုးသားချင်းတွေ ဖေးမတဲ့ အကူအညီ နည်းနည်းပါးပါးကလွဲလို့ ကိုယ့်ဒူးကိုယ့်ချွန် ရုန်းကန်ရတယ်။ လက်ထပ်ပြီးနောက် ဇနီးမောင်နှံနှစ်ယောက် ပါရီကို သွားကြတယ်။ ရက်ဒီကယ်တွေနဲ့ဝိုင်းဖွဲ့မိတယ်။ မာ့က်စ်နဲ့အိန်ဂယ် တသက်တာရဲဘော်ရဲဘက်တွေအဖြစ် စပြီး လက်တွဲမိတာ အဲဒီကာလမှာပါ။ ပြင်သစ်အာဏာပိုင်တွေက မာ့က်စ်တို့မိသားစုကို ပါရီကနေ နှင်ထုတ်တယ်။ ဂျင်နီလည်း အိမ်ထောင်ပရိဘောဂတွေ အကုန်ရောင်းချပစ်ရတယ်။ ဒါတောင် အိမ်ငှားခ ကြွေးကျန်တွေ ရှိသေးတယ်။ လင်မယား နှစ်ယောက် မွေးခါစသမီးကလေး ဂျင်နီချန်းနဲ့အတူ ဘရပ်ဆဲလ်ကို သွားကြတယ်။ ဘရပ်ဆဲလ်ရောက်ပြီး သိပ်မကြာဘူး၊ မာ့က်စ်နဲ့ အိန်ဂယ်က အင်္ဂလန်ကို သွားပါတယ်။ မန်ချက်စတာက ဆင်းရဲသား အလုပ်သမားတွေနေတဲ့ ရပ်ကွက်ကို သွားပြီး လေ့လာတာပါ။

မာ့က်စ်ရဲ့'ဂျာမန်ဝါဒ'ကျမ်း ထွက်လာရင် ငွေရေးကြေးရေး အခက်အခဲတွေ ပြေလည်နိုင်ကောင်းရဲ့လို့ ဂျင်နီက မျှော်လင့်ထားတယ်။ ဒါပေမဲ့ မာ့က်စ်က စာ ဆက်မရေးနိုင်ပြန်ဘူး။ ဂျင်နီကို ဖွင့်မပြောဘဲထားတယ်။

မာ့က်စ်နဲ့အိန်ဂယ်တို့ 'ကွန်မြူနစ် စာပေးစာယူကော်မတီ' ဖွဲ့တော့ ဂျင်နီက ရုံးအလုပ်တွေကို တာဝန်ယူ တယ်။ ဖတ်ဖို့ခက်တဲ့ မာ့က်စ်လက်ရေးကို သူပဲ ပြန်ကူးရေးရတာပါ။ မာ့က်စ်ရဲ့လက်ရေးကို ဂျင်နီ၊ အိန်ဂယ်နဲ့ သူ့ သမီးတွေသာ နားလည်ပါတယ်။ ဂျင်နီက တရားမျှတရေးအဖွဲ့ချုပ် (ကွန်မြူနစ်အဖွဲ့ ချုပ်)ရဲ့ ဘရပ်ဆဲလ်ရုံးခွဲမှာ ပထမဆုံးအဖွဲ့ဝင်ဖြစ်

သလို မာ့က်စ်နဲ့အိန်ဂယ်တို့ ဂျာမန်အလုပ်သမားသမဂ္ဂဖွဲ့တော့လည်း အခမ်းအနားတွေ စီစဉ်ပေးတယ်၊ တက်တက်ကြွကြွ ပါဝင်တယ်။ ကွန်မြူနစ်ကြေညာစာတမ်းကို စိတ်ရှည်လက်ရှည် ပြန်ကူးပေးတာ သူပါပဲ။ ဒါ ကြောင့် ဂျင်နီမပါဘဲ မာ့က်စ်ရဲ့ ကျမ်းတွေ ပေါ်ထွက်မလာနိုင်ဘူးလို့ ဆိုကြတယ်။

ဘယ်လ်ဂျီယံမှာ ခိုလှုံကြတဲ့အခါ နိုင်ငံရေး မလုပ်ပါဘူးလို့ မာ့က်စ်အပါအဝင် ဂျာမန်ပြည်ပြေးတွေက ကတိပြုရတယ်။ ဒါပေမဲ့ ၁၈၄၈ ခုနှစ် ဥရောပ တော်လှန်ရေးတွေဖြစ်တော့ လင်မယားနှစ်ယောက် အဲဒီကတိကိုဖျက်ပြီး ပရပ်ရှားမှာ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲဖို့ လက်နက်တွေ စုဆောင်းကြတယ်။ မာ့က်စ်ရဲ့မိခင်က ငွေကြေး အခက်အခဲရှိနေတဲ့ သူ့သားနဲ့ မိသားစုအတွက် အမွေကြိုခွဲပေးပါတယ်။ မာ့က်စ်ဆီကို ဖရန့် ငွေ ၆၀၀၀ ပို့ ပေးလိုက်တယ်။ ဒါပေမဲ့ မာ့က်စ်က အဲဒီငွေတွေနဲ့ လက်နက်တွေ ဝယ်တယ်။ တကယ်တော့ အဲဒီငွေတွေက အကြွေးတွေဆပ်ဖို့နဲ့ နောက်လတွေအတွက် နေစရိတ်၊ စားစရိတ်အဖြစ် ရံထားဖို့ပါ။ သူတို့မှာ တခြားဝင်ငွေ ရပေါက်ရလမ်း မရှိပါဘူး။ မာ့က်စ် က သူ့ ပုဂ္ဂလိက ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် နောင်ရေးဆိုတာကို ထည့်မစဉ်းစားသလောက်ပဲ။

အမွေရတာကို သုံးပစ်လိုဖြစ်လာမယ့် အကျိုးဆက်ကို ဂျင်နီသိပါတယ်။ ကြွေးရှင်တွေနဲ့ ရင်ဆိုင်ရမယ်။ လိမ်ညာလှည့်ဖြားသလို ဖြစ်မယ်။ ဘဝအာမခံချက်လည်း မရှိဘူး။ တော်လှန်ရေးသမားတွေအတွက် လက်နက်ဝယ်မလား၊ မိသားစုအတွက် စားစရာဝယ်မလားဆိုပြီး မာ့က်စ်ကို သူတဖျစ်တောက်တောက် လုပ်မနေပါ။ ဘယ်လ်ဂျီယံက မာ့က်စ်ကို ပြည်နှင်ဒဏ်ပေးတဲ့ အမိန့်စာကို မတ်လ ၂ ရက်နေ့မှာ ထုတ်ပြန်ပါတယ်။ ဘယ်တော့မှ ပြန်ခြေမချရလို့ ဆိုတယ်။ မာ့က်စ်တို့ မိသားစုနေတဲ့ တည်းခိုခန်းကို ပုလိပ်တွေ မနက်တနာရီလောက် အင်အားသုံးပြီး ဝင်ဖမ်းကြတယ်။ အရင်ဆုံး ဂျင်နီနဲ့လန်းချန်း အိပ်နေတဲ့အခန်းကို ဝင်ရှာတယ်။ နောက် မာ့က်စ်အိပ်တဲ့ အခန်းကိုရောက်တော့ မာ့က်စ်က ခရီးထွက်ဖို့ ပြင်ဆင်နေတာ တွေ့ ရတယ်။

ပုလိပ်က မှတ်ပုံတင် (နိုင်ငံကူးလက်မှတ်) တောင်းတဲ့အခါ မာ့က်စ်က မပြနိုင်ဘူး။ ပြင်သစ်က ပြည်နှင်ဒဏ်ပေးထားတဲ့ စာအဟောင်းနဲ့ လောလောဆယ် ဘယ်လ်ဂျီယံက ပြည်နှင်ဒဏ်ပေးတဲ့ စာရွက်ကိုပဲ ပြနိုင်တယ်။ ပရပ်ရှားအစိုးရက ဒုက္ခပေးလွန်းလို့ မာ့က်စ်က သူ့ နိုင်ငံသားအဖြစ်ကို စွန့် လွှတ်ထားတယ်။ ဒါကြောင့် နိုင်ငံမဲ့ဖြစ်နေတယ်။ ပုလိပ်တွေက မာ့က်စ်ကို အဝတ်အစား လဲခိုင်းပြီးတော့ ဖမ်းခေါ်သွားကြတယ်။ ဂျင်နီလည်း ညတွင်းချင်း သူတို့ မိတ်ဆွေ ရှေ့နေတဦးကို သွားရှာတယ်။ တခြားမိတ်ဆွေတွေဆီကိုလည်း တအိမ်တက်ဆင်း ညဉ့်နက်သန်းခေါင် သွားနှိုးပြီး အကူအညီတောင်းရှာတယ်။ နောက်တော့ ပုလိပ်တယောက်က ဂျင်နီကို သူ့ခင်ပွန်းနဲ့ တွေ့ပေးမယ်ဆိုပြီး ဂါတ်ကို ခေါ်သွားပါတယ်။

ဂျင်နီ့ကိုလည်း မှတ်ပုံတင် (နိုင်ငံကူးလက်မှတ်) တောင်းတယ်။ ဂျင်နီနဲ့အဖော်ပါသွားတဲ့ မာ့က်စ်တို့၊ ဂျင်နီတို့ရဲ့မိတ်ဆွေ ဂျီးဂေါ့နဲ့ပုလိပ်တွေ စကားများတော့ ဂျီးဂေါ့ကို ပုလိပ်က အချုပ်ထဲထည့်လိုက်တယ်။ မှတ်ပုံတင်တွေ၊ နိုင်ငံကူးလက်မှတ်တွေ ဂျင်နီ့မှာလည်း မရှိတဲ့အတွက် သူ့ကိုဖမ်းပြီး ပြည့်တန်ဆာမ သုံးယောက်ရှိတဲ့ အချုပ်ခန်းထဲ ကို ထည့်လိုက်ကြတယ်။ အချုပ်ထဲက ပြည့်တန်ဆာမတယောက်က ဂျင်နီ့ကို နေစရာမျှပေးပါတယ်။ ခဏနေတော့ ခုတင်နှစ်လုံးရှိတဲ့ တခြားအခန်းကို ပြောင်းပေးတယ်။ မနက်လင်းတော့ ပြတင်းပေါက်ကနေ သံတိုင်တွေရဲ့အပြင်ဘက်ကို ကြည့်လိုက်တဲ့အခါ ညက အချုပ်ခံရတဲ့ ဂျီးဂေါ့ကို တွေ့ပါတယ်။ ဂျီးဂေါ့က သူ့ကို အောက်ဘက် တနေရာကို ကြည့်ဖို့ လက်ဟန်ခြေဟန်နဲ့ပြတယ်။ သူ လှမ်းကြည့်လိုက်တော့ မာ့က်စ်ကို စစ်တပ်နဲ့ ခြံရံပြီး ခေါ်ထုတ်သွားတာကို မြင်လိုက်ရတယ်။ မာ့က်စ်ကို သတ်ဖို့ ခေါ်သွားကြသလားဆိုပြီး တနာရီလောက် ပူပင်သောကတွေ ဖြစ်ရရှာတယ်။

နောက်တော့ သူ့ကို တရားရုံးခေါ်သွားပြီး စစ်ဆေးပါတယ်။ သူ့ယောက်ျားနဲ့ ပတ်သက်လို့ သူနဲ့ ပတ်သက်လို့ နှစ်နာရီလောက်ကြာအောင် စစ်ကြောကြတယ်။ သူက ဘာမှ ထုတ်မပြောသလောက်ပဲ။ နောက်ဆုံးတော့ လင်မယားနှစ်ယောက်လုံးကို ပြစ်တင်စွဲဆိုတာတွေမလုပ်ဘဲ ပြန်လွှတ်လိုက်တယ်။ မာ့က်စ်ကတော့ အရှုးတယောက်နဲ့အတူ အချုပ်ထဲမှာ ညက အိပ်လိုက်ရတယ်။ မတ်လ ၄ ရက်နေ့မှာ မာ့က်စ်တို့မိသားစု ပါရီကို ထွက်ခွာတယ်။ ပြင်သစ်မှာ တော်လှန်ရေးက အောင်ပွဲခံနေချိန်ဖြစ်တယ်။ တခါ ပြင်သစ်ကနေ ဂျာမန်တော်လှန်ရေးသမားတွေ ပရပ်ရှားကိုသွားကြတယ်။ မာ့က်စ်ရဲ့ ဂျာမန် အလုပ်သမားသမဂ္ဂက အဖွဲ့ဝင် လေးရာလောက်လည်း ပြည်တွင်း ပြန်ဝင်ကြတယ်။ မာ့က်စ်တို့ မိသားစုကတော့ မပါမဖြစ်။

ပရပ်ရှားမှာလည်း အခြေအနေတွေက အရင်လို မဟုတ်ဘူး။ မာ့က်စ်က ကိုလုံးကို ရောက်ရောက်ချင်း ပရပ်ရှားနိုင်ငံသား ပြန်လျှောက်တယ်။ "ရိုင်းပြည် သတင်းစာသစ်" ကိုလည်း သူပိုင်ငွေကြေးပါ ထည့်ဝင်ပြီး စီမံခန့်ခွဲ နိုင်

လာတယ်။ ဘရပ်ဆဲလ်နဲ့ ပါရီကလာတဲ့ ကွန်မြူနစ်အဖွဲ့ချုပ်ဝင်တွေနဲ့ သိုင်းကြဝိုင်းကြတယ်။ မာ့က်စ်က စာတည်းချုပ်ပါ။ သတင်းစာတိုက် အနီးနားမှာ မာ့က်စ်တို့မိသားစုနေဖို့ အခန်းတခန်း ရှာရတယ်။ ဒါပေမဲ့ အင်အား ရှစ်ထောင် ရှိတဲ့ ပရပ်ရှားစစ်တပ်ကလည်း အနီးနားမှာပဲ။ စစ်တပ်က စစ်ရေးပြင်ဆင်မှု လုပ်နေတာတွေရှိတယ်။ အစိုးရ ပြောတာက ပြည်ပရန်ကို ကာကွယ်ဖို့၊ အိန်ဂယ် နားလည်တာက စစ်တပ်ဟာ ပြည်တွင်း အခြေအနေသစ်ကို ဖန်တီးဖို့ ပြင်ဆင်နေတာသာဖြစ်တယ်။ သတင်းစာတိုက်ကရဲဘော်တွေမှာ လုံ့စွပ်တပ် ရိုင်ဖယ်သေနတ် ရှစ်လက်ရှိတယ်။ ကျည် အတောင့် ၂၅၀ ရှိတယ်။ မာ့က်စ်လည်း သွားလေရာ သေနတ်ဆောင်ထားတယ်။

၁၈၄၈ ခုနှစ် တော်လှန်ရေးတွေ အရေးနိမ့်တော့ မာ့က်စ်တို့မိသားစု အင်္ဂလန်ကို ပြောင်းကြတယ်။ လန်ဒန်ရောက်တော့ မာ့က်စ်၊ အိန်ဂယ်၊ ဂျင်နီတို့က နိုင်ငံရေးဘောဂဗေဒ သုံးသပ်ချက်စာစောင် "ရီဗျူး" ကို ထုတ်ဝေတယ်။ ဒီအတွက် ရန်ပုံငွေ အသည်းအသန် ရှာရတယ်။ ဆင်းရဲချွတ်ခြုံကျနေတဲ့ ဘဝတူ ပြည်ပြေးတွေဆီက အလှူခံတာ ဆိုတော့ အဆင်မပြေလှဘူး။ မိသားစု ဆင်းရဲတဲ့ဒဏ်၊ မကျန်းမာတဲ့ဒဏ်တွေကို တော်တော်ခံကြရပါတယ်။ ခြောက်လသားလေး ဖောစ်ကိုင်းက တခါအိပ်မှ နှစ်နာရီထက် ပိုမအိပ်ဘူး။ အပြင်းအထန်လည်း တက်တယ်။ ကလေးက အသက်ထွက်ခါနီးမှာ ဂျင်နီ့ နို့ကို တအားစို့လိုက်လို့ ကလေးပါးစပ်ထဲကို သွေးအစက်စက် ကျရတဲ့အဖြစ်ကို ရောက်ပါတယ်။

ဒီကြားထဲ အိမ်ရှင်က အိမ်လခ နောက်ကျနေလို့ တပူပူ တဆူဆူ။ ပေးစရာငွေမရှိတော့ အိမ်ရှင်ကိုယ်စား အကြွေးတောင်းဖို့လာတဲ့သူတွေက အိမ်မှာရှိသမျှ ခွာချွတ်ယူပြီး အကြွေးသိမ်းကြတယ်။ ကလေးပုခက်တောင် မချန်ဘူး။ ကလေးတွေလည်း ကြမ်းပေါ်မှာပဲ ခိုက်ခိုက်တုန်ပြီး နေရအိပ်ရရှာတယ်။ ဂျင်နီက ဟော်လန်မှာနေတဲ့ အမျိုးတွေဆီသွားပြီး အကူအညီတောင်းကြည့်ပေမယ့် အဆင်မပြေပြန်ဘူး။ မာ့က်စ် လန်ဒန်ကိုသွားတိုင်း ကြွေးရှင်တွေကို သူပဲ ဒိုင်ခံ ဖြေရှင်းရတယ်။ မိသားစုကိုလည်း သူပဲ ပြုစုစောင့်ရှောက်ရပါတယ်။

လန်ဒန်၊ ဆိုဟိုအရပ်မှာရှိတဲ့ သူတို့အခန်းက ၁၈၅၂ ခုနှစ် ဆောင်းဦးမှာ ပြည်ပြေးဌာနချုပ် ဖြစ်လာတယ်။ နွေဦးပေါက်မှာပဲ မာ့က်စ်နဲ့ဂျင်နီတို့ရဲ့ ရှစ်နှစ်အရွယ်သားလေး အက်ဒ်ဂါက သူ့အဖေ လက်ပေါ်မှာ အိပ်နေရင်း အသက်ထွက်သွားရှာတယ်။ သူတို့ဇနီးမောင်နှံ ဆုံးရှုံးရတဲ့ တတိယမြောက် ရင်သွေးဖြစ်တယ်။ အရင်းကျမ်းကို လန်ဒန်မှာ ၁၈၆၇ မှာ ထုတ်ဝေတယ်။ စာအုပ်က အောင်မြင်ရင်တော့ နေရေးစားရေးလည်း မပူရ၊ အကြွေးတွေလည်း ဆပ်နိုင်မယ်၊ လူထုကိုလည်း လှုံ့ဆော်ပြီးသားဖြစ်မယ်လို့ တွက်ထားကြတယ်။ ဆယ့်ငါးနှစ်လောက် ပေးဆပ်မှုမျိုးစုံနဲ့ ဘဝ ကို မြုပ်နှံပြီး ရေးထုတ်လိုက်တဲ့ ဒီကျမ်းအတွက် မာ့က်စ်ရဲ့ ကျန်းမာရေး အတော်ထိခိုက်သွားပါတယ်။

၁၈၇၁ ခုနှစ် နွေရာသီမှာ ပါရီဘုံအဖွဲ့ဝင် ပြည်ပြေးတွေ၊ ဒုက္ခသည်တွေ ရောက်လာတော့ နေရာထိုင်ခင်း စီစဉ်ပေးကြ၊ ရန်ပုံငွေရှာကြ၊ ကလေးတွေ ကျောင်းထားဖို့၊ လူကြီးတွေ အလုပ်အကိုင်ရှာဖို့ ကူညီကြနဲ့ မာ့က်စ်နဲ့ အိန်ဂယ်တို့မိသားစုတွေ အလုပ်များကြတယ်။ မာ့က်စ်တို့အိမ်မှာ ပြည်ပြေးတွေ အတော်များများကို လက်ခံထားတယ်။ ဂျန်နီကလည်း လူတန်းစား ခွဲခြားသူမဟုတ်ဘူး။ ပြည်ပြေးတွေ၊ ဒုက္ခသည်တွေကို မြို့စားနယ်စား၊ မင်းညီမင်းသားတွေနဲ့ မခြား ဧည့်ဝတ်ကြေရှာတယ်လို့ ပြောကြပါတယ်။

မာ့က်စ်တို့မိသားစုဟာ ဆင်းရဲတဲ့ဒဏ်၊ မကျန်းမာတဲ့ဒဏ်တွေကြောင့် ကလေး လေးယောက်တောင် ဆုံးရှုံးရတာပါ။ ဂျန်နီကိုယ်တိုင်လည်း အသည်းကင်ဆာ ဖြစ်နေတာကို ၁၈၈၁ ခုနှစ်မှာ သိရတယ်။ ဇွန်လရောက်တော့ ကိုယ့်ဘာသာကိုယ် အဝတ်အစား မလဲနိုင်တဲ့အထိ ကျန်းမာရေးက ဆိုးလာတယ်။ ဂျန်နီ မကွယ်လွန်ခင် နှစ်ရက်အလိုမှာ ခုတင်ပေါ်မှာ လဲနေတဲ့ သူ့ဘေးမှာထိုင်ပြီး မာ့က်စ်က အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ စာအုပ်သုံးသပ်ချက်တခု ဖတ်ပြပါတယ်။ အရင်းကျမ်းနဲ့ ပတ်သက်လို့ ပထမဆုံး အပြုသဘောဆောင်တဲ့ သုံးသပ်ချက်ပါ။ ၁၈၈၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှာ ဂျန်နီကွယ်လွန်တဲ့အခါ အသက် ၆၇ နှစ်ရှိပါပြီ။ ဟိုင်းဂိတ်သုသာန်မှာ သဂြိုဟ်တယ်။ မာ့က်စ်က အတော်မကျန်းမာဖြစ်နေလို့ ဇနီးသည်ရဲ့ ဈာပနကို မတက်ရောက်နိုင်ဘူး။ အိန်ဂယ်ပဲ သူ့ကိုယ်စား သွားခဲ့ရတယ်။
ကိုးကား။

The Life of Jenny Marx by Harrison Fluss and Sam Miller
https://www.jacobinmag.com/.../jenny-karl-marx-mary...
Love and Capital by Mary Gabriel

## လင်ကွန်း ကားလ်မာ့က်စ်နဲ့


# ဗြိတိသျှအလုပ်သမားများအကြား သွေးစည်းမှု

**မြစမ်းအေး**

စာမျက်နှာ ၄၀၅ မျက်နှာရှိ အေဗရာဟင်လင်ကွန်း ရဲ့ရေးသားချက်နဲ့မိန့်ခွန်းများ ဆိုတဲ့စာအုပ်ထဲမှာ ဇန္နဝါရီ ၁၉ ၊ ၁၈၆၃ ရက်စွဲနဲ့ ပေးစာတစောင် ပါရှိတယ်။ "မန်ချက်စတာ အင်္ဂလန်အလုပ်သမားများသို့" လို့ လိပ်မူပြီး "ယခုလ အစောပိုင်းမှာ ကျွန်ုပ်ထံပေးပို့လိုက်သော သင်တို့၏ ထုတ်ဖော်ပြောဆိုချက်နှင့် ဆုံးဖြတ်ချက်များကို လက်ခံရရှိတဲ့အတွက် အသိအမှတ်ပြု ဂုဏ်ယူပါတယ် " လို့ အစချီထားပါတယ်။

ဒီစာမှာ လင်ကွန်းက မန်ချက်စတာ ချည်စက်အလုပ်သမားများရဲ့ မုန်တိုင်းထန်သော ၁၈၆၂ နှစ်ကုန်ပိုင်းမှာ ကျင်းပခဲ့တဲ့ လွတ်လပ်စွာကုန်သွယ်ရေး မြို့တော်ခန်းမဆောင် ညီလာခံဆုံးဖြတ်ချက်ကို ရည်ညွှန်းပြောဆိုတာ ဖြစ်တယ်။ (တောင်ပိုင်းခွဲထွက်) ကွန်ဖက်ဒရေစီများရဲ့ အတ္တလန်တိတ်ဆိပ်ကမ်းများကို (မြောက်ပိုင်းယူနီယံ) ပြည်ထောင်စုတပ်များက ပိတ်ဆို့ထားမှုကို ထောက်ခံတဲ့အနေနဲ့ တောင်ပိုင်းကျွန်တွေ စိုက်ပျိုးဆွတ်ခူးပေးရတဲ့ ဝါဂွမ်းထုပ်တွေကို (အင်္ဂလိပ်အလုပ်သမားများက) သယ်ပို့ပေးဖို့ ငြင်းဆန်တာဖြစ်တယ်။ ထိုစဉ်က ဗြိတိသျှနန်းရင်းဝန် လော့ပါမာစတန် Lord Palmerston က ဗြိတိသျှချည်စက်ပိုင်ရှင်များနဲ့ သင်္ဘောကုမ္ပဏီများရဲ့ တောင်းဆိုချက်အတိုင်း ပိတ်ဆို့မှုအား အင်အားသုံးဖြိုခွဲဖို့ တော်ဝင်ရေတပ်ကို အမိန့်ပေးတယ်။ ကျွန်ပြည်နယ်များအပေါ် အမှီပြုကာ တင်သွင်းလာတဲ့ ဝါဂွမ်းထုပ်များ ပြတ်လပ်မှုကြောင့် ထိခိုက်နေတဲ့ ဗြိတိသျှချည်ထည်လုပ်ငန်းရဲ့အနာဂတ်ကို ပုံမှန်အတိုင်း ပြန်ဖြစ်စေဖို့ ဖြစ်တယ်။

(အင်္ဂလန်နိုင်ငံ) Lancashire ကို ဗဟိုပြုထားတဲ့ အထည်အလိပ်စက်မှုလုပ်ငန်းဟာ ကမ္ဘာမှာအကြီးဆုံးဖြစ်ပြီး အမေရိကန်ပြည်တွင်းစစ် မတိုင်မီက ဝါဂွမ်းအားလုံးရဲ့ လေးပုံသုံးပုံဟာလည်း အမေရိကန် တောင်ပိုင်းပြည်နယ်များမှ ထုတ်လုပ်တာဖြစ်တယ်။




ပိတ်ဆို့မှု တနှစ်တာကာလအတွင်း ရက်ကန်းစင်နှင့်ချည်ရစ်တံများ ရပ်နားထားရသဖြင့် စက်မှုထုတ်လုပ်ရေးရဲ့ ၆၀% ထိခိုက်ခဲ့ပြီး အလုပ်သမားအများအပြား ဆင်းရဲကျပ်တည်း ဒုက္ခရောက်ကြရတယ်။

သို့ပင်ဖြစ်သော်ငြားလည်း မန်ချက်စတာအလုပ်သမားထုဟာ ကွန်ဖက်ဒရေစီ(ကျွန်စနစ်)ဖျက်သိမ်းရေး အမေရိကန်ပြည်ထောင်စု စစ်ပွဲနဲ့အတူ သွေးစည်းညီညွတ်စွာ ရပ်တည်ခဲ့တယ်။

လင်ကွန်းက ယခုလို ရေးသားတယ်။ "အကျပ်အတည်းကြားက သည်းခံအားပေးခဲ့ကြတဲ့ မန်ချက်စတာနဲ့ ဥရောပတခွင်က အလုပ်သမားများရဲ့ ဒုက္ခအဖုံဖုံကို ကျွန်ုပ်အနေဖြင့် အလေးအနက် စိတ်မကောင်းဖြစ် ရပါတယ်"။ သူက ယခုလိုဆက်ပြောတယ် "ဒီဖြစ်ရပ်များအရ သင်တို့ရဲ့ အရေးပါတဲ့ ထုတ်ဖော်ချက်များဟာ ဘယ်ခေတ်ဘယ် နိုင်ငံမှာမှ နိုပ်ကွပ်လို့မရနိုင်တဲ့ မြင့်မြတ်တဲ့ ခရစ်ယာန်သူရဲကောင်းဝါဒပမာ ကျွန်ုပ်မှတ်ယူသွားပါမယ် "။

ထင်သာမြင်သာ အကြောင်းများကြောင့် ဒီအံ့အားသင့်စရာကောင်းတဲ့ ဖြစ်ရပ်များကို ဗြိတိသျှကျောင်းများမှာ ကျယ်ကျယ်ပြန့်ပြန့် မသင်ကြားတာ ဖြစ်နိုင်ပါတယ်။ ၁၈၆၂ ခုနှစ်ပိုင်းမှာ ပြည်ထောင်စုသမားတွေ(ယူနီယံတွေ) ရှုံးနိမ့်နေချိန်မှာ ပါမာစတန်နဲ့ သူ့အစိုးရအဖွဲ့ဟာ ကွန်ဖက်ဒရေစီသမားတွေရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာပိုင်မှုကို အသိအမှတ်ပြုဖို့ အလေးအနက် စဉ်းစားခဲ့တယ်ဆိုတဲ့အကြောင်းကြောင့်လည်း မဟုတ်ပါဘူး။

(ယူနီယံတွေဟာ) First Bull Run, Manassas, Federicksburg အပါအဝင် တိုက်ပွဲတသီကြီး ရှုံးနိမ့်ခဲ့တဲ့အတွက် တည်ဆဲအုပ်စိုးသူအများအပြားက အတ္တလန်တိတ်တဖက်ကမ်းပြိုင်ဘက်နှင့် စီးပွားရေးအင်အား ရေတပ် အင်အား တစုံတရာအားနည်းကြောင်း ပြသရာရောက်တဲ့အတွက် ဒီအချက်ကို အသိအမှတ်ပြုဖို့ တိုက်တွန်းပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။

ဗြိတိန်အနေနဲ့ တောင်ပိုင်းကို လက်နက်ထောက်ပံ့ပြီး ပြည်တွင်းစစ်ကို ထိထိရောက်ရောက်စွက်ဖက်ဖို့ ခွင့်ပြုခဲ့တယ်။

တကယ်တော့ ကျွန်စနစ်ဆန့်ကျင်ရေးအတွက် မန်ချက်စတာချည်စက်အလုပ်သမားများနဲ့(အမေရိကန်) ပြည်ထောင်စုသမားများ သွေးစည်းညီညွတ်မှုဟာ လင်ကွန်းကောင်းချီးပေးတဲ့ မြင့်မြတ်တဲ့သူရဲကောင်းဝါဒပဲ ဖြစ်ပါတယ်။ ဒီတန်ဖိုးရှိတဲ့ ထောက်ခံအားပေးမှုက ထူးခြားတဲ့ဆက်ဆံရေးကို ဖော်ညွှန်းနေတယ်။

လင်ကွန်းက ယခုလို စဉ်းစားခဲ့ပါလိမ့်မယ်။ "ယခုလို အပြန်အလှန်နားလည်ခံစားမှုကို ကျွန်ုပ် ထောပနာ ပြုပါတယ်။ နိမိတ်ဖတ်တဲ့အနေနဲ့ ကျွန်ုပ်ပြောလိုတာက သင်တို့နိုင်ငံနဲ့ ကျွန်ုပ်တို့နိုင်ငံအပေါ် ဘာပဲဖြစ်ဖြစ် ဘယ်လို ကံဆိုးမိုးမှောင်ပဲ ကျရောက်နေနေ နှစ်နိုင်ငံအကြား ယခုတည်ရှိနေတဲ့ ငြိမ်းချမ်းရေးနဲ့ချစ်ကြည်ရေးဟာ ထာဝစဉ် တည်တံ့နေဖို့ ကျွန်ုပ်ဆန္ဒရှိပါတယ်"။

ဒါပေမဲ့ လင်ကွန်းဟာ ထူးခြားစံထားလောက်တဲ့ သမိုင်းဝင်အိတ်ဖွင့်ပေးစာဖြင့် မန်ချက်စတာ အလုပ်သမားများရဲ့ ရပ်တည်ချက်အပေါ် ချီးကျူးထောပနာပြုရုံတင်မကဘူး။ များမကြာမီမှာ သူတို့ရဲ့အခက်အခဲကို ကူညီပံ့ပိုးတဲ့ အနေနဲ့ လီဗာပူးသို့ ထောက်ပံ့ရေး ရိက္ခာတင်သင်္ဘောများ စေလွှတ်ပေးပို့ခဲ့ပါတယ်။

အတ္တလန်တိတ်သမုဒ္ဒရာ တဖက်တချက် လှုပ်ခတ်သွားတဲ့ ကမ္ဘာ့သမိုင်းဝင် ကျွန်စနစ်ဖျက်သိမ်းရေးတိုက်ပွဲမှာ ဖယ်ချန်ထားလို့မရသူ နှစ်ဦးကတော့ မာ့က်စ်နဲ့အိန်ဂယ် ဖြစ်ပါတယ်။

၁၈၆၀ ခုနှစ် မာ့က်စ်မှ အိန်ဂယ်ထံပေးစာတစောင်မှာ ယခုလို ဖော်ပြထားတယ်။ "ယနေ့ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အကြီးမားဆုံးဖြစ်ရပ်နှစ်ခုက ဂျွန်ဘရောင်းသေဆုံးမှုမှအစပြုလာတဲ့ အမေရိကားကျွန်လှုပ်ရှားမှုနဲ့ ရုရှားမြေကျွန်လှုပ်ရှားမှုလို့ ကျွန်တော်ထင်တယ်"။

၅ နှစ်အကြာမှာ မာက့်စ်ဟာ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ပထမအင်တာနေရှင်နယ် ခေါင်းဆောင်အနေဖြင့် လင်ကွန်းထံသို့ သမ္မတ ထပ်မံအရွေးချယ်ခံရမှုအပေါ် ပေးစာတစောင် ပေးပို့ခဲ့တယ်။

"လူကြီးမင်းခင်ဗျား - လူကြီးမင်းရဲ့ ကြီးမားတဲ့အများစုမဲဖြင့် ထပ်မံအနိုင်ရရှိမှုအပေါ် အမေရိကန်ပြည်သူများအား ချီးကျူးဂုဏ်ပြုအပ်ပါတယ်။ အကယ်၍ ကျွန်ုပ်ပြုအာဏာကို ခုခံဆန့်ကျင်ရေးဟာ လူကြီးမင်းရဲ့ ပထမအကြိမ် ရွေးကောက်ပွဲ အောင်နိုင်ရေးကြွေးကြော်သံရဲ့ရလဒ်ဖြစ်ခဲ့ရင်၊ ဒုတိယအကြိမ်ရွေးကောက်ပွဲ တိုက်ပွဲခေါ်သံဟာ (ကျွန်စနစ်ဖျက်သိမ်းပစ်) ဖြစ်ပါတယ်"။

"ကျွန်စနစ်ဖျက်သိမ်းပစ်" ဆိုတာဟာ မန်ချက်စတာ အလုပ်သမားထုမှ ထောက်ခံပေးပို့လိုက်တဲ့ သတင်းစကား ဖြစ်ပါတယ်။

ရည်ညွှန်း။ Anti-slavery solidarity united Abraham Lincoln, Karl Marx, and British Workers. By John weight. Civil War In The United States, Karl Marx & Friedrich Engels.

မြစမ်းအေး (၉ ဇူလိုင် ၂၀၂၀)

ဖောင်ပိတ်ဆောင်းပါး

# ၂၀၂၀ ရွေးကောက်ပွဲအပေါ် ကြည့်မြင်ခြင်း

(A.ငြိမ်း)

(၁)

<u>ဒီနေ့ပုံပေါ်လာတဲ့အပေါ် စဉ်းစားစရာအချက်များ –</u>

ရွေးကောက်ပွဲရလဒ်က အများခန့်မှန်းထားသလို အဖြေထွက်မလာခဲ့ဘူး။ ဒီချုပ် တာဝန်ရှိသူတွေပင် ဒီလိုမှန်းမထားခဲ့ပါဘူးလို့ ပွင့်ထွက်လာတယ်။ ရလဒ်က သိပ်ကြီးနေလို့ ဖြစ်တယ်။

ဘာ့ကြောင့်ပါလဲ။

ကိုဗစ်နဲ့စစ်အုပ်စု (ကြံ့ဖွံ့၊ မဘသနဲ့ အခြံအရံပါတီများအပါ) က အဆုံးအဖြတ်ပေးသွားတာ ဖြစ်တယ်။ ကိုဗစ်ကာလ တတိုင်းပြည်လုံး ကူကယ်ရာမဲ့ဖြစ်နေချိန် အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရရဲ့ အခွင့်အာဏာကို အသုံးချတတ်တဲ့အတွက် လူထုရဲ့အားကိုးမှုနဲ့ ပုံအပ်မှုကို အရယူသွားနိုင်ခဲ့တယ်။ ဒီအချိန်မှာ သူတယောက်သာ ပြောနိုင်ဆိုနိုင် စည်းရုံးနိုင်တာဖြစ်တယ်။ သူက အကူအညီတွေ ဖောဖောသီသီ ပေးနေချိန် ကျန်ပါတီတွေက သာရေးနာရေး ကူညီသလောက်ပဲ ထည့်ဝင်နိုင်ခဲ့ကြတယ်။ သူက တတိုင်းပြည်လုံးကို ဝါဒဖြန့်ချိရေးစကားတွေ စည်းရုံးရေးစကားတွေ နားလျှံကျသည်အထိ အထပ်ထပ်အခါခါ စိတ်ကြိုက်ပြောနိုင်ပေမယ့် ကျန်ပါတီတွေက နာရီဝက်လောက်ပဲ အာမန့်လျှာမန့် ပြောခွင့်ရခဲ့တယ်။ မီဒီယာတွေနဲ့ လေလှိုင်းကဏ္ဍူးတာ၊ ကြေညာချက်ထုတ်နိုင်တာကလည်း လက်တဆုပ်စာပါတီတချို့ပဲ တတ်နိုင်တယ်။ ဒါကလည်း ဘယ်လောက်မှ ပျံ့နှံ့တာမဟုတ်။

ဒီအချိန် သခွပ်ပင်က မီးတကျည်ကျည်လုပ်နေတဲ့ စစ်အုပ်စုနဲ့ အပေါင်းအပါတွေက ကာလုံခေါ်ပေးရမယ်၊ အာဏာသိမ်းပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်စကားတွေအပြင် လူသေတဲ့အထိ လက်ပါလာကြတော့ ဒီချုပ်ဘက် တွန်းပို့သလို ဖြစ်သွားခဲ့တယ်။ ဒီနေရာမှာ စစ်အုပ်စုနဲ့ နောက်တော်ပါတွေ အတွက်အချက်လွဲခဲ့ကြတယ်။ စစ်တပ်အပိုင်စားရထားတဲ့ ၂၅% ရယ်၊ ရတတ်သမျှ ကြံ့ဖွံ့မဲရယ်၊ တိုင်းရင်းသားတွေမဲ၊ ဒီမိုကရေစီပါတီတွေထဲက ဆွဲဆောင်လို့ရနိုင်တဲ့မဲရယ် ပေါင်းလိုက်ရင် အထက်စီးကဖြစ်နိုင်တယ် ထင်ခဲ့ကြတယ်။ ကာချုပ်ပြောစကားတွေနဲ့ သူ့ခြေလှမ်းတွေကြည့်ရင် ဒီလို စိတ်ကူးယဉ်ထားကြောင်း သိနိုင်တယ်။ ဒီအထဲမှာ ခြိမ်းခြောက်တာတွေ၊ လွဲမှားတဲ့ ဟန်ရေးပြမှုတွေနဲ့ အလိမ်အညာတွေပါနေတာ လူထုက မသိဘဲနေပါ့မလား။ ဒါပေမဲ့ မဲလည်းအပြတ်အသတ်ရှုံးရော ကာချုပ်ကြီး တဆစ်ချိုး ပြောင်းလဲရပ်တည်လာခဲ့တယ်။ သူကြိုက်သလို စေစားခိုင်းစေထားတဲ့ မိုက်ဖော်ဆိုးဖက်ကြံ့ဖွံ့ကိုပင် အသေဆိုးနဲ့ သေခဲ့ပေရော့ ဆိုပြီး ပစ်ထားလိုက်တော့တယ်။ ကြံ့ဖွံ့ခမျာ သွားလေသူ နောင်တော်ကြီး တစည နောက် မြောင်းထဲပစ်ချခံလိုက်ရပါပြီ။ (တချိန်က US မှာ လက်ယာစွန်းကနေ လေကြီးလေကျယ်ပြောပြီး ရွေးကောက်ပွဲဝင်ခဲ့တဲ့ ရီပတ်ဘလီကင် သမ္မတလောင်း ဂယ်ရီဂိုးဝါတား အပြတ်အသတ်ရှုံးတော့ ကာတွန်းဦးဖေသိန်းက 'Go into the water' ဂိုးဝါတား ရေထဲခုန်ဆင်း သေလိုက်ပါတော့လား ဆိုတဲ့ သဘောမျိုး ကြေးမုံသတင်းစာထဲကနေ သရော်ခဲ့တာကို သတိရမိတယ်။)

ဒီနေရာမှာ အာဏာသိမ်းဖို့ ခြေလှမ်းပြင်ထားမှု ရှိမရှိ ၊ ဒီချုပ်အနိုင်ရဖို့ အပေးအယူလုပ်ပြီး စစ်တပ်က ဟပေးခဲ့သလား။ အာဏာသိမ်းနိုင်တယ်လို့ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ဂယက်ရိုက်ခတ်မှုရှိခဲ့တယ်။ တချို့ အခိုင်အမာ ယုံကြည်ခဲ့ကြတယ်။ "သိမ်းခဲ့သော်" ဆိုပြီး ဗမာပြည်အခြေစိုက် ပြည်ပမီဒီယာသမားတချို့ ခြေလှမ်းပြင်ထားကြတာကတော့ အမှန်ပါ။ အပေးအယူကိစ္စကိုတော့ သူတို့ သတိထားမိတဲ့ အချက်အလက်တချို့ကိုဆုပ်ကိုင်ပြီး ပြောကြတာ ဖြစ်တယ်။ ဒါပေမဲ့ ခုအထိ ဖော်ပြချက်အခိုင်အမာ မတွေ့ရသေး။ သမိုင်းမှာ ဒါမျိုးက ကြာကြာဖုံးထားလို့ ရတာ မဟုတ်။

(၂)

<u>စစ်အုပ်စုဘက်က လုပ်ဆောင်ချက်အမှားများ</u>

တိုင်းနဲ့ပြည်နယ်တွေမှာ အနိုင်ရပါတီတွေက အစိုးရဖွဲ့ရေး၊ ဝန်ကြီးချုပ်ခန့်ရေး အဆိုပြုချက်ဟာ တိုင်းရင်းသားတွေကို အတန်အသင့် ဆွဲဆောင်နိုင်စရာရှိတဲ့အပေါ်မှာ သူတို့က မျှော်လင့်ချက် အတော်ထားနေပုံရတယ်။

– ပြည်သူတွေက USDP ကို ပြန်လည်တမ်းတနေပြီလို့ 'ထမင်းတနပ်ပဲစားကြ' ဆိုတဲ့ လမ်းညွှန်ချက်လောက်သာ ပေးတတ်တဲ့ လယ်/ဆည် ဝန်ကြီးဟောင်းပြောတဲ့ကိစ္စ – လူရှိသေ ရှင်ရှိသေလူက ပြောတယ်ဆို ဟုတ်တုတ်တုတ်၊ သူ့လို သိန်းဆုကြီး အစောင် ၁၁၀ တချိန်တည်း ပေါက်ခဲ့တယ်လို့ ငွေမည်းကငွေဖြူလုပ်ထားတဲ့ ဒုဗဇကဟောင်းက ထပြောတော့ ပွဲပျက်တာပေါ့။ ဒါတောင် ထပ်ဆင့် လိုက်သေးတယ်။ ဒီလို ပေါက်တာ အကြိမ်ကြိမ်တဲ့။

– မဲရပေါက် ကွက်ကွက်ကလေးဘက်ကကြည့်ရင် လူရွေးမှန်တာ မရှိမဟုတ်။ ဥပမာ ရေတပ် စစ်ဦးစီးချုပ် (ဟောင်း)၊ သမ္မတရုံးဝန်ကြီး (ဟောင်း) တယောက် ကယားပြည်နယ်ဘက်မှာ အရွေးခံရတယ်။ သူက လူနည်းလွန်းတဲ့ မဲဆန္ဒနယ်မှာ ငွေကိုရေမြောင်းထဲ ဒလဟော ဖွင့်ချသုံးတတ်တဲ့သူ (ဒါက UDP ဦးကျော်မြင့်နည်းပါ) ကြံ့ဖွံ့မှာ သူ့လို သုံးနိုင်တဲ့ စစ်ဗိုလ်တွေ တထွေးတမကြီးရှိပေမယ့် နမျောတာ၊ မသုံးတတ်၊ မသုံးချင်တာ စသည် ရှိမှာပေါ့။ လက်တွေ့ လမ်းမှန်တွေ့ပြီဆိုပြီး ၂၀၂၅ မှာ ထသုံးမလားမသိ။

– ကြံ့ဖွံ့အခြေအနေက ဝွဲသတ်လို့ ရစရာမရှိ။ ဒီအတိုင်းသွားလို့ မဖြစ်တော့ဘူးဆိုပြီး သူတို့ထဲက တစုံတရာ သြဇာရှိသူ – လူတချို့တောင် ရေးကြသားကြ၊ ဗျူးလာကြတာ သတိထားမိတယ်။ ဦးအောင်ဖေယျခေတ်ကလို ဗမာချင်း စုစည်းရမယ်လို့ နတ်ကြောင်းပေးသူကပေး (အင်မတန်အန္တရာယ်များတဲ့ လှုံ့ဆော်ချက်ပါ။) လက်ယာစွန်း အာဏာသိမ်းဖို့ လှုံ့ဆော်သူက လှုံ့ဆော် (တပြည်လုံး သွေးချောင်းစီးမယ့်ကိစ္စပဲ။)

(၃)

လူထုအခန်းကဏ္ဍ

လူထုက လက်တွေ့ပဲ ကြည့်လေ့ရှိတယ်။ လက်တွေ့က အမှန်တရားရဲ့စံထားချက်ပဲ။ ကြံ့ဖွံ့ထောက်ခံသူတွေက အုံလိုက်ကျင်းလိုက် ဒီချုပ်ဘက် ကူးပြောင်းတဲ့ဒေသတွေကို လေ့လာကြည့်တော့ နဝတခေတ်၊ နအဖခေတ်မှာ 'ငတ်နေပါပြီ' လို့ ဘယ်သူမှ မထုတ်ဖော်ရဲ၊ ဦးသိန်းစိန်ခေတ် ထွေအုပ်တွေဆီသွားတင်ပြတော့ ပုဒ်ထီး၊ ပုဒ်မ အပြောင်းအသစ်တွေနဲ့ အချုပ်ခံရတာ နည်းရော့လား။ ခုငတ်နေကြချိန် ဒီချုပ်က အလုံးအခဲလိုက် ထောက်ပံ့တယ်။ ဒီအစိုးရမှ မဲမပေးရင် ဘယ်သူ့ပေးရမှာလဲ ဖြစ်လာကြတယ်။ ဒီချုပ် ရုပ်ပြ သိပ်ကောင်းသွားတယ်။ ဒေါ်စု ပြောသမျှ လိုက်နာတဲ့အခြေ ရောက်သွားတယ်။

တခါ လက်တွေ့ကလာတဲ့ ဘဝပေးအသိအရ သေနင်္ဂဗျူဟာကိုလည်း ချထားမိလိုက်ကြတယ်။ စစ်အုပ်စုလက် အာဏာပြန်ပါသွားကြမှာ ကြောက်ကြတယ်။ မဲအကွဲခံလို့ မဖြစ်ဘူး။ အစိုးရဖွဲ့နိုင်တာကလည်း ဒီအုပ်စု ၂ ခုပဲ ရှိတယ်။ စစ်အုပ်စုကို အာဏာပြန်ကိုင်ခွင့် မပေးနိုင်ဆိုပြီး ဒီချုပ်ကို ပုံပေးလိုက်ကြတာ ဖြစ်တယ်။ ဒီအထဲမှာ စစ်အုပ်စုကို စက်ဆုပ်လွန်းလို့ ဒီချုပ်ကို မကျေလည်ကြသူတွေတောင် ပါကြတယ်။ ဒီဒဏ်ကို စစ်အုပ်စုနဲ့မိုက်ဖော်ဆိုးဖက်တွေသာမက ပါတီသစ်တွေပါ ရောယောင်ခံလိုက်ကြရတာဖြစ်တယ်။

နောက် အသက် ၆၀ ကျော်သက်ကြီးရွယ်အိုမဲဆန္ဒရှင်တွေ အဆင်ပြေအောင် မဲရုံသွားဖို့ အိမ်အရောက်ခေါ်ပေးတာ ပြန်ပို့တာ၊ မလာနိုင်သူတွေ မဲပေးနိုင်အောင် အိမ်အထိလိုက်လာပြီး မဲပေးစေတာတွေက လူထုကို ဘဝင်ကျသွားစေကာ ဒီချုပ်အနေနဲ့ လက်ကျန်မဲတွေ စစ်ထုတ်ယူသွားနိုင်ခဲ့ပြန်တယ်။ (အသက် ၆၀ ကျော်တွေကို အိမ်တွေမှာ မဲပေးခိုင်းတာဖြစ်)

လူထုရဲ့သဘောသဘာဝတခုက အမျိုးသားခေါင်းဆောင်လို့ သူတို့ယုံကြည်လက်ခံထားလိုက်ပြီဆိုရင် မှားမှားမှန်မှန် ထောက်ခံတတ်တဲ့အလေ့အထရှိတာ ဖြစ်တယ်။ (ဥပမာ ICJ ကိစ္စ ဖော်ပြခဲ့ကြတာကြည့်) ဒီအချက်က ဒီချုပ်ရွေးကောက်ပွဲနိုင်စေတဲ့ အကြောင်းတခု ဖြစ်တယ်။

အထက်ပါကိစ္စ မီဒီယာတွေကလိုက်တဲ့အခါ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူနဲ့ UEC တို့က လက်ရှောင်နေခဲ့တယ်။ ဒီချုပ်ပြောရေးဆိုခွင့် ရှိသူကတော့ ဘယ်အဖွဲ့အစည်းကမဆို ဥပဒေနဲ့အညီ ဆောင်ရွက်ရင်တော့ စိုးရိမ်စရာ မရှိပါဘူးလို့ မယုတ်မလွန်ဖြေတာ သတိထားမိတယ်။

—

ကာချုပ် လှုပ်ရှားလွန်းနေတယ်။ B plan အတွက်လား၊ သူ့ပုံရိပ်ကောင်းဖို့အတွက်လား။

ရွေးကောက်ပွဲရှုံးပြီးတဲ့နောက် သူတဆစ်ချိုး ပြောင်းလဲရပ်တည်လိုက်တာ တွေ့ခဲ့ကြရပြီ။ ကိုယ့်တံတွေးကိုယ်ပြန်မျိုရမယ့်အချိန် ရောက်ပြီ။ သူ့ပုံရိပ်က တပ်ထဲမှာရော လူထုတွင်းမှာပါ ထိုးကျနေပြီ။ ၂၀၂၀ မှာ ငြိမ်းချမ်းရေး အရယူပြမယ်ဆိုတဲ့ ဟန်ရေးပြမှုကလည်း ရှိထားတယ်။

ပထမဆုံး လူတသန်းကျော် မဲပေးခွင့်ဆုံးရှုံးထားတဲ့ ရခိုင်မှာ ရွေးကောက်ပွဲ ပြန်လုပ်ပေးသင့်ကြောင်း AA နဲ့ သဘောထားတူညီကြောင်း ဖော်ပြခဲ့တယ်။ ကျိုင်းတုံမှာ UWSA ကိုယ်စားလှယ်နဲ့ တွေ့ဆုံပြီး NCA တက်ဖို့ ထပ်ဖိတ်ခေါ်ခဲ့တယ်။ ခုနောက်ဆုံး ကချင်နှစ်ခြင်းအသင်း KBC ဥက္ကဋ္ဌနဲ့တွေ့ပြီး ကိုဗစ်ကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စတွေ ပြောခဲ့တယ်။ မြစ်ဆုံကိစ္စပြောတဲ့အခါမှာ မေခနဲ့မလိခဆုံတဲ့နေရာမှာ လုပ်တာကို လူထုကသဘောမတူဘူးလို့ KBC ဥက္ကဋ္ဌက ပြောတော့ ဒါကို သူ့အနေနဲ့ ငြင်းစရာမရှိဘူးလို့ ပြန်ပြောတယ်။

သူ့လှုပ်ရှားမှုတွေထဲမှာ ဒီချုပ်သဘောထားနဲ့ တထပ်တည်းကျတာတွေရှိသလို ခွဲရပ်ပြတာလည်း တွေ့ရတယ်။ AA နဲ့ သဘောတူတဲ့ကိစ္စမှာတော့ UEC ကို တရားခံလုပ်တယ်။ ဒါ့ကြောင့် UEC က လုံခြုံရေးကိစ္စကြောင့် ရခိုင်ရွေးကောက်ပွဲ မြို့နယ်တချို့ ချန်လှပ်ခဲ့တာဟာ အစိုးရရော တပ်ရဲ့သဘောထားပါ ယူလုပ်ခဲ့တာဖြစ်ကြောင်း ဖြေရှင်းရတယ်။

တပ်ချုပ်အနားယူမယူ ပြဿနာ၊ ဒုသမ္မတ လုပ်မလုပ်ကလည်း တိုင်းပြည်မှာ ပွဲဆူနေတဲ့ကိစ္စတရပ် ဖြစ်နေတယ်။ ဘယ်သူမှ အသေအချာ မပြောနိုင်။ သူ့တပ်ကတောင် မပြောနိုင်တဲ့ကိစ္စဆိုတော့ ငြင်းကြရုံပဲရှိတယ်။ ပြောနိုင်တာတခုက ရှေ့သွားတွေရှိခဲ့ပြီ။ ဥပဒေတွေ ပြောမနေနဲ့၊ 'ငါဘုရင် ဘယ်နပတ် ပတ်ပတ် – ပတ်လို့ရတယ်' ဆိုတာပါပဲ။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ရှေ့ရေးနဲ့ ဆိုင်နေလေတော့ မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ လိုပါတယ်။

(၄)

<u>နိုင်ငံ၏ လားရာ</u>

လက်ရှိအနေအထားအရ ပြည်သူကလွဲရင် နိုင်ငံရဲ့နိုင်ငံရေးသွင်ပြင်ကို ပြောင်းလဲပစ်နိုင်မယ့် အင်အားစုကြီး ၃ ခု ရှိတာ တွေ့နိုင်တယ်။ ဒီချုပ်၊ စစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်များ ဖြစ်တယ်။ အားပြိုင်မှုမှာ အသာစီးရဖို့ ဒီချုပ်နဲ့စစ်တပ်က တိုင်းရင်းသားတွေကို ဆွဲဆောင်နေတဲ့ကာလ ဖြစ်တယ်။ ဒီချုပ်က အမျိုးသားညီညွတ်ရေး အစိုးရပုံစံ ချပြပြီး စည်းရုံးတယ်။ စစ်တပ်က ဘာသာရေး၊ ငြိမ်းချမ်းရေး၊ စစ်ဘေးရှောင်အရေး၊ စစ်ရပ်ဆိုင်းထားရေး၊ မြစ်ဆုံကိစ္စ စတာတွေမှာ သူ့ရဲ့တင်းမာတဲ့ပေါ်လစီတွေကို ဖြေလျှော့ပြီး သူ့ပုံရိပ်ကောင်းအောင် တက်သုတ်နင်လုပ်လာတယ်။ တဖက်မှာ ရွေးကောက်ပွဲရလဒ်ကို တားနိုင်အောင် လုပ်နေပြန်တယ်။

<u>တိုင်းရင်းသားတွေရဲ့တည်ရှိမှုနဲ့လားရာ-</u>

လက်နက်ကိုင်ထားတဲ့အင်အားစုတွေက ပထမပိုင်းမှာ ခုအချိန် ဒူးနံ့ပြီးနေနိုင်တဲ့ UWSA- ဝကို အားကျကြတယ်။ နောက်ပိုင်းမှာ AA က အားကျစရာ ဖြစ်လာပြန်တယ်။ သူတို့ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်ပါ။ ဒါကို ဒီချုပ်နဲ့ စစ်တပ်ဘက်က မသိဘဲ မနေပါ။ သူတို့နှစ်ဖက် မျှခြေကိုက်နေတာက "ပြည်ထောင်စု မပြိုကွဲရေး- ဒို့အရေး" ပဲ။ ဒါကို ဇန်းတင်ကြပါလိမ့်မယ်။ ဒီကိစ္စအတွက် ဦးဆောင်မှုအခန်းကို နှစ်ဦးစလုံးကလိုချင်လို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်လာကြခြင်းပဲ ဖြစ်တယ်။

ဒီချုပ်တင်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရဆိုတာ ဓာတ်ပြားဟောင်းကြီး ဖုန်သုတ်ပြီးဖွင့်ပြတာပဲ ဖြစ်တယ်။ အဲဒါက "ဒီချုပ်ဆိုတာ တိုင်းရင်းသားတွေအားလုံးပါဝင်တဲ့အဖွဲ့ကြီးဖြစ်တယ်၊ ပြည်ထောင်စုပုံသဏ္ဍာန်ဆောင်တယ်။ တိုင်းရင်းသားတွေကို ထိပ်တန်းရာထူးတွေ ပေးထားတယ်မဟုတ်လား၊ (ဒီနေရာမှာတော့ စစ်တပ်ထက်သာတာ အမှန်ပဲ။) နောင်လည်း အလှည့်ကျပေးမယ့် ပေါ်လစီရှိတယ်ဆိုတဲ့ အဆိုပြုချက်"ပဲ ဖြစ်တယ်။ ဒီလောက်နဲ့တော့ တိုင်းရင်းသားတွေ ဘဝင်ကျလောက်စရာ မရှိ။ စိတ်ကူးယဉ်သူတချို့တော့ ရှိနိုင်တယ်။ ဖြစ်လာနိုင်စရာရှိတာက တိုင်းရင်းသားပါတီတွေထဲမှာ စိတ်ဝမ်းကွဲသူကွဲ တပါတီနဲ့တပါတီ အစေးမကပ်တာက မကပ်၊ စတာတွေ ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ နိုင်ငံရေးအသိရေချိန် မြင့်တက်လာကြပြီမို့ ဒါကို ကျော်လွှားနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိတယ်။

မိမိတို့အနေနဲ့ တိုင်းပြည်အနာဂတ် ကောင်းစေချင်ပါတယ်။ ဒါပေမဲ့ အခုထိတော့ စိတ်ချထား နိုင်တဲ့အခြေအနေမျိုး မတွေ့မိသေးပါ။

(၅)

နိဂုံး

နိဝင်ဘာလကုန်ပိုင်း မီဒီယာနဲ့ နိုင်ငံရေးလောကသားတွေ အာရုံထားလာကြတဲ့ကိစ္စတချို့နဲ့ ဖောင်ပိတ်လိုက်ချင်ပါတယ်။

တခုက 'လွတ်လပ်တဲ့ရွေးကောက်ပွဲဖြစ်မဖြစ် သိနိုင်ဖို့အတွက် ရွေးကောက်ပွဲမှာမဲပေးခဲ့တဲ့ မြို့နယ်ပေါင်း ၂၁၈ မြို့နယ်က တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ မဲပေးတဲ့ဖြစ်စဉ်တွေကို တပ်မတော်က ပြန်လည်စိစစ်နေတယ်' ဆိုတဲ့ တပ်ရဲ့ထုတ်ပြန်ချက်၊ နောက်တခုက ဒီကိစ္စနဲ့တပြေးညီ ကာချုပ်ရဲ့ခြေလှမ်းစိပ်စိပ်နဲ့လှုပ်ရှားမှုတွေကို အထက်မှာ တင်ပြခဲ့ပြီးပါပြီ။

စိစစ်နေတာလား အကွက်ဖော်နေတာလား –

ပွဲက ပြီးနေပြီ။ အပြီးမခံနိုင်တဲ့ စစ်အုပ်စုကြောင့် ပေါ်လာတဲ့ကိစ္စ ဖြစ်တယ်။ သူတို့မှာ A Plan – B Plan ဆိုတာ ရှိတယ်။ A နဲ့ အသုံးမတည့်ရင် B ပြောင်းသုံးတော့တာပဲ။ ပွဲပြီးနေပြီဆိုတာကို ဥပဒေကြောင်းအရပဲ ပြန်ကြည့်ပါမယ်။

(၁) တပ်က နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းတခုဖြစ်လို့ နိုင်ငံရေးနဲ့ကင်းရှင်းရမယ်ဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ ဘယ်နိုင်ငံရေးပါတီကို ရွေးကောက်ပွဲမှာ မဲပေးရမယ်ဆိုတာကို မိမိဘာသာ လွတ်လပ်စွာရွေးချယ်ခွင့်ရှိတယ်။ မဲပေးခြင်းဟာလည်း လျှို့ဝှက်မဲပေးစနစ် ဖြစ်ရမယ်။ ဒါကို ဖွဲ့စည်းပုံဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေတွေက အကာအကွယ်ပေးထားတယ်။ ဒီလို အကာအကွယ် မပေးထားရင်လည်း သူတို့ဥပဒေတွေက လူရယ်စရာ ဖြစ်မယ်။

(၂) အရင်တုန်းက တပ်တွင်းမဲရုံတွေပဲ ရှိခဲ့တယ်။ ဒီနှစ်မှ ဒီချုပ်ကတောင်းဆိုလို့ တပ်ပြင်ပမဲရုံဆိုတာ ဖြစ်လာတာ။ ဒါပေမဲ့ တပ်တွင်း ဝင်ရောက်စည်းရုံး မဲဆွယ်ခွင့် မရှိဘူး။ တိုက်ခိုက်ရေးတပ်တွေဆိုရင်လည်း ရှေ့တန်းထွက် အကြောင်းပြပြီး အတော်များများ ကြိုတင်မဲ ဖြစ်ကုန်တယ်။ အခုလာပေးသူတွေက (သိရသလောက်) တပ်မိသားစုတွေနဲ့ နောက်တန်းအင်အားလောက်ပဲ ရှိတယ်။ အခြေစိုက်တပ်နဲ့ တိုက်ခိုက်ရေးတပ် မဟုတ်တဲ့ လက်ရုံးတပ်ဖွဲ့တွေရှိတဲ့ မိတ္ထီလာ၊ မင်္ဂလာဒုံလို နေရာလောက်ပဲ တပ်ပြင်ပ မဲရုံတွေမှာ မဲပေးများတယ်။

(၃) အရင်တပ်တွင်းမဲရုံတွေမှာ မဲပေးရစဉ် သူတို့လုပ်တဲ့ပုံစံက တပ်ထဲမှာ "ကြံ့ဖွံ့ကိုပဲ မဲပေးရမယ်" လို့ အမိန့်သဘော တခါတည်း ထုတ်ထားတာ၊ တချို့တပ်တွေဆို ရှေ့တွင်ပဲ ဆန္ဒမဲလက်မှတ်မှာ တံဆိပ်တုံးထုခိုင်းတာ လုပ်တယ်။ တချို့ဆို (ဒါတွေက အရစ်ရှည်လို့) တပ်ရေးဗိုလ်ကြီးကပဲ သူတယောက်တည်း စုပြုံတံဆိပ်တုံးထုကာ မဲပုံးထဲထည့်လိုက်တာ ဖြစ်တယ်။ မဲထည့်သူတွေအနေနဲ့ကလည်း တပ်တွင်းမဲရုံရလဒ်ထွက်လာရင် အပြင်လူမပါတာမို့ ဘယ်သူဘယ်ပါတီ မဲပေးတယ်ဆိုတာ မသိရင်တောင် အတိုက်အခံကို မဲပေးတယ်ဆိုတာ သိနိုင်တာမို့ ကြံ့ဖွံ့ကလွဲလို့ မဲမပေးဝံ့ကြပါ။

(၄) ၁၉၉၀ တုန်းကလည်း ဒီတပ်တွင်းမဲရုံတွေမှာပဲ ဒီချုပ်က မနိုင်ဖူးတာပဲ။ ကိုကိုးကျွန်းတောင် နိုင်တယ်။ မင်္ဂလာဒုံလည်း နိုင်တယ်။ သူတို့ လွတ်လွတ်လပ်လပ်သာ ဆန္ဒပြခွင့်ရရင် တစည နဲ့ ကြံ့ဖွံ့ကို မဲပေးမှာ မဟုတ်ဘူး။

(၅) အခု ပြန်စိစစ်တယ်ဆိုလည်း ဘာမှလုပ်နိုင်လိမ့်မယ် မထင်ဘူး။ မဲမသမာမှု၊ မဲလိမ်မှုရှိတယ်ဆိုတာ သူတို့အခေါ်နဲ့ဆို 'တရားမဲ့ပြုကျင့်မှု ရှိခဲ့တယ်' ဆိုတာက သက်သေထင်ရှားပြနိုင်မှရမယ့်ကိစ္စ၊ ကြံ့ဖွံ့ကို မဲမပေးရုံနဲ့ တရားမဲ့ပြုကျင့်တယ် ပြောမရဘူး။ ကြိုတင်မဲတွေကလည်း ပါတီတွေရဲ့ ကိုယ်စားလှယ်တွေ ရှေ့မှာပဲ ရေတွက်တာ ဖြစ်တယ်။ ဒါတွေ အကုန်လုံးက စာရင်းနဲ့အင်းနဲ့ သက်ဆိုင်ရာပုံစံ စာရွက်တွေမှာ တရားဝင်ရေးသွင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြရတာ ဖြစ်တယ်။

(၆) အခု ပြောနေကြတဲ့ သေတဲ့သူက မဲလာပေးတာ၊ ၂ ခါပြန် မဲပေးတာဆိုတာတွေကလည်း အနည်းစုပဲ ဖြစ်ပါလိမ့်မယ်။ ဒါတွေက မဲစာရင်း မတိကျတာတွေကလာတာ၊ သန်းခေါင်စာရင်းကို အခြေမခံတဲ့ ရပ်ကွက်ထဲ တအိမ်တက်ဆင်း အမှန်တကယ်နေသူ စာရင်းကောက်လို့ ဖြစ်လာတာ၊ သူတို့လိုက်ကောက်တဲ့အချိန် လူမရှိရင် အဲဒီအိမ်က မပါတော့ဘူး။ သေတဲ့လူလည်း လဝက ရုံးမှာ မှတ်ပုံတင်ပြန်အပ်တာ၊ သန်းခေါင်စာရင်းမှာ စာရင်းဖျက်တာကို ကာယကံရှင်မိသားစုက လုပ်မထားရင် သူလည်း update ဖြစ်မှာ မဟုတ်ဘူး။ ဒီကိစ္စမှာတော့ ရွေးကော်နဲ့ လဝက မှာ အားနည်းချက်တွေ အများကြီးရှိတယ်။ ထွေအုပ်နဲ့ သိပ်မပတ်သက်ဘူး။

(၇) ဒီတော့ သူတို့ အခုလုပ်နေတာတွေကြည့်ရတာ စစ်အုပ်စုအနေနဲ့ ရသေ့စိတ်ဖြေ လုပ်နေပုံပဲ။ နောက်တော်ပါတွေက 'အရေးအကြောင်းရှိရင် တို့ခေါင်းဆောင်တွေက အားမကိုးရပါဘူး' ထင်သွားမှာလည်း အထင်ခံနိုင်ပုံမရဘူး။ ဒါပေမဲ့ ဘယ်လို အပြစ်ရှာလို့ရမလဲ။ ဘာမှဖြစ်လာမှာ မဟုတ်ပါ။ နောက်သိဖို့လိုတာက ရွေးကောက်ပွဲဥပဒေအရ ဖွင့်တဲ့အမှုအားလုံးဟာ ရွေးကော်က ဖွဲ့ပေးတဲ့ ရွေးကောက်ပွဲခုံရုံးကပဲ စစ်ရမှာ။ အယူခံတက်ရင်လည်း အဲဒီမှာပဲ တဆင့်မြင့်ရုံးကို တက်ရမှာ။ ရွေးကော် (UEC) က နောက်ဆုံး ချလိုက်တဲ့ဆုံးဖြတ်ချက်ဟာ အတည်ပဲ။ ဖိုင်နယ်ပဲ။ နောက်ထပ် ဘယ်မှာမှ ထပ်အယူခံတက်ခွင့်မရှိဘူး။ တရားလွှတ်တော်ချုပ်လည်း တက်ခွင့် မရှိဘူး။ ရာဇဝတ်အရ စွဲရင်လည်း ပိုခက်မယ်။ သက်သေခံဥပဒေအရ သက်သခံပြဖို့ရာ အထောက်အထားရဖို့ ခက်တယ်။

(၈) ဒါ့ကြောင့် အချုပ်ပြောရရင် စစ်တပ်က အခုလုပ်နေတာတွေဟာ ရွေးကောက်ပွဲရလဒ်ကို ပြောင်းသွားဖို့နေနေသာသာ မဲဆန္ဒနယ် တခုချင်းတောင် ရလဒ်ပြောင်းဖို့ခက်တယ်။

(နောက်ဆက်တွဲ)

စစ်တပ်ရဲ့ နိုဝင်ဘာ ၃၀ ထုတ်ပြန်ချက်မှာ (လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲအဖြစ် သံသယကင်းဖို့အတွက် မြို့နယ် ၂၁၈ မြို့နယ်က တပ်မတော်သားတွေနဲ့ တပ်မိသားစုတွေရဲ့ မဲပေးတဲ့ဖြစ်စဉ်တွေကို ပြန်စိစစ်နေတယ်။) လို့ဖော်ပြပြီး နောက်တခါ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေဆီက ကူးယူခွင့်တောင်းဆိုထားတယ်လို့ ဖော်ပြပြန်တယ်။ ဒီကိစ္စ UEC က မြို့နယ်ကော်မရှင်ခွဲတွေကို လှမ်းတားလိုက်တယ်။ ဒါပေမဲ့ ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး "လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယား

လက်ရှိဗမာ့မြေပေါ်နိုင်ငံရေးဟာ ဒါပါပဲ။ ကိုယ့်အင်အားကိုထုတ်သုံးဖို့ အကွက်ချောင်းနေတဲ့ နိုင်ငံရေး၊ ဆီလိုအပေါက်ရှာနေတဲ့ နိုင်ငံရေး၊ လူထုကို အခြေမခံရဲတဲ့နိုင်ငံရေး၊ ပေါ်ပြူလာနိုင်ငံရေး၊ ငွေရှိမှ အာဏာရှိမှ လမ်းပေါက်နိုင်တဲ့ နိုင်ငံရေးတွေဆိုတာ ဝမ်းနည်းစဖွယ် တွေ့နေရကြောင်းပါ။ ဗမာပြည်ရဲ့အခြေအနေဟာ အဲဒီရွေးကောက်ပွဲကြောင့် ပိုဆိုးလာတဲ့ ကိုဗစ်-၁၉ ရောဂါလိုပဲ ဇာတ်လမ်းက အခုမှ အစပဲရှိသေးတယ်။ ပြည်သူလူထုအနေနဲ့ ရင်စည်းပြီး ရင်ဆိုင်ဖို့ ပြင်ထားကြသင့်ပါတယ်။

၄- ၁၂- ၂၀၂၀

# မာတိကာ


ဗမာပြည် ငြိမ်းချမ်းရေးနီးပြီလား(၂)

...ဆိတ်ခေါင်းချိတ်ပြီး....(၅)

နာဂစ်နဲ့ ကိုဗစ်-၁၉(၈)

အချိန်ရောက်လို့သာ လုပ်ရတဲ့ ရွေးကောက်ပွဲ....(၁၁)

တက္ကသိုလ်ရာပြည့်ရောက်တော့မယ်(၁၃)

လူထုတိုက်ပွဲများကို ....(၂၀)

---ပြည်တွင်း ငြိမ်းချမ်းရေးရဖို့ ဝေးလွန်းပါတယ်(၂၃)

အလုပ်သမားတိုက်ပွဲတွေကို....(၂၅)

ဘယ်တော့မှ ဉဒါန်းမကျေပါဘူး(၂၈)

၁၉၅၈ မှာ....(၃၀)

ဖေဖေနဲ့ ရဲဘော်တင်ရီ(၃၅)

ယူဂျီနဲ့ ထောက်လှမ်းရေး(၄၀)

ဂျင်နီ့ဘဝ ရုပ်ပုံလွှာ(၄၃)

လင်ကွန်း၊ ကားလ်မာ့က်စ်နဲ့.....(၄၆)

၂၀၂၀ ရွေးကောက်ပွဲအပေါ် ကြည့်မြင်ခြင်း(၄၈)